# ကြေးမုံ

**The Mirror**

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ (10-6-2015) (၈၂၂၇)


## နိုင်ငံတော်သမ္မတဦးသိန်းစိန် ပေါ်တူဂီနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဇွန် ၁၀**

၂၀၁၅ ခုနှစ် ဇွန် ၁၀ ရက်တွင် ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတ ပါမောက္ခ အာနီဘယ်ကာဗာကို ဆီးလ်ဗာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဇွန် ၁၀ ရက်တွင် ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေါ်တူဂီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ပီဒရို ပက်ဆော့စ် ကိုရယ်လ်ဟိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# တိုင်းရင်းသားလူငယ်ပညာတတ်များ မွေးထုတ်ပေးနိုင်ရေး လေ့ကျင့်ပျိုးထောင်



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပအိုဝ်းအမျိုးသားအဖွဲ့ခေါင်းဆောင် ဦးအောင်ခမ်းထီနှင့်အဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ်။** *(သတင်း စာမျက်နှာ-၈)* (ပြန်/ဆက်)

## မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးကို ၂၀၁၆ တွင် ကန်ဒေါ်လာ တစ်ဘီလီယံထိ တိုးမြှင့်ရန်မျှော်မှန်း

**ရန်ကုန် ဇွန် ၉**

အင်ဒိုနီးရှားနိုင်ငံပိုင် သတ္တုတူးဖော်ရေးကုမ္ပဏီများ ဖြစ်သည့် Timah နှင့် Aneka Tambang နှင့် နီဂရာ အင်ဒိုနီးရှားဘဏ်(BNI)တို့သည် မြန်မာနိုင်ငံ၌ စီးပွားရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မည့်အစီအစဉ်များကို အပြီးသတ်ဆောင်ရွက်လျက်ရှိကြောင်း Jakarta Globe သတင်းစာက ရေးသားဖော်ပြသည်။

မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး အိုင်တို ဆူမာဒီက BNI က ယခုလတွင်ဖြစ်စေ၊ နောက်လတွင် ဖြစ်စေ မြန်မာနိုင်ငံ၌ ကိုယ်စားလှယ်ရုံးတစ်ရုံး ဖွင့်လှစ်သွားမည်ဟု ပြောကြားသည်။ သတ္တုတူးဖော်ရေးကုမ္ပဏီ Aneka Tambang မှ အတွင်းရေးမှူး ထရီဟာတိုနိုက ၎င်းတို့ကုမ္ပဏီသည် မြန်မာအစိုးရထံမှ သတ္တုစူးစမ်းရှာဖွေရေး ခွင့်ပြုချက်တစ်ရပ်ရရှိရန် စောင့်ဆိုင်းနေကြောင်း ပြောကြားသကဲ့သို့ ခဲမဖြူတူးဖော်ရေးကုမ္ပဏီ Timah မှ တာဝန်ရှိသူ အဂူအန်နူဂရိုဟိုက ၎င်းတို့သည် မြန်မာနိုင်ငံ၌ ပြည်တွင်းမှ ဒေသခံအစုစပ်လုပ်ငန်းတစ်ခုနှင့် လုပ်ငန်း ဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။

Timah ကုမ္ပဏီက မြန်မာနိုင်ငံ၌ သတ္တုအရည်ကျို စက်ရုံတစ်ရုံ တည်ဆောက်မည့် အစီအစဉ်ကို ရပ်ဆိုင်းခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် စက်ရုံတည်ဆောက်ရန် ယခင်က ပေးထားသည့်မြေနေရာမှာ ကောင်းမွန်ခြင်း မရှိကြောင်း၊ ထို့ကြောင့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ ရှိရင်းစွဲသတ္တုအရည်ကျိုစက်ရုံတစ်ရုံကို ဝယ်ယူသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ စီမံကိန်းသစ်များကြောင့် ၂၀၁၆ ခုနှစ်ရောက်ပါက နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးကို အမေရိကန်ဒေါ်လာ တစ်ဘီလီယံထိ တိုးမြှင့်မည်ဟု မျှော်မှန်းထားကြောင်း အိုင်တိုက ဖြည့်စွက်ပြောကြားသည်။ အဆိုပါကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့လာမှုမှာ အင်ဒိုနီးရှားနိုင်ငံ၏ အကြီးမားဆုံးသော လုပ်ငန်းစုများအနက် တစ်ခုဖြစ်သည့် လစ်ပိုအုပ်စုသည် ဇွန် ၆ ရက်က မြန်မာနိုင်ငံ၌ ယင်း၏ ပထမဆုံးသော ဆေးရုံဖွင့်လှစ်ပြီးနောက် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

**(သုတ)**




ကြေးမုံ စာတည်းရှေ့ထောင့် ၁၀-၆-၂၀၁၅ (ဗုဒ္ဓဟူးနေ့)

# ကြိုတင်ကာကွယ် မားစ်အန္တရာယ်

တောင်ကိုရီးယားနိုင်ငံတွင် မားစ်ရောဂါကြောင့် သေဆုံးသူ ငါးဦး ရှိသွားပြီး ရောဂါကူးစက်ခံရသူ ၈၇ ဦးအထိမြင့်တက်သွားကြောင်း မကြာသေးမီက သတင်းများအရ ကြားသိလိုက်ရပါသည်။ တောင်ကိုရီးယားနိုင်ငံ အနေဖြင့် တစ်နိုင်ငံလုံးသို့ ရောဂါပျံ့နှံ့မည်ကို စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

ရောဂါကူးစက်ခံရသူအချို့မှာ ရောဂါပိုးနှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ထိတွေ့မှုရှိခဲ့သောကြောင့် သီးသန့်ခွဲခြားထားသူ သံသယရှိသူ အုပ်စုအတွင်းမှ ပေါ်ထွက်လာခြင်းဖြစ်ပြီး ထိုအုပ်စုထဲတွင် မပါဝင်သည့် အခြားတစ်ဦးကို ထပ်မံတွေ့ရှိခဲ့သဖြင့် စိုးရိမ်ပူပန်မှု မြင့်တက်သွားခြင်းဖြစ်သည်။ ထိုသို့ဖြစ်ခဲ့ခြင်းသည် သိရှိမှုနောက်ကျခြင်းနှင့် လုံလောက်သောတုံ့ပြန်မှု၊ အသိပေးမှုအားနည်းခြင်းတို့ကြောင့်ဖြစ်သည်ဟု ဝေဖန်ခံခဲ့ရသည်။

ထိုရောဂါနှင့်ပတ်သက်၍ အရှေ့အာရှနိုင်ငံများအတွင်း နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအဖို့ ယင်းအခြေအနေများကို သတိပြုဆင်ခြင်ကာ ကြိုတင်အသိပေးမှုများ၊ ကာကွယ်တားဆီးမှုများ ပြုလာကြသည်။ ထိုရောဂါသည် အသက်သေဆုံးနိုင်သော ကူးစက်မြန်ရောဂါဖြစ်၍ ရောဂါဖြစ်ကြောင်း စတင်သိရှိသည်နှင့် ဖုံးကွယ်ထားခြင်းမပြုဘဲ ချက်ချင်းအသိပေးကာ လက်ဦးမှုရယူဆောင်ရွက်ခြင်းဖြင့် ရောဂါကူးစက်ခြင်းနှင့် ပြည်သူများ စိုးရိမ်ထိတ်လန့်ခြင်းတို့ကို လျှော့ပါးသက်သာစေပါသည်။

မားစ်ရောဂါစတင်တွေ့ရှိခဲ့ခြင်းမှာ အရှေ့အလယ်ပိုင်း ဆော်ဒီအာရေဗျမှ အခြားနိုင်ငံသို့ပြန်လာသည့် အမျိုးသားတစ်ဦး ၂၀၁၂ ခုနှစ်က ထိုရောဂါဖြင့် သေဆုံးခြင်းမှစတင်ခဲ့သည်။ ထို့နောက် ဆော်ဒီအာရေဗျတွင် ထိုရောဂါကြောင့် သေဆုံးသူ ၄၃ ဦးရှိခဲ့သည်။ ယခုတစ်ဖန် တောင်ကိုရီးယားနိုင်ငံတွင် စတင်ဖြစ်ပွားပြီး လူသေဆုံးမှုအထိ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုနိုင်ငံများသာမက ဂျော်ဒန်၊ အိုမန်၊ အီဂျစ်၊ လက်ဘနွန်၊ ကူဝိတ်၊ ကာတာ၊ ယူအေအီးနှင့် ယီမင်နိုင်ငံတို့တွင်လည်း ဖြစ်ခဲ့ဖူးသည်။

ယခု တရုတ်၊ အယ်လ်ဂျီးရီးယား၊ ဩစတြေးလျ၊ ဂျပန်၊ အီဂျစ်၊ ဂျာမနီ၊ ဂရိ၊ အီတလီ၊ ပြင်သစ်၊ မလေးရှား၊ နယ်သာလန်၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ တူနီးရှား၊ တူရကီ၊ အင်္ဂလန်၊ အမေရိကန်တို့နှင့်အတူ သတိပေးစောင့်ကြည့်ရမည့် နိုင်ငံများတွင် မြန်မာနိုင်ငံလည်းပါဝင်လာသည်။ ထို့ကြောင့် မဖြစ်ခင်က ကြိုတင်ကာကွယ်တားဆီးရမည်။ သတိနှင့်ပြုမူနေထိုင်ရမည်။

ထိုရောဂါသည် အသက်အရွယ် ကျား မ မရွေးဖြစ်ပွားနိုင်ပြီး ကိုယ်ခံအားစနစ်နည်းသော ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောင်ရောဂါ၊ ဆေးလိပ်စွဲသူများကူးစက်ခံရပါက ဆိုးရွားစွာခံစားနိုင်သည်။ ရောဂါဝင်ရောက်လျှင် အဖျားကြီးခြင်း၊ အပူချိန် ၁၀၆ ဒီဂရီဖာရင်ဟိုက်အထိရှိခြင်း၊ ချောင်းအဆက်မပြတ်ဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ သွေးဆိပ်တက်ခြင်းနှင့် ဝမ်းလျှောခြင်းတို့ ဖြစ်တတ်ပါသည်။

ယနေ့အချိန်အထိ ရောဂါကာကွယ်ဆေးနှင့် ကုသပျောက်ကင်းဆေး မပေါ်ပေါက်သေးပါ။ ရောဂါဖြစ်မှ ကုသခြင်းထက် ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ခြင်းက ပိုကောင်းပါသည်။ ရောဂါဖြစ်ပွားရာအရပ်သို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ရမည်။ ရောဂါဖြစ်ခဲ့သောလူနာနှင့် ဆက်သွယ်မှုကန့်သတ်ရန်လိုအပ်ပါသည် ။ တစ်ကိုယ်ရေကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုစိုက်ရပါမည်။

ထိုရောဂါသည် ဆားစ်ရောဂါနှင့်အတူတူပင်ဖြစ်သည်။ ရောဂါပိုးသည် လူ့ခန္ဓာကိုယ်ပြင်ပတွင် ၂၄ နာရီ အသက်ရှင်နိုင်ပြီး အေးသောနိုင်ငံများတွင် ယင်းအချိန်ထက် ပိုမိုရှင်သန်နိုင်သဖြင့် မြန်မာနိုင်ငံကဲ့သို့ ပူပြင်းသည့်နိုင်ငံအဖို့ စိုးရိမ်ဖွယ်မရှိဟု ဆိုချင်လည်းဆိုနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ကြိုတင်ကာကွယ်ခြင်း၊ အသိပေးနှိုးဆော်ထားခြင်းမှာ အကောင်းဆုံးဖြစ်သည်။

ထို့ကြောင့် နိုင်ငံခြားမှ ဝင်ထွက်သွားလာမှုရှိသူများ၊ အထူးသဖြင့် ရောဂါဖြစ်ပွားသည့်နိုင်ငံမှ ပြန်ရောက်လာသူများအား သင်္ဘောဆိပ်၊ လေဆိပ်၊ နယ်စပ်ကူးသန်းသွားလာသည့်ဂိတ်များတွင် ရောဂါ ရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။ ရောဂါတွေ့လျှင် ပြည်သူလူထုအား ချက်ချင်းအသိပေးခြင်းများ ပြုလုပ်ကာ ကာကွယ်မှုများ ဆောင်ရွက်သွားခြင်းဖြင့် ကြိုတင်ကာကွယ်သွားရမည်ဖြစ်ပါသည်။ ။

## မသန်စွမ်းသူများအတွက် ခြေတုများပေးအပ်ပွဲနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက်မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ

**ပုသိမ် ဇွန် ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တော်ခန်းမ၌ ဇွန် ၈ ရက်နံနက် ၉ နာရီတွင် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)နှင့် Latter – Day Saint Charities (LDSC) တို့ပူးပေါင်း၍ တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများအတွက် ခြေတုများပေးအပ်ပွဲနှင့် Handicap International တို့ ပူးပေါင်း၍ တိုင်းဒေသကြီးအတွင်းရှိ အကောင်အထည်ဖော်ရန် ရှိသော စီမံချက် မိတ်ဆက်ပွဲအခမ်းအနား ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)နှင့် အဖွဲ့အစည်းအသီးသီးမှ ပရောဂျက် မန်နေဂျာနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် မသန်စွမ်းသူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ ဆောင်ရွက်ချက်များကို ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားသည်။ ဆက်လက်၍ Latter – Day Saint Charities (LDSC)မှ စီမံကိန်းမန်နေဂျာ Mr. Tom Pett က အခမ်းအနားတွင် တန်းတူညီမျှမှုရှိခြင်းနှင့် ဂုဏ်သိက္ခာ ရှိခြင်းတို့ကို ပြောကြားပြီး Handicap International မှ Project Coordinator Mr. Caroline Guerin က ဖောင်ဒေးရှင်း မြန်မာနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

မသန်စွမ်းသူများ ခြေတုပေးအပ်ပွဲ အခမ်းအနားတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြို့မိမြို့ဖများက အလှူငွေများပေးအပ်ခဲ့ကြရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ ဝမ်းမြောက်စကား ပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မသန်စွမ်းသူများအား ခြေတုများ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

■



## ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်

**ရန်ကုန် ဇွန် ၉**

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်း ပဒဲ ရပ်ကွက် အနော်ရထာစက်မှုဇုန်လမ်းရှိ ကျွန်းကလေး ပရိယတ္တိစာသင်တိုက်၌ ဇွန် ၇ ရက်က ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျွန်းကလေး ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒက ဩဝါဒချီးမြှင့်ပြီး ဆရာကြီးဦးလှမျိုး (ဓမ္မရောင်ခြည် ဓမ္မဒါနဖောင်ဒေးရှင်း) နှင့် ရပ်မိရပ်ဖ၊ ဝတ်အသင်း၊ အလှူရှင်များက အားပေးစကားပြောကြား၍ သင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။

မြတ်ဗုဒ္ဓ၏ အဆုံးအမအတိုင်း ကလေးများကိုယ်ကျင့်တရားကောင်းမွန်စေသော အခြေခံကောင်းများရရှိနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သင်တန်းကြီးကြပ်သူ ဆရာမ ဒေါ်ဝင်းသီတာအေးက ပြောကြားခဲ့သည်။

အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နံနက် ၇ နာရီမှ နံနက် ၉ နာရီထိ ကျောင်းသား ကျောင်းသူ ၁၃၀ ကျော်ဖြင့် စာမေးပွဲစစ်ဆေးခြင်းမရှိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ထက်(တံတားဖြူ)**

စာအုပ်စာပေ လူ့မိတ်ဆွေ

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၉**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၅၁၀၀၀ | - | ၇၅၃၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၅၁၀၀၀ | - | ၇၅၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၃၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၀၅.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၂၄၆.၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၇၈.၀၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၂.၇၅၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၄.၃၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇.၂၆၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၈၈၆.၁၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၈.၈၁၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၄၈.၆၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၁၅.၇၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

### အမည်မှန်

မိုးကုတ်မြို့၊ အုန်းကိုင်းရပ်နေ (အဖ) ဦးထွန်းမြင့်၏သား မိုးကုတ်မြို့၊ အထက(၁) နဝမတန်း(F)တွင် ပညာသင်ကြားနေသော မောင်ဗိုလ်ဗိုလ်ထွန်း၏ အမည်မှန်မှာ မောင်စောဘိုဘိုထွန်းဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

စစ်တွေမြို့၊ အထက(၂)၊ ဒသမတန်း(က)မှ မမြတ်နိုးဝေ၏ မိခင်အမည်မှန်မှာ ဒေါ်ပေါ်ချို[၉/အမဇ(ပြ)၀၀၀၆၁၀] ဖြစ်ပါသည်။

### ဖခင်အမည်မှန်

သန်လျင်မြို့နယ်၊ အထက(၁)၊ ဒသမတန်း(E)မှ မမိုးမိုးသူ၏ ဖခင်အမည်မှန်မှာ ဦးကိုကိုနိုင် ဖြစ်ပါသည်။

ဦးကိုကိုနိုင်

ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယို၊ မုန့်ဖုတ်သင်တန်း
ဂျယ်လီ၊ ငါးမုန့်၊ ဆော့စ်၊ ဆပ်ပြာသင်တန်းနှင့် အအေးကုန်ကြမ်းဆိုင်
EAC
Dimsum
76, ... 0973071901
... 02-31505 09 421745522, 01-215072

HTOO Car Rental
PH: 0973053123, 09799990823

## တေဇ(၁၇) မိသားစုဝင်များမှ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဗိုလ်မှူးကျော်သူရ (ငြိမ်း)-ဒေါ်ခင်မအေးတို့၏သား မောင်မင်းသုခ(ဆကရ-၄၆)သည် (၅)ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဗိုလ်မှူးကြီးကျော်ကျော်ထွန်း(စစ်ဦးစီးတက္ကသိုလ်၊ ကလော)-ဒေါ်အေးအေးမော်တို့၏သား မောင်ဟိန်းရာဇာထွန်း(ဆမဥ-၁၅၅)သည် (၄)ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဦးဇော်မျိုး(ဒုတိယအမြဲတမ်းအတွင်းဝန်၊ သမဝါယမဝန်ကြီးဌာန)-ဗိုလ်ကြီးဒေါ်ကြွေဝတ်မှုံ(ငြိမ်း)တို့၏သား မောင်ကောင်းဇော် (နဥန-၆၈)သည် (၃)ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဦးသန်းထွဋ်ဦး (ဒုတိယ ညွှန်ကြားရေးမှူး၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ပြင်ဦးလွင်)-ဒေါ်သန်းသန်းဦးတို့၏ သမီး မနှင်းမြတ်နိုးဦး(ဆသက-၆၇၉)သည် (၃)ဘာသာဂုဏ်ထူးဖြင့် လည်းကောင်း၊ ဦးထွန်းထွန်းဝင်း (ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်စိုးစိုးအိတို့၏သားဖြစ်သူ မောင်ရဲမာန်ထွန်း(ဆကရ-၂၀၅၃)သည် (၂)ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဗိုလ်မှူးစိုးပိုင်မြင့်(ငြိမ်း)-ဒေါ်ဥမ္မာစောတို့၏ သမီးဖြစ်သူ မထက်ဝေစိုး(ဆစခ-၆၀)သည် (၁)ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဦးမြင့်မောင်ထွန်း(Operation Manager, Autovox Myanmar)-ဒေါက်တာခင်ခင်ထား (ကလေးအထူးကုဆရာဝန်ကြီး၊ သဃ်န်းကျွန်းစံပြဆေးရုံ)တို့၏ သားဖြစ်သူ မောင်မင်းခန့်မြင့်မောင်(ဆသက-၈၂၃)သည် (၁)ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း အောင်မြင်ကြသည့်အပြင် တေဇ(၁၇) မိသားစုဝင်များမှ သားသမီး စုစုပေါင်း(၅)ဦးသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် နှစ်ချင်းပေါက် အောင်မြင်မှုများ အသီးသီးရရှိသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုး အောင်မြင်မှုများ ဆွတ်ခူးနိုင်ပါရန် ဆန္ဒပြုအပ်ပါသည်။

**တေဇ(၁၇) မိသားစု**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V TRANS FUTURE-1 V.229 သင်္ဘောသည် ၁၀-၆-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-
ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် / နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

**သင်ရရှိသည့်အခွင့်အရေးကို လက်လွှတ်မခံပါနှင့် မဲပေးနိုင်ရန် မဲစာရင်းကြေညာသည့်အခါ သွားရောက်ကြည့်ရှုပါ။**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပေါ်တူဂီနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၀

၂၀၁၅ ခုနှစ် ဇွန် ၁၀ ရက်တွင် ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပေါ်တူဂီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရူအီ မက်ခယ်လ်တီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၁၆/၂၀၁၅)
၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၉ ရက်)

**အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် ဝင်းရပ်(၁)အကွက် စည်ပင်နောက်လမ်းတွင် ပါတီရုံးချုပ်တည်ရှိသော **အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ**အား ၂၀၁၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ(၈၆) ဖြစ်ပါသည်။

**အမိန့်အရ**

**တင်ထွန်း**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် သတင်းအတတ်ပညာဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်းရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် သတင်းအတတ်ပညာဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး သတင်းမီဒီယာနှင့်ပတ်သက်၍ ဆွေးနွေးသည်။

သတင်း - ရီရီမြင့်၊ ဥမ္မာသန့်
ဓာတ်ပုံ - ဇော်မင်းလတ်



**မခင်ဝတီဦး**
**(စတုတ္ထနှစ်ကျောင်းသူ)**



**မောင်လွှမ်းဆိုင်းအောင်**
**(တတိယနှစ်ကျောင်းသား)**



**မရွှေလမင်းအိမ်**
**(စတုတ္ထနှစ်ကျောင်းသူ)**



**မခိုင်ဝတ်ရည်ထက်**
**(စတုတ္ထနှစ်ကျောင်းသူ)**

ဆွေးနွေးပွဲသို့ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်တင်တင်ထွေး၊ သတင်းအတတ်ပညာဌာန ပါမောက္ခတာဝန်ခံဌာနမှူး ဒေါက်တာ မာဂရက်ဝေါင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြင်ပသတင်းအတတ်ပညာရှင်များ၊ ကထိက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ပြန်ကြားရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၊ သတင်းအချက်အလက်ရယူခြင်း၊ ကျင့်ဝတ်လိုက်နာခြင်းများနှင့် ပတ်သက်ပြီး ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ လူမှုမီဒီယာ ကွန်ရက်များ၏ စာနယ်ဇင်းလုပ်ငန်းအပေါ် အကျိုးသက်ရောက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားခဲ့သည်။

ဆွေးနွေးပွဲအပြီးတွင် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် သတင်းအတတ်ပညာ ကျောင်းသား ကျောင်းသူများအား သတင်းမီဒီယာဆွေးနွေးပွဲနှင့်ပတ်သက်ပြီး သတင်းအဖွဲ့က မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

**မခင်ဝတီဦး**
**(စတုတ္ထနှစ်ကျောင်းသူ)**

ပြန်ကြားရေးဝန်ကြီး တစ်ယောက်အနေနဲ့လာပြီး ဆွေးနွေးတာ ပထမဆုံးအကြိမ်ပါ။ အတိုင်းမသိဝမ်းသာပါတယ်။ ဆရာမတွေက စာတွေ့၊ လက်တွေ့အပိုင်းမှာ အတတ်နိုင်ဆုံး သင်ကြားပေးပါတယ်။ ခုလို တိုက်ရိုက်တွေ့ဆုံဆွေးနွေးခွင့်ရပြီး အမေး၊ အဖြေလုပ်ခွင့်ရတော့ ဗဟုသုတ အတွေ့အကြုံတွေ အများကြီးရပါတယ်။ အရင်က ကိုယ်သိချင်တဲ့အရာတွေကို သိရတယ်။ ကျောင်းကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ကူညီထောက်ပံ့ပေးမယ် သိရတော့ နောက်ပိုင်း ကလေးတွေအတွက် အများကြီး ကောင်းလာနိုင်ပါတယ်။ ဂျာနယ်လစ်ဇင် ဖွံ့ဖြိုးသွားဖို့အများကြီး ရှိလာနိုင်ပါတယ်။ မီဒီယာလုပ်ငန်းက စိတ်ဝင်စားဖို့ကောင်းပါတယ်။ မီဒီယာလုပ်ငန်းဖွံ့ဖြိုးလာဖို့ရှိတဲ့အလျောက် ဂျာနယ်လစ်ဇင်လုပ်ငန်းကို နားလည်တဲ့သူတွေ ပိုပြီးများလာရင် ပိုကောင်းလာမယ်လို့ မြင်ပါတယ်။ အဘက်ဘက်ကလည်း ဝိုင်းဝန်းပံ့ပိုးကူညီသင့်တယ်လို့ ထင်ပါတယ်။

**မောင်လွှမ်းဆိုင်းအောင်**
**(တတိယနှစ်ကျောင်းသား)**

ဒီနေ့ ပြည်ထောင်စုဝန်ကြီး တွေ့ဆုံပြီး ပြောသွားတာ အားရပါတယ်။ ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင် ကျောင်းကိုလာရောက်ခဲ့တာ အရင်က ဘယ်ဝန်ကြီးမှ ကျောင်းကို မလာခဲ့ဖူးပါဘူး။ ဒီနေ့လာတာ ပထမဦးဆုံးဖြစ်ပါတယ်။ အဓိက အနေနဲ့ ဝန်ကြီးက ကျွန်တော်တို့ မေဂျာအတွက် ဘာတွေလုပ်ဆောင်ပေးမယ်။ မီဒီယာအပေါ် ဘယ်လို အမြင်ရှိလဲဆိုတာကို ဝန်ကြီးရဲ့ အသေးစိတ်အမြင်ကို ကြားသိခဲ့ရပါတယ်။ အလွန်ကောင်းမွန်ပါတယ်။ ကျောင်းက ဂျာနယ်လစ်ဇင်ကောင်းတစ်ယောက်ဖြစ်ဖို့ သင်ကြားပေးပါတယ်။ တကယ့်ကို တက်ကြွတဲ့ဂျာနယ်လစ်တစ်ယောက်ဖြစ်ဖို့ စာနယ်ဇင်းကျင့်ဝတ်ကိုလည်း အဓိက သင်ကြားပေးပါတယ်။ ကျောင်းက ကျင့်ဝတ်ပိုင်းရော၊ မေဂျာပိုင်းရော အဓိက ကျွမ်းကျင်တဲ့ ကျောင်းသားတွေဖြစ်အောင် မွေးထုတ်ပေးနေတာပါ။

**မရွှေလမင်းအိမ်**
**(စတုတ္ထနှစ်ကျောင်းသူ)**

သမီးတို့ အရင်တုန်းက မီဒီယာနဲ့ပတ်သက်ပြီး သိပ်မရှင်းဘူး။ ဒီကျောင်းဖွင့်တဲ့ ရည်ရွယ်ချက်ကို ဝန်ကြီးက ရှင်းပြသွားတဲ့အတွက် အတော် နားလည်သဘောပေါက်လာတယ်။ ကိုယ်ဘယ်လမ်းသွားရမလဲ၊ ဂိုက်လိုင်းတွေ ချပြပေးတဲ့အတွက် ရှင်းသွားတယ်။ ဝန်ကြီးက အခုလို ပွင့်ပွင့်လင်းလင်းနဲ့ မီဒီယာလုပ်ဆောင်ချက်တွေ၊ ကျင့်ဝတ်တွေကို ရှင်းပြပြီး ကိုယ်သိချင်တဲ့ မေးခွန်းတွေကို ပွင့်ပွင့်လင်းလင်းမေးနိုင်တဲ့အတွက် အများကြီးအဖြေတွေရခဲ့ပါတယ်။ သမီးတို့ ကျောင်းသား ကျောင်းသူတွေ အမြင်မရှင်းတဲ့အချက်တွေ အမြင်ရှင်းသွားပါတယ်။ အင်တာဗျူးတွေလုပ်ရင်ကြောက်တယ်။ အဲဒါကို ဝန်ကြီးက စိတ်ကိုတည်တည်ငြိမ်ငြိမ်ရှိဖို့ သင်ကြားပေးတဲ့အတွက် ကျေးဇူးတင်တယ်။ အခုက ကတော့ပုံနှိပ်ပိုင်းတင်မကဘူး။ အနာဂတ် ဆိုရှယ်မီဒီယာပိုင်းကိုပါ သင်ပေးတဲ့အတွက် အနာဂတ်အတွက် ကောင်းပါတယ်။ သိချင်တာတွေ သိခွင့်ရပါတယ်။ စာနယ်ဇင်းကျင့်ဝတ်တွေလည်း သိရပါတယ်။

**မခိုင်ဝတ်ရည်ထက်**
**(စတုတ္ထနှစ်ကျောင်းသူ)**

ပြန်ကြားရေးဝန်ကြီးက ခုလိုလာပြီး ဆွေးနွေးပေးတာ အလွန်ပဲဝမ်းသာပါတယ်။ သတင်းအတတ်ပညာနဲ့ပတ်သက်ပြီး နားမလည်တာတွေ ရှင်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အပြင် လက်တွေ့နယ်ပယ်ကို ရောက်ဖို့ဆိုတာ နည်းနည်းအခက်အခဲရှိနေသေးတယ်။ ဒီအခက်အခဲတွေကို ဝန်ကြီးတစ်ယောက်အနေနဲ့လာပြီး ရှင်းပြအားပေးတဲ့အတွက် အားရဝမ်းသာမိပါတယ်။ သင်ကြားရတာ ပုံနှိပ်မီဒီယာနဲ့အသံလွှင့်မီဒီယာ သင်ရပြီး နောက်ဆုံးနှစ်မှာ အသံလွှင့်ပိုင်းနဲ့ အွန်လိုင်းကို သင်ယူရပါတယ်။ နောက်ပိုင်း ယူနက်စကိုနဲ့ ချိတ်ဆက်ပြီး ပြည်ပနိုင်ငံခြားသားပညာရှင်တွေကလည်း လာရောက်သင်ကြားပို့ချပေးတဲ့အတွက် ပိုပြီးတိုးတက်လာပါတယ်။ ဒီကျောင်းမှာ သတင်းစာတွေကို အုပ်စုခွဲပြီး ကိုယ်တိုင်လုပ်ရတယ်။ လက်တွေ့ပိုင်းအနေနဲ့ အပြင်မှာ သတင်းလိုက်ယူရတယ်။ Professional အပိုင်းဝင်သွားတဲ့အခါ အများကြီး အထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။

# တစ်ပတ်အတွင်း စံချိန်တင် မြင့်တက်လာသည့် မြန်မာ့ရွှေဈေး

**ရန်ကုန် ဇွန် ၉**

မြန်မာငွေကျပ် ခုနစ်သိန်းနှစ်သောင်းကျော်ဖြင့် ရက်သတ္တတစ်ပတ်ကြာ ရပ်တည်ခဲ့သည့် မြန်မာ့ရွှေဈေးကွက်သည် ယနေ့တွင် တစ်ပတ်အတွင်း အမြင့်ဆုံးဈေးနှုန်းအဖြစ် ခုနစ်သိန်းငါးသောင်းအထိ စံချိန်တင်မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း ရွှေဈေးကွက်အတွင်းမှ သိရသည်။

ဒေါ်လာဈေးမြင့်တက်လျက်ရှိနေခြင်းသည် မြန်မာ့ရွှေဈေးကို ဆက်လက်မြင့်တက်စေသည့်အကြောင်းရင်းများအနက် တစ်ခုဖြစ်ကြောင်း ရွှေလုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

"ရွှေဈေးအတက်အကျက ဒေါ်လာဈေးနှုန်းအတက်အကျအပေါ် မူတည်ပါတယ်။ ပြီးခဲ့တဲ့နှစ်ပတ်သုံးပတ်အတွင်းက တောက်လျှောက်တက်လာခဲ့တာ။ အခုလက်ရှိမှာတော့ဈေးကွက်ရဲ့ ရောင်းလိုအားထက် ပြန်လာရောင်းကြတာများပါတယ်"ဟု အောင်သမာဓိရွှေဆိုင်မှ ဦးမော်က ပြောသည်။

လက်ရှိတွင် ကမ္ဘာ့ရွှေဈေးသည် အကျဘက်သို့ဦးတည်နေသော်လည်း မြန်မာ့ငွေလဲနှုန်းမြင့်မားနေမှုကြောင့် ရွှေဈေးမြင့်တက်နေရခြင်းဖြစ်ကြောင်း ၎င်းက သုံးသပ်ပြောကြားခဲ့သည်။

မြန်မာ့ရွှေဈေးသည် ဇွန် ၈ ရက်တွင် ခုနစ်သိန်းသုံးသောင်းကျော်ရှိခဲ့ပြီး ယနေ့တွင် ခုနစ်သိန်းငါးသောင်းကျော်အထိ အမြင့်ဆုံးဈေးနှုန်းဖြစ်လာခဲ့ခြင်းဖြစ်သည်။ **(ဖြိုးစန္ဒာမြင့်)**

# ကမ္ဘာ့လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ဂျီ-၇ ထိပ်သီးခေါင်းဆောင်များ ဆွေးနွေး



**ကရွန်း ဇွန် ၉**

ကမ္ဘာ့လုံခြုံရေးကို ထိပါးနှောင့်ယှက်နေသော ခြိမ်းခြောက်မှုများနှင့်ပတ်သက်၍ ဂျာမနီနိုင်ငံ၌ ကျင်းပသည့် ဂျီ-၇ ထိပ်သီးဆွေးနွေးပွဲတွင် ကမ္ဘာ့ခေါင်းဆောင်များ ဆွေးနွေးခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘာသာရေးအစွန်းရောက် စစ်သွေးကြွအဖွဲ့များ၏ လှုပ်ရှားမှုများမှသည် ယူကရိန်းပဋိပက္ခအထိ နိုင်ငံတကာ လုံခြုံရေးဆိုင်ရာပြဿနာများကို စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ ပါဝင်သော ဂျီ-၇ အုပ်စု ခေါင်းဆောင်များက ဆွေးနွေးခဲ့ကြသည်။

ဂျီ-၇ ထိပ်သီးဆွေးနွေးပွဲသို့ ရုရှားသမ္မတ ဗလာဒီမာပူတင်ကို ဖိတ်ခေါ်ခဲ့ခြင်းမရှိပေ။ သို့ရာတွင် ဂျီ-၇ အုပ်စုတွင် မပါဝင်သော အီရတ်ဝန်ကြီးချုပ်နှင့် နိုင်ဂျီးရီးယားသမ္မတတို့ကို ထိပ်သီးဆွေးနွေးပွဲတက်ရောက်ရန် ဖိတ်ခေါ်ခဲ့သည်။ အဆိုပါနှစ်နိုင်ငံစလုံးသည် အစွန်းရောက် စစ်သွေးကြွလှုပ်ရှားမှုပြဿနာများကို ရင်ဆိုင်နေကြရသော နိုင်ငံများဖြစ်သည်။

အီရတ်နိုင်ငံ၌ လွန်ခဲ့သည့် တစ်နှစ်မှစ၍ အစ္စလာမ္မစ်နိုင်ငံတော်(အိုင်အက်စ်) စစ်သွေးကြွအဖွဲ့က ထိုးစစ်များ ဆင်နွှဲကာ နယ်မြေများကို သိမ်းပိုက်လာခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံ၌ ဘိုကိုဟာရမ် စစ်သွေးကြွအဖွဲ့များက အကြမ်းဖက်မှုများကို ပြုလုပ်လျက်ရှိရာ ၂၀၀၉ ခုနှစ်နောက်ပိုင်း လူပေါင်း ၁၅၀၀၀ ခန့် သေဆုံးခဲ့ရပြီဖြစ်သည်။

**ရိုက်တာ။**

# ဆီးရီးယားလေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၄၉ ဦးသေဆုံး

**ဒမတ်စကတ် ဇွန် ၉**

ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် ဆီးရီးယားအစိုးရလေကြောင်း တိုက်ခိုက်မှုတစ်ခုကြောင့် အရပ်သား ၄၉ ဦးသေဆုံးသွားခဲ့ကြောင်း ဆီးရီးယား အရေးလှုပ်ရှားသူတစ်ဦးက ပြောကြားသည်။

အဆိုပါလေကြောင်းတိုက်ခိုက်မှုသည် အစိုးရဆန့်ကျင်ရေးတပ်ဖွဲ့များ ထိန်းချုပ်ထားသည့် မြို့တွင်းလူနေရပ်ကွက်တစ်ခုကို တနင်္လာနေ့က ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး သေဆုံးသူများတွင် ကလေးခြောက်ဦး ပါဝင်သည်ဟု ဗြိတိန်နိုင်ငံအခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

အိုင်းလစ်ဘ်မြို့အနီးရှိ တိုက်ခိုက်ခံရသည့် လူနေရပ်ကွက်သည် အနီးပတ်ဝန်းကျင်နေရာဒေသများတွင် တိုက်ခိုက်မှုများကြောင့် အိုးမဲ့အိမ်မဲ့များ စုဝေးရာနေရာတစ်ခုဖြစ်ကြောင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွှယ်မှုရှိသော နူဆာရာဖရန့်အဖွဲ့နှင့် အခြားအဖွဲ့များက အိုင်းလစ်ဘ်မြို့အနီးဝန်းကျင်နေရာအတော်များများကို ထိန်းချုပ်ထားကြပြီး အစိုးရတပ်များက လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။

အစ္စလာမ္မစ်နိုင်ငံထူထောင်ရေး( အိုင်အက်စ်) စစ်သွေးကြွများက အစိုးရတပ်များ ထိန်းချုပ်ထားသည့် မြို့တော်ဒမတ်စကတ်နှင့် ပလာမိုင်ရာမြို့ဝန်းကျင်ဒေသများကို တိုက်ခိုက်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**



# ကိယက်ဗ်မြို့အနီးရှိ လောင်စာဆီသိုလှောင်ရုံ မီးလောင်ပေါက်ကွဲ

**ကိယက်ဗ် ဇွန် ၉**

ယူကရိန်းနိုင်ငံမြို့တော် ကိယက်ဗ်မြို့ပြင်ရှိ လောင်စာဆီသိုလှောင်ရုံတစ်ရုံ၌ ဇွန် ၉ ရက်က ကြီးမားသော မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရာ မီးသတ်သမားအချို့ သေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသည့် အခြားမီးသတ်သမားခြောက်ဦးအား ဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း ယူကရိန်း ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

မီးသတ်သမားခြောက်ဦးမှာ မီးလောင်ဒဏ်ရာများ ရရှိခဲ့ခြင်းကြောင့် ဆေးရုံသို့တင်ပို့ခဲ့ရပြီး ကယ်ဆယ်ရေးလုပ်သားများက အဆက်အသွယ်ပြတ်တောက်နေသည့် အခြားမီးသတ်သမားခြောက်ဦးအား ရှာဖွေလျက်ရှိကြောင်း ယူကရိန်း ပြည်ထဲရေးဝန်ကြီးက ၎င်း၏ အင်တာနက်တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြသည်။

**ဆင်ဟွာ။**

# ဩစတြေးလျပြတိုက်တစ်ခုမှ ဒေါ်လာ ၁၂၃၀၀ တန်ဖိုးရှိ ဥက္ကာခဲ ခိုးယူခံရ

**ဆစ်ဒနီ ဇွန် ၉**

အမေရိကန်ဒေါ်လာ ၁၂၃၀၀ တန်ဖိုးရှိသည့် ဥက္ကာခဲတစ်ခု ဩစတြေးလျပြတိုက်တစ်ခုမှ ခိုးယူခြင်းခံခဲ့ရပြီး အဆိုပါဥက္ကာခဲအား ထုခွဲ၍ မှောင်ခိုဈေးကွက်အတွင်း ရောင်းချမည်ကို နက္ခတ္တဗေဒပညာကျွမ်းကျင်သူတစ်ဦးက စိုးရိမ်လျက်ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

သူခိုးများက ဇွန် ၈ ရက် အစောပိုင်းတွင် ကွင်းစလန်းပြည်နယ် ကိန်းစ်မြို့တော်အနီး အက်သာတန်ပြတိုက်ရှိ တံခါးပေါက်များကိုရိုက်ချိုးကာ ၁၁ ကီလိုဂရမ်ရှိပြီး ဘောလုံးတစ်လုံးအရွယ်အစားရှိသော ဥက္ကာခဲကို ခိုးယူသွားခြင်းဖြစ်သည်။ ဩစတြေးလျသိပ္ပံမဂ္ဂဇင်းမှ ဒေးဗစ်ရန်နီကီက ပစ္စည်းစုဆောင်းသူများက အာကာသသမိုင်းတွင် ယင်းသို့သော အပိုင်းအစတစ်ခုအတွက် ဒေါ်လာထောင်ပေါင်းများစွာပေးချေရန် စိတ်ဝင်စားလျက်ရှိသောကြောင့် ယင်းဥက္ကာခဲကို အလျင်အမြန်ပြန်လည်တွေ့ရှိနိုင်မည်ဟု ပြောကြားသည်။

“ဒီလိုပစ္စည်းတွေက ဓာတ်သတ္တုအနေနဲ့သာမက တန်ဖိုးလည်း ကြီးမားပါတယ်။ အများအားဖြင့် နှစ်ပေါင်း ၄ ဒသမ ၅ နဲ့ ၅ ဘီလီယံကြား သက်တမ်းရှိနေပြီး အင်္ဂါဂြိုဟ်နဲ့ ဂျူပီတာဂြိုဟ်ကြား နေရာတစ်နေရာက တွေ့ရှိခဲ့တာပါ။ ကမ္ဘာမြေလို ဂြိုဟ်တစ်ခုရဲ့ အသစ်အတိုင်းရှိနေတဲ့ အစိတ်အပိုင်းတစ်ရပ်ကို သွားချင်ခဲ့တယ်ဆိုရင် ဥက္ကာခဲတွေရှိတဲ့နေရာကို သွားရမှာပါ”ဟု ၎င်းက အေပီသတင်းဌာနသို့ ပြောကြားသည်။ ဩစတြေးလျရဲတပ်ဖွဲ့က ပြတိုက်သို့ ဥက္ကာခဲပြန်လည်ပေးအပ်ရန် ပြည်သူလူထုထံ အကူအညီတောင်းခံထားသည်။

**ဆင်ဟွာ။**



# အက်စ်အမ်-၃ အမျိုးအစား ဒုံးလက်နက် အမေရိကန်နှင့် ဂျပန် အောင်မြင်စွာ စမ်းသပ်

**ဝါရှင်တန် ဇွန် ၉**

အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့က ပူးတွဲသုတေသနပြုထုတ်လုပ်ခဲ့သော အက်စ်အမ်-၃ အမျိုးအစား ဒုံးလက်နက်ကို အောင်မြင်စွာ ပစ်ခတ်စမ်းသပ်ခဲ့ကြောင်း အဆိုပါနှစ်နိုင်ငံက ထုတ်ပြန်ကြေညာသည်။

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယား ကမ်းလွန်ဒေသရှိ ပွိုင့်မူဂူပင်လယ်ပြင် လက်နက်စမ်းသပ်ရေးကွင်း၌ ဇွန် ၆ ရက်က အဆိုပါ ဒုံးလက်နက်ကို ပစ်ခတ်စမ်းသပ်ခဲ့ရာတွင် အောင်မြင်မှုရရှိကြောင်း အမေရိကန် ဒုံးလက်နက်ကာကွယ်ရေးအေဂျင်စီ ပြောရေးဆိုခွင့်ရှိသူ ရစ်လီနာက ပြောကြားသည်။

အက်စ်အမ်-၃ ဒုံးလက်နက်ကို ရေးသီယွန်ကုမ္ပဏီ၌ ထုတ်လုပ်ခဲ့သည်။ ဒုံးလက်နက်သစ်ဖော်ထုတ်ရေးအစီအစဉ်အတွက် အမေရိကန်က ဒေါ်လာ နှစ်ဘီလီယံကျော်နှင့် ဂျပန်နိုင်ငံက ဒေါ်လာ တစ်ဘီလီယံခန့် ထည့်ဝင်ခဲ့သည်။

အမေရိကန်နှင့် ဂျပန်နိုင်ငံတို့အနေဖြင့် အမျိုးသားလုံခြုံရေး စွမ်းပကားမြှင့်တင်နိုင်ရန် လက်နက်စနစ်သစ်များကို တီထွင်ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# ဘွဲ့လက်မှတ်အတုနှင့်ပတ်သက်၍ နယူးဒေလီ ဥပဒေရေးရာဝန်ကြီးကို ဖမ်းဆီး

**နယူးဒေလီ ဇွန် ၉**

အိန္ဒိယရဲတပ်ဖွဲ့က ဥပဒေဘွဲ့လက်မှတ်အတုနှင့်စပ်လျဉ်း၍ နယူးဒေလီ ဥပဒေရေးရာဝန်ကြီး ဂျီတန်ဒါဆင်းခ်တိုမာအား ဇွန် ၉ ရက်တွင် ဖမ်းဆီးခဲ့သည်။ ဒေလီရဲတပ်ဖွဲ့က ဇွန် ၈ ရက်တွင် တက္ကသိုလ်ဥပဒေဘွဲ့လက်မှတ်အတုတစ်ခု ပိုင်ဆိုင်မှုကြောင့် တိုမာအား ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ သူ၏အပြစ်ကို နောက်ပိုင်း တရားရုံးတစ်ရုံးတွင် ထုတ်ဖော်သွားမည်ဖြစ်သည်။

တိုမာအား ဖမ်းဆီးမှုမှာ နယူးဒေလီမြို့တော် ဒုတိယအုပ်ချုပ်ရေးမှူး နာဂျစ်ဂျန်က ဘွဲ့လက်မှတ်အတုကိစ္စနှင့်ပတ်သက်၍ သူ့အား ဖမ်းဆီးရန် အတည်ပြုခဲ့သည်။ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအဖွဲ့ အမ်အဒမီပါတီမှ တိုမာက ဒေလီရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် အဆိုပြုချက်ပြုလုပ်စဉ် ၎င်းထံ၌ ဥပဒေဘွဲ့တစ်ခု ပိုင်ဆိုင်သော်လည်း နောက်ဆက်တွဲ စုံစမ်းစစ်ဆေးမှုတွင် အဆိုပါဘွဲ့လက်မှတ်မှာ အတုဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ။**

# မြန်မာ့ရုပ်မြင်သံကြားမှ အငြိမ့်အစီအစဉ်များ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇွန် ၉**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Home (House of Media & Entertainment) တို့ပူးပေါင်းထုတ်လုပ်သည့် **မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်းအစီအစဉ်**တွင် အငြိမ့်ခေတ်ဦး ထိုင်ဆိုအငြိမ့်၊ မော်လမြိုင်မစိန်ငုံအငြိမ့်၊ ဦးချစ်ဖွယ်၊ ဒေါ်စိန်သုံးအငြိမ့်၊ မြခြေကျင်း မငွေမြိုင်အငြိမ့်၊ လေဘာတီ မမြရင်အငြိမ့်၊ သြဘာသောင်း အငြိမ့်၊ ဥက္ကလာ မအေးကြည် အငြိမ့်၊ ဂီတမယ် လှကလေးစိန်အငြိမ့်၊ ဒဂုံ ခင်လှကြည်အငြိမ့်တို့ကို အပိုင်း (၇) ပိုင်းခွဲ၍ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအငြိမ့် အစီအစဉ်များကို မြန်မာ့ရုပ်မြင်သံကြား သတင်းအစီအစဉ်တွင် အပတ်စဉ် သောကြာနေ့တိုင်း ည ၉နာရီခွဲတွင် ပထမအကြိမ်နှင့် တနင်္လာနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ပြန်လည်ထုတ်လွှင့်ပြသခြင်း၊ မြန်မာ့ရုပ်မြင်သံကြား ဖျော်ဖြေရေး အစီအစဉ်တွင် အပတ်စဉ် စနေနေ့ နံနက် ၈ နာရီခွဲတွင်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ ည ၈ နာရီခွဲနှင့် နံနက် ၂ နာရီခွဲတို့တွင် (၄) ကြိမ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# (၂၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် ဇွန် ၉**

(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဇွန် ၂၄ ရက်မှ ဇူလိုင် ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြည်တွင်း ပြည်ပသတင်းမီဒီယာများအနေဖြင့် ဇွန် ၂၄၊ ၂၅၊ ၂၆ ရက်တို့တွင် အဆိုပါပြပွဲသို့ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး ကျန်ရက်များတွင်မူ ပြပွဲဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ ညနေ ၄ နာရီတွင် မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက်ရှိ Reception House ၌ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း ပြည်ပသတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ကတ်ပြုလုပ်နိုင်ရေးအတွက် ဇွန် ၂၀ ရက်နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ပေးပို့ရန်နှင့် သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲနှင့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း- ၀၆၇-၄၁၂၂၅၊ ၀၆၇-၄၁၂၂၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကလေး(စာပေ)ဖွံ့ဖြိုးရေး အားလုံးကူညီဆောင်ရွက်ပေး

**နေပြည်တော် ဇွန် ၉**

ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် အာရှနိုင်ငံများအတွင်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေသော ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (Sharti Volunteer Association-SVA)တို့ ပူးပေါင်း၍ မြန်မာနိုင်ငံရှိ ကလေးများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အရည်အသွေးမြင့်မားသည့် ကလေးစာပေများ ပေါ်ထွန်းနိုင်ရေးကို ရည်ရွယ်လျက် ကလေး စာရေးသား သရုပ်ဖော်ပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးများ၏ လှုံ့ဆော်မှုဖြင့် တစ်နိုင်ငံလုံးပညာရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်သော ပြိုင်ပွဲတစ်ရပ်ကို ဆောင်ရွက်ခဲ့သည်။



ထိုပြိုင်ပွဲမှ ဆုရကလေးစာပေသရုပ်ဖော် စာအုပ် သုံးအုပ်ကို ပုံနှိပ်၍ နယ်ရှိ စာကြည့်တိုက်များသို့အရောက် ဖြန့်ဝေပေးလျက်ရှိသည်။ အဆိုပါ ကလေးစာပေ သရုပ်ဖော်စာအုပ် သုံးအုပ်မှာ ဇာတ်လမ်းသရုပ်ဖော် ထားထားဦး၏ "တစ်ခါတုန်းကမဲလုံး"စာအုပ်ဖြစ်ပြီး တန်ဖိုး ကျပ် ၄၀၀၊ ဇာတ်လမ်း သရုပ်ဖော်ကာတွန်း ဝင်းမြင့်အောင်၏ "မိသားစုကမ္ဘာပျော်စရာ" တန်ဖိုး ကျပ် ၃၃၀၊ ဇာတ်လမ်းသရုပ်ဖော် ညီညီ၏ "မေတ္တာရှင်လယ်သမားနှင့် ပလွေစောင့်ဘီလူး" တန်ဖိုး ကျပ် ၃၃၀ တို့ဖြစ်ပြီး အဆိုပါ စာအုပ်များကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်မှ စာရွက်အကောင်းစားများဖြင့် အဆင့်မီရိုက်နှိပ်၍ ဖြန့်ချိခဲ့သည်။ အဆိုပါ ကလေးစာပေစာအုပ်များကို ရွှေသွေးဂျာနယ်အဖြစ် အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ယခုထုတ်ဝေလိုက်သော ကလေးစာပေစာအုပ်များမှာ ကလေးဖတ်ချင်စဖွယ် အရည်အသွေးအရောင်မျိုးစုံနှင့် ရိုက်နှိပ်ထားသည့် စာအုပ်များဖြစ်ပြီး အဆိုပါ ကလေးစာပေစာအုပ်များကို ပြည်ခရိုင်နှင့် သာယာဝတီခရိုင် ပြန်/ဆက်ဦးစီးဌာနများမှ ရွေ့လျားစာကြည့်တိုက်များဖြင့် လှည့်လည်ပြသခဲ့ရာ ကလေးများ အထူးစိတ်ဝင်စား ခံရသည့် စာအုပ်များဖြစ်ကြောင်း သိရသည်။

အဆိုပါ ကလေးစာပေသရုပ်ဖော် စာအုပ်များမှာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရှန်တီစေတနာ့ဝန်ထမ်းအသင်းအဖွဲ့တို့ ပူးပေါင်း၍ စာချုပ်ချုပ်ဆို ထုတ်ဝေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မိတ္ထီလာ(မြောက်ကန်) တူးဖော်နေရာမှ လေယာဉ်ကြဲချသည့် ဗုံးသီးကြီးနှစ်ခုတွေ့ရှိ

**မိတ္ထီလာ ဇွန် ၉**

မိတ္ထီလာ(မြောက်ကန်)ကို ပြန်လည်တူးဖော်နေရာမှ ဇွန် ၉ ရက် နံနက် ၁၀ နာရီခွဲတွင် စစ်တွင်းကာလက မပေါက်ကွဲဘဲရှိနေသည့် လေယာဉ်ကြဲချသည့် ဗုံးသီးကြီးနှစ်ခုကို တွေ့ရှိခဲ့ကြောင်း သိရသည်။

မိတ္ထီလာ(မြောက်ကန်) တူးဖော်နေသည့် ဝန်ဇင်းကန်ပေါင်ရိုးအနီးတွင် ကန်ပေါင်မြှင့်ခြင်း လုပ်ငန်းများကို မြေထိုးစက်ကြီးများဖြင့် လုပ်ငန်းဆောင်ရွက်စဉ် လေယာဉ်ကြဲချသည့် ဗုံးသီးကြီးနှစ်ခုကို တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ဗုံးသီးကြီးတစ်ခု အရွယ်အစားမှာ အလျား ၄ ပေ ၆ လက်မ၊ လုံးပတ် ၂ ပေ ၇ လက်မ ရှိသည်။ အရွယ်အစားတူ ဗုံးသီးကြီးနှစ်ခုတွေ့ရှိရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စဝ်နေလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ရွှေနှင့် တာဝန်ရှိသူများ ရောက်ရှိပြီး အများပြည်သူ ဘေးအန္တရာယ်မဖြစ်စေရေး



အတွက် ဗုံးသီးကြီးနှစ်ခုကို ရှင်းလင်းသယ်ဆောင်ခြင်းများ ဆောင်ရွက်ခဲ့သည်။ အဆိုပါ လေယာဉ်ကြဲချသည့် ဗုံးသီးကြီးနှစ်ခုကိုယ်ထည်ပတ်လည်တွင် ၁ ပေ ၉ လက်မ အရှည်ရှိ ဒလက်များပါရှိပြီး ဗုံးသီးကြီးနှစ်ခုအား ဒေသခံပြည်သူများက စိတ်ဝင်တစားလာရောက်ကြည့်ရှုကြကြောင်းသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**





# လျှပ်စစ်ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်

**ထိန်တော ဇွန် ၉**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် ထိန်တောမြို့ လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ(11 KV)လိုင်း ၅ ဒသမ ၃၂ မိုင်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ထိန်တောမြို့ လျှပ်စစ်မှူး ဦးဇာနည်မျိုး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက တည်ဆောက်ခဲ့ရာ ဇွန် ၃ ရက်က လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းအားလုံးပြီးစီးပါက ကျေးရွာ ကိုးရွာရှိအိမ်ခြေစုစုပေါင်း ၁၂၄၀ တို့ လျှပ်စစ်ဓာတ်အားသုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# လှိုင်သာယာ၌ နိုင်ငံသားကတ်များပေးအပ်

**ရန်ကုန် ဇွန် ၉**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁)ရပ်ကွက် ဗိုလ်ချုပ်လမ်း သာသနာ့ဟိတကာရီ ဓမ္မာရုံ၌ မိုးပွင့်(အထူး)စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ကွင်းဆင်းဆောင်ရွက်ပြီးစီးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇွန် ၈ ရက် နံနက် ၉ နာရီက ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြောက်ပိုင်းခရိုင်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်း၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးမျိုးဝင်းနှင့် ဌာနဝန်ထမ်းများ၊ အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်အေးတို့က အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၅၉ ကတ်အား ပြည်သူများ လက်ဝယ်အရောက် အခမဲ့ဆောင်ရွက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် အားလုံးမှာတာဝန်ရှိပါသည်



ဒုတိယရဲမှူးကြီး လင်းထွဋ်

ရန်ကုန် ဇွန် ၉

**ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများဖွင့်လှစ်သည့် ဇွန် ၁ ရက်မှစတင်ကာ ကျောင်းသား ကျောင်းသူများ ကျောင်းတက်၊ ကျောင်းဆင်းချိန်တွင် ကျောင်းပတ်ဝန်းကျင်နှင့် ယာဉ်အသွားအလာများပြားသည့်နေရာများ၌ ယာဉ်အန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချစွာဖြင့် သွားလာနိုင်ရေး၊ ယာဉ်ကြောကျပ်တည်းမှုမရှိစေရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီးမှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာကျောင်းများ၌ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။**

**ယင်းနှင့်စပ်လျဉ်း၍ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်) တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လင်းထွဋ်အား မြန်မာ့သတင်းစဉ် သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့မှုကို ဖော်ပြလိုက်ပါသည်။**

**မေး။ ။အခြေခံပညာကျောင်းတွေမှာ ယာဉ်အန္တရာယ်ကင်းရှင်းရေးနဲ့ ယာဉ်ကြောပိတ်ဆို့မှု မရှိအောင် ဘယ်လိုဆောင်ရွက်ထားသလဲဆိုတာ သိလိုပါတယ်။**

ဖြေ။ ။၂၀၁၅-၁၆ ပညာသင်နှစ်မှာ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ အရင်နှစ်ကအတိုင်း အခြေခံပညာကျောင်းတွေမှာ ယာဉ်ကြောရှင်းလင်းရေးကို ဆောင်ရွက်ထားပါတယ်။ ရန်ကုန်မြို့မှာ လမ်းမကြီးတွေနဲ့နီးတဲ့ ကျောင်း ၅၅ ကျောင်းကို ယာဉ်ထိန်းအင်အား ၈၄ ဦး တာဝန်ချထားပါတယ်။ မြို့နယ် ၂၈ မြို့နယ်လောက်ရှိပါတယ်။ ယာဉ်ကြောကျပ်တဲ့ ကျောင်းတွေ အဓိကကတော့ လမ်းမကြီးနဲ့နီးတဲ့ ကျောင်းတွေဖြစ်တယ်။ မြင်သာအောင်ပြောရရင် ပြည်လမ်းပေါ်မှာရှိတဲ့ ကမာရွတ် တီတီစီ၊ ကမ္ဘာအေးလမ်းမပေါ်မှာ အထက(၂)ဗဟန်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်မှာ အထက(၂)လသာ၊ အလံပြဘုရားလမ်းမှာ အထက(၁)ဒဂုံ၊ ပြည်လမ်းပေါ်မှာက အလက(၁)ဒဂုံ၊ အနော်ရထာလမ်းမှာ အထက(၅) ဗိုလ်တထောင်ကျောင်းတွေမှာ ယာဉ်ကြောပိတ်ဆို့မှုက ကျောင်းတက်၊ ကျောင်းဆင်းချိန်မှာ အများဆုံးပါ။ လမ်းမကြီးပေါ်မှာရှိပြီး ကားရပ်နားရန်နေရာလည်း လုံလုံလောက်လောက်မရှိတာကြောင့်ဖြစ်တယ်။ လမ်းဘေးရပ်တဲ့ကားတွေ အများကြီးပါ။ အဲဒီအချိန်မှာ လူကူးမျဉ်းကျားတွေမှာ ထိန်းသိမ်းဖို့အတွက် ကျောင်းတက်၊ ကျောင်းဆင်းချိန်တွေမှာ အမျိုးသမီးတပ်ဖွဲ့ဝင်တွေ ဦးစားပေးချထားတယ်။ ပြည်သူနဲ့ ဆက်ဆံရာမှာ အဆင်ပြေအောင်လို့ပါ။

**မေး။ ။ကျောင်းတွေမှာ ယာဉ်ကြောပိတ်ဆို့ရခြင်းအကြောင်းရင်းကိုပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။အဓိကယာဉ်ကြောပိတ်ဆို့မှုအနေနဲ့ကတော့ ဘာတွေတွေ့ရသလဲဆိုတော့ ကိုယ်ပိုင်ကား သုံးတာများတယ်။ ဥပမာ - အိမ်တစ်အိမ်မှာဆိုရင် တတ်နိုင်သလို ကျောင်းသားသုံးဦးရှိရင် ကားသုံးစီးသွားလို့ရှိရင် အဆင်မပြေဘူး။ ဒီကျောင်းထဲမှာပဲ တက်တယ်၊ အတန်းမတူတော့ ကား သုံးစီးလောက်သုံးနေရင် ဒါ ယာဉ်ကြောတွေကိုပိတ်ဆို့မှုဖြစ်တယ်။ ကားရပ်နားရာနေရာလည်း လုံလုံလောက်လောက်မပေးနိုင်ဘူး။ အဝင်၊ အထွက် အများကြီးခက်ခဲတယ်။ မနှစ်က စာသင်နှစ်ကုန်ခါနီးမှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကနေပြီး ညွှန်ကြားချက်နဲ့ လုပ်တာတွေရှိတယ်။ ယာဉ်ကြောပိတ်ဆို့မှုနည်းသွားအောင် ကားရပ်နားရာနေရာ မလုံလောက်တဲ့ ပြဿနာကိုလည်း ထိုက်သင့်သလောက် ဖြေရှင်းနိုင်အောင် School bus တွေ စီစဉ်ဖို့ ညှိနှိုင်းဆောင်ရွက်တာ ရှိတယ်။

သို့သော်လည်း ဒီနှစ် စာသင်နှစ်ပြန်ကြည့်ရင် School bus စီစဉ်ထားတဲ့ ကျောင်းဆိုရင် လက်ရှိကျောင်းနှစ်ကျောင်းပဲရှိတယ်။ အထက(၁)ဒဂုံမှာ မှန်လုံကျောင်းဘတ်စ်ကား ၁၅ စီး၊ အလက(၁)ဒဂုံက မှန်လုံ ကျောင်းဘတ်စ်ကား ၁၈ စီးရှိတယ်။ ကျန်တဲ့ကျောင်းတွေ မစီစဉ်နိုင်သေးဘူး။ School bus နဲ့ဆိုရင် ကားတစ်စီးမှာ ၁၅ ဦးကနေ ၃၀ ထိ ပါနိုင်တယ်။ အလက(၁)ဒဂုံမှာရှိတဲ့ ကားသုံးစီးဆိုရင် လူ ၃၀ ဆံ့တဲ့ကားတွေပါတယ်။ ကျန်တဲ့ကားက ၁၅ ဦးလောက်ပဲ ဆံ့တယ်။ ဒါကြောင့် ကားနှစ်စီးရပ်လို့ရှိရင် လူ အယောက် ၃၀ ဆိုတော့ ကိုယ်ပိုင်ကား ဆို ၁၀ စီး၊ ၁၅ စီးလောက် ဖြစ်သွားနိုင်တယ်။ တစ်ယောက်တစ်စီးဆိုရင် အစီး ၃၀ လောက်ဖြစ်လာနိုင်တယ်။ အဲဒီ အစီး ၃၀ စာကို တစ်စီး၊ နှစ်စီးလောက်နဲ့ဖြစ်ရင် ပိုကောင်းတာပေါ့။ လမ်းပေါ်မှာ ယာဉ်ကြောပိတ်ဆို့မှုနည်းသွားမယ်။ School bus တွေ စီစဉ်တာတော့ ကောင်းပါတယ်။ အခက်အခဲတွေ ရှိတာပေါ့၊ ညှိနှိုင်းပေါင်းစပ်ရမယ့် အပိုင်းတွေ အများကြီးကျန်တဲ့အတွက် မပြောလိုပါဘူး။ ဒါပေမယ့် ကျောင်းတွေကလည်း ကမကထလုပ်မယ်။ ကျောင်း၊ အစိုးရအဖွဲ့၊ သက်ဆိုင်ရာ တာဝန်ရှိသူတွေ ညှိနှိုင်းပြီး School bus တွေ လုပ်မယ်ဆိုရင် ကောင်းပါတယ်။ နောက်တစ်ခုက ကျောင်းတိုင်း လုံလောက်တဲ့ ကား Parking တွေ ထားဖို့လိုအပ်ပါတယ်။

အဓိကကတော့ ခုနကပြောတဲ့ ကျောင်းတွေမှာ ကား Parking လုံလောက်မှု မရှိဘူး။ အထက(၁)ဒဂုံဆိုရင် သူနဲ့ ကပ်ရက်က နဝဒေးလမ်း၊ ဟိုတစ်လမ်းကျော်မှာ ယောမင်းကြီးလမ်းရှိတယ်။ ဒီနှစ်ကို နဝဒေးလမ်းကို ကားအထွက်ပဲ ပေးထားတယ်။ ရွှေတိဂုံဘုရားလမ်းဘက်က အဝင်ပေးပြီး အလံပြဘုရားလမ်းက ထွက်၊ အလံပြဘုရားလမ်းက ဝင်လို့မရဘူး။ ရွှေတိဂုံဘုရားလမ်းကိုလည်း ပြန်ထွက်လို့မရဘူး။ တစ်လမ်းမောင်းပဲ။ ယောမင်းကြီးလမ်းကိုလည်း အလံပြဘုရားလမ်းဘက် သမ္မတရုံဘက်က အဝင်ပေးပြီး ဟိုဘက် ရွှေတိဂုံဘုရားလမ်းဘက်က ပြန်ထွက်၊ တစ်လမ်းမောင်းပဲ လုပ်ထားပါတယ်။ ကြားထဲမှာရှိတဲ့ ဗိုလ်ရာညွှန့်လမ်း အသွား၊ အပြန် ဝင်လို့ရတယ်။ ယာဉ်ကြောကျပ်တည်းမှု နည်းပါးအောင် နည်းမျိုးစုံနဲ့ ဖြေရှင်းနေပါတယ်။

**မေး။ ။ယာဉ်ကြောရှင်းလင်းအောင် ဆောင်ရွက်ရတဲ့အခါ အခက်အခဲတွေ၊ အားနည်းချက်တွေရော ရှိပါသလား။**

ဖြေ။ ။ရှိပါတယ်။ ဘာအားနည်းချက်လဲဆိုရင် လမ်းဘေးဈေးရောင်းကြတယ်။ ကျောင်းတက်၊ ကျောင်းဆင်းမှာ ပလက်ဖောင်းပေါ်မှာ လမ်းဘေးဈေးသည်တွေရှိတယ်။ လမ်းဘေးဈေးသည်တွေလည်း စည်းကမ်းတကျ ဈေးရောင်းစေချင်တယ်။ ပလက်ဖောင်းကိုလည်း လူသွားနိုင်အောင် လုပ်ပေးမယ်။ ပလက်ဖောင်းဈေးတက်ရောင်းတဲ့အတွက် လူက အောက်ဆင်းလျှောက်ရတယ်။ ကားတွေကလည်း ရပ်ထားတော့ တော်တော်ခက်ခဲပါတယ်။ တစ်လမ်းမောင်းသဘောကတော့ ညာဘက်မှာ ကားရပ်ခွင့်ရှိတယ်။ ဘယ်ဘက်မှာ ကားမရပ်ရဘူး။ တစ်ဖက်က ယာဉ်ရှင်းနေပေမယ့် တစ်ဖက်က စည်းကမ်းလိုက်နာဖို့လိုအပ်နေတယ်လို့ ပြောချင်တယ်။ ယာဉ်ထိန်းပိုင်းကတော့ အဲဒီကျောင်းတွေမှာ ယာဉ်ထိန်းအင်အားဖြည့်ပြီး ယာဉ်ကြောရှင်းလင်းနေပါတယ်။

**မေး။ ။မြို့နယ်အလိုက် တာဝန်ချထားတဲ့ ယာဉ်ထိန်းအင်အားကို သိလိုပါတယ်။**

ဖြေ။ ။မြို့နယ်အလိုက် ယာဉ်ထိန်းတပ်ဖွဲ့စုတွေရှိတာကြောင့် မြို့နယ်အလိုက် ယာဉ်ထိန်းတပ်ဖွဲ့စုအလိုက် ကျောင်းနဲ့မိဘတွေ၊ ကျောင်းကားမောင်းတဲ့သူတွေ ပညာပေးစည်းရုံးခြင်းလုပ်ပါတယ်။ School bus တွေ ထူထောင်နိုင်မယ့် အခြေအနေတွေ ရှိ၊ မရှိ မရှိသေးရင်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့အညီ မောင်းနှင်ဖို့၊ ကားရပ်နားရန်နေရာမှာ ထိုးတဲ့အခါမှာလည်း ကိုယ့်အတွက် ဦးစားပေးမလုပ်ဘဲ တချို့တွေ သားသမီးကြိုချင်တော့ ကားကို ကျောင်းပေါက်ဝမှာ ရပ်စောင့်နေတယ်။ ကျန်တဲ့ကားတွေက ပိတ်ဆို့ပြီး သွားမရဖြစ်တယ်။ ဒါမျိုးတွေ မဖြစ်အောင် စည်းကမ်းထိန်းသိမ်းရေးကို ယာဉ်ထိန်းအင်အား အများကြီး တာဝန်မချနိုင်ဘူး။ အမှန်တော့ အချို့နေရာတွေမှာ ကျောင်းတစ်ကျောင်းကို ယာဉ်ထိန်းအင်အား ငါးဦးကနေ ဆယ်ဦး ချထားသင့်ပါတယ်။ ဒါပေမယ့် ယာဉ်ထိန်းအင်အား သုံးဦးလောက်နဲ့ ချထားတဲ့အတွက် ကျောင်းက စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ဖွဲ့ပေါင်းဖို့အတွက် ညှိနှိုင်းထားပါတယ်။ ပူးပေါင်းပြီး ရှင်းလင်းမှာပါ။ တပ်ဖွဲ့ဝင်တွေကိုလည်း ဒါနဲ့ပတ်သက်ပြီး ဦးဆောင်ပါဝင်ဆောင်ရွက်ဖို့ ညွှန်ကြားထားပါတယ်။ ကျောင်းတွေမှာ တာဝန်ချထားပြီး ရောက်မလာရင် ချက်ချင်းအကြောင်းကြားပါ။ တပ်ဖွဲ့ဝင်တွေကိုလည်း စည်းကမ်းတကျဖြစ်အောင်၊ မပျက်ကွက်အောင် ကြပ်မတ်ထားပါတယ်။

**မေး။ ။ရန်ကုန်တိုင်းဒေသကြီးအတွင်း ဟွန်းမတီးရဆိုပေမယ့် ဟွန်းတီးသံတွေ ကြားနေရပါတယ်။ ဘယ်လိုအရေးယူမှုတွေ ဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။ရန်ကုန်တိုင်းဒေသကြီးအတွင်း စည်ပင်သာယာနယ်နိမိတ်အတွင်းမှာ ဟွန်းသံကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ထားခဲ့ပေမယ့် ဟွန်းတီးနေကြတုန်းပါ။ ဥပဒေနဲ့အညီ အရေးယူပါတယ်။ တီးတဲ့သူက အများကြီးပါ။ မီးပွိုင့်တွေ၊ လမ်းဆုံတွေမှာ ယာဉ်ထိန်းတပ်ဖွဲ့ဝင်တွေက သုံး၊ လေးဦးရှိတယ်။ ဒီထဲမှာ ပူးပေါင်းဖမ်းဆီးရေးအဖွဲ့ရှိလို့ရှိရင် တစ်ဖွဲ့ကို ၁၂ ဦးရှိတဲ့အဖွဲ့ တာဝန်ချထားပါတယ်။ ၁၀ ဦးထားပါဦး၊ တကယ်တမ်းပြုကျလာရင် အကုန်လုံး ဟွန်းတီးတာကို မဖမ်းနိုင်ပါဘူး။ လိုက်ဖမ်းတဲ့အခါမှာ သက်သေအထောက်အထားလည်း မရှိဘူး။ ဥပမာ - ရှေ့ကား ဟွန်းတီးတယ်။ နောက်ကားတွေကျတော့ ဇဝေဇဝါဖြစ်ကုန်တယ်။ ဘယ်ကားတွေကို အတိအကျအရေးယူနိုင်လဲဆိုတော့ ဘတ်စ်ကားတွေပါ။ ကျန်တဲ့ ကားသေးတွေကို ဖမ်းဆီးရာမှာ ခက်ခဲတယ်။ အချို့ကားတွေက ဟွန်းမတီးတာရှိပါတယ်။ မီးပွိုင့်လမ်းဆုံမှာ စောင့်ရတာကြာလို့ တီးတဲ့သူလည်း ရှိတယ်။ ဖမ်းဆီးအရေးယူမှု လုပ်ပါတယ်။ သို့သော်လည်း အကုန်လုံးကို တစ်ချိန်တည်း တစ်ပြိုင်တည်း စည်းကမ်းတကျရှိအောင်လုပ်ဖို့ကတော့ မလုပ်နိုင်သေးပါဘူး။ တစ်ဖက်ကလည်း ဖမ်းဆီးအရေးယူဖို့သက်သေအထောက်အထားလည်း လိုတယ်ဆိုပါတော့။ ကားအစီး ၂၀ လောက်ပြိုင်တီးရင် ဒီပေါ်မှာ လိုက်ပြီး ဒဏ်ရိုက်လို့မရဘူး။ စည်းကမ်းထိန်းသိမ်းရေးကို မြို့ထဲမှာလုပ်ဖို့ ခက်ခဲနေတယ်။ ဘာကြောင့်လဲဆိုတော့ စည်းကမ်းထိန်းသိမ်းပြီး တားဆီးအရေးယူနေရင် ကျန်ကားတွေ ယာဉ်ကြောပိတ်ဆို့စေမှာဖြစ်တဲ့အတွက် တတ်နိုင်သလောက်ရှောင်ရပါတယ်။ စည်းကမ်းထိန်းသိမ်းရာမှာ ပညာပေးစည်းကမ်းထိန်းသိမ်းဖို့က ပထမပါ။ ဒဏ်ရိုက်ဖို့က ဒုတိယပါ။ ယာဉ်ကြောပိတ်ဆို့မှုနည်းသွားအောင် လုပ်ပါတယ်။ ဟွန်းတီးရင် ယာဉ်စည်းကမ်း တရားရုံးတွေက ဒဏ်ငွေကျပ် ၁၅၀၀ ရိုက်မှာပါ၊ ပထမအကြိမ်ဖမ်းမိရင် ယာဉ်မောင်းလိုင်စင် သုံးလ ပိတ်မယ်၊ နောက်တစ်ခါ ဒုတိယအကြိမ်ဖမ်းမိရင် ခြောက်လပိတ်မယ်။ ထိထိရောက်ရောက် ပြတ်ပြတ်သားသားဖြစ်အောင် ဆောင်ရွက်ဖို့ ခက်ခဲပါတယ်။

ဟွန်းတီးယာဉ်တွေကို ဖမ်းဆီးအရေးယူနေရင် ယာဉ်ကြောပိတ်ဆို့မယ့်အတွက် ယာဉ်ကို မှတ်သားပြီး နောက်မှ အရေးယူမှုတွေလုပ်ပါတယ်။ တတ်နိုင်သမျှ ဟွန်းတီးယာဉ်ကို ချလန်ဖြတ် အရေးယူပါတယ်။ မှတ်သားဖမ်းဆီးဆောင်ရွက်နေပါတယ်။ ဥပမာ - မီးပွိုင့်တွေ၊ လမ်းဆုံတွေမှာ တာဝန်ကျတာက နှစ်ဦး၊ သုံးဦးပဲရှိတာ အကုန်လုံးကို မှတ်သားပြီး ဖမ်းဆီးဖို့ ခက်ပါတယ်။ စည်းကမ်းလိုက်နာဖို့ လူတိုင်းမှာ တာဝန်ရှိတယ်။ ယာဉ်ထိန်းရဲတွေက ဘယ်လောက်ထိန်းသိမ်း ဆောင်ရွက်နေနေ စည်းကမ်းထိန်းသိမ်းဖို့ လူတိုင်းမှာ တာဝန်ရှိပါတယ်။ ဟွန်းသံကင်းမဲ့ဇုန်လို့ ထုတ်ပြန်သတ်မှတ်ထားပြီးသားပါ။ နိုင်ငံကြီးသားပီသစွာနဲ့ ဟွန်းသံကင်းမဲ့ဇုန် သတ်မှတ်ထားရင် မလုပ်နဲ့ပေါ့။ ဥပဒေထဲမှာပါပါတယ်။ အန္တရာယ်ဖြစ်စေမယ့်အချိန်ဆိုရင် သတိပေးဟွန်းတီးလို့ရပါတယ်။ ဒါပေမယ့် လူတွေ အထိတ်တလန့်ဖြစ်အောင်တော့ ဟွန်းတီးလို့မရဘူး။ အဲဒါဆိုအရေးယူမှာပါ။

အခုလို ဖြေကြားပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

**မေး/ရေး-ဥမ္မာသန့်၊ ရီရီမြင့်
ဓာတ်ပုံ-ရီရီသန့်**



ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်တွင် မြန်မာနိုင်ငံကထည့်ဝင်ရမည့် မတည်ငွေရင်းပမာဏအား ဆွေးနွေး

**နေပြည်တော် ဇွန် ၉**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သော အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်တွင် မြန်မာနိုင်ငံမှ မတည်ငွေရင်းထည့်ဝင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အာရှအခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုဘဏ် ဖွဲ့စည်းတည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာရေးထိုးစဉ်က မူလအဖွဲ့ဝင်များအဖြစ် နိုင်ငံပေါင်း(၂၂)နိုင်ငံ ပါဝင်မည်ဟူသော တွက်ဆချက်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံများ၏ GDP ညွှန်းကိန်းတစ်ခုတည်းအပေါ် အခြေခံ၍လည်းကောင်း၊ ကနဦးမတည်ငွေရင်းကို အမေရိကန်ဒေါ်လာ (၅၀) ဘီလီယံဖြင့် စတင်ရန်ရည်ရွယ်၍လည်းကောင်း မူလအဖွဲ့ဝင်အလိုက် ထည့်ဝင်ရမည့်မတည်ငွေရင်းကို တွက်ချက်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ (၁၉၂ ဒသမ ၁၂)သန်း ထည့်ဝင်ရန် လျာထားသတ်မှတ်ခဲ့ပါကြောင်း၊ သို့သော် ဒေသတွင်းနှင့် အခြားကမ္ဘာ့နိုင်ငံများက အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ရန် အဆိုပြုခဲ့ကြသဖြင့် အဖွဲ့ဝင် (၅၇)နိုင်ငံရှိလာခဲ့ရာ ကနဦးမတည်ငွေရင်းကို အမေရိကန် ဒေါ်လာ (၁၀၀)ဘီလီယံအထိ တိုးမြှင့်သတ်မှတ်ခဲ့ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကနဦးမတည်ငွေရင်း၏ (၂၀)ရာခိုင်နှုန်း စတင်ထည့်ဝင်ရန် သဘောတူခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ထည့်ဝင်ရမည့်မတည်ငွေရင်းမှာ အမေရိကန်ဒေါ်လာ(၂၆၄ ဒသမ ၅)သန်းဖြစ်ပြီး ကနဦးထည့်ဝင်ငွေ၏ (၂၀)ရာခိုင်နှုန်းဖြစ်သည့် အမေရိကန်ဒေါ်လာ (၅၂ ဒသမ ၉) သန်းကို (၁၀)နှစ်ဖြင့် (၁၀)ရစ်ခွဲ၍ ထည့်ဝင်ရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်တွင် မြန်မာနိုင်ငံက ထည့်ဝင်ရမည့် မတည်ငွေရင်းပမာဏအား ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေ အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပြီး အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေးအတွက် အဆိုပါငွေကြေးအဖွဲ့များ၏ ထောက်ပံ့ငွေများ၊ ချေးငွေများဖြင့် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ထည့်ဝင်နိုင်သည့် ငွေကြေးပမာဏဖြစ်သည့်အတွက် အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် AIIB သို့ ဝင်ရောက်ခြင်းနှင့် မတည်ငွေထည့်ဝင်ခြင်းအပေါ် ခွင့်ပြုသင့်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ထို့နောက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာများအပေါ် လက်ရှိကာလအထိ တိုးတက်ဆောင်ရွက်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မြေကိစ္စများ ဖြေရှင်းဆောင်ရွက်ရာတွင် ပြည်သူများ ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်နှင့် လွှတ်တော်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များသည် မြေကိစ္စများအပေါ်တွင် လျင်မြန်စွာဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တိုးတက်မှုများလည်း ရှိနေပြီဖြစ်ပါကြောင်း၊ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်မှ တာဝန်ရှိသူများနှင့် မြေကိစ္စများဖြေရှင်းဆောင်ရွက်ရမည့် ဌာန၊ အဖွဲ့အစည်းတို့အနေဖြင့်လည်း မြေကိစ္စတိုင်ကြားစာများကို မြေပြင်ကွင်းဆင်းစိစစ်ပြီး တိုင်ကြားစာအပေါ် ဖြေရှင်းဆောင်ရွက်ချက် အမျိုးအစား(၇)မျိုး သတ်မှတ်ပြီး လစဉ်ဆောင်ရွက်နိုင်မှုအခြေအနေများကို မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီသို့ Case တစ်ခုချင်းအလိုက် သတ်မှတ်ပုံစံများတွင် ဖြည့်စွက်ပေးပို့ တင်ပြရပါကြောင်း၊ ဖြေရှင်းဆောင်ရွက်ရမည့် မြေကိစ္စများကို မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်နှင့် စုံစမ်းရေးကော်မရှင်တို့ပူးပေါင်း၍ စိစစ်ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ပြန်လည်စွန့်လွှတ်မြေများ သက်ဆိုင်သူများလက်ဝယ်သို့ ရောက်ရှိစေရေးကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်ကလည်း တပ်မတော်အနေဖြင့် သိမ်းဆည်းမြေများကို စုံစမ်းရေးကော်မရှင်အစီရင်ခံစာပါ တိုင်ကြားစာများတွင် ပါရှိသည်ဖြစ်စေ၊ မပါရှိသည်ဖြစ်စေ စွန့်လွှတ်၍ရသည့်မြေများကို စွန့်လွှတ်ပေးနေပါကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ခွင့်ပြုချက်ဖြင့် စုံစမ်းရေးကော်မရှင်တိုင်ကြားစာပါ စွန့်လွှတ်မြေနှင့် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီသို့ တင်ပြထားသည့် သီးခြားစွန့်လွှတ်မြေများအပြင် မြေဧရိယာ(၂၀၇၅၃ ဒသမ ၁၃)ဧကကို ပြန်လည်စွန့်လွှတ်ပေးရန် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မြေယာစီမံခန့်ခွဲမှုကော်မတီများက စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို အတည်ပြု

**နေပြည်တော် ဇွန် ၉**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၉) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း၏ **"ကမ္ဘာပေါ်တွင် ရှေးအကျဆုံး နှစ်သန်းပေါင်း (၄၀) ခန့်သက်တမ်းရှိသည့် လူတူပရိုင်းမိတ်များ တွေ့ရှိခဲ့ခြင်းကို ဆက်လက်သုတေသနပြုရန် အစီအစဉ် ရှိ၊ မရှိ နှင့် လူသားမျိုးနွယ်စုများ၏ မည်သည့်မျိုးနွယ်မှ ဆင်းသက်လာသည် ဆိုသောဖြစ်စဉ်ကို ပြန်လည်သုံးသပ်ရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ကမ္ဘာပေါ်တွင် ရှေးအကျဆုံး နှစ်သန်းပေါင်း(၄၀)ခန့် သက်တမ်းရှိသည့် လူတူပရိုင်းမိတ်များ တွေ့ရှိခဲ့ခြင်းကို ဆက်လက်သုတေသနပြုရန် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အစီအစဉ် မရှိပါကြောင်း ဖြေကြားပြီး ပုံတောင်ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်း ကွင်းဆင်းရှာဖွေလေ့လာမှု နောက်ခံသမိုင်းအကျဉ်းကိုလည်းကောင်း၊ နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်းကာ နှစ်အလိုက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုးက ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားတင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။



လွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း။

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းရာ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ လွှတ်တော်ကိုယ်စားလှယ် ဦးမနားနိုင်းက ထောက်ခံပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်က ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားတင်သွင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းရာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင်က ထောက်ခံပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။ **(သတင်းစဉ်)**

# ရာသီဥတုဆိုးရွားမှုအား လိုက်လျောညီထွေရှိစွာ နေထိုင်ခြင်းစီမံချက်ရှင်းလင်း

**ရန်ကုန် ဇွန် ၉**

ရာသီဥတုဆိုးရွားလာမှုနှင့် ဘေးအန္တရာယ် ကျရောက်လာမှုအပေါ် ခံနိုင်ရည် တည်ဆောက်ခြင်းနှင့် လိုက်လျောညီထွေစွာ နေထိုင်ခြင်း စီမံချက် ရှင်းလင်းပွဲအခမ်းအနားကို ဇွန် ၆ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲ အခမ်းအနားတွင် World Vision ရုံးချုပ်မှ တာဝန်ခံ အရာရှိဘရိုင်ယန်က ရာသီဥတုဆိုးရွားလာမှုနှင့် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာသည့်အခါ ခံနိုင်ရည်တည်ဆောက်နိုင်မှု၊ ရာသီဥတုနှင့် လျော်ညီစွာ ပြုမူနေထိုင်နိုင်ခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

World Vision အနေဖြင့် စီမံချက်ကာလကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ ရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်၊ တောင်ကုတ်၊ ဘားအံ၊ မိတ္ထီလာ၊ လပွတ္တာ၊ မော်လမြိုင်၊ ကျိုင်းတုံတို့တွင် ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ရာသီဥတုဆိုးရွားလာမှုအပေါ် ခံနိုင်ရည်တည်ဆောက်ခြင်းနှင့် လိုက်လျောညီစွာ ပြုမူနေထိုင်ခြင်းစီမံချက်အား သရက်ပင်ချောင်ကျေးရွာ၊ ညောင်ပင်ကျေးရွာ၊ဒလဘမ်းကျေးရွာ၊ကျိုစုကျေးရွာနှင့် အမှတ်(၉၃) ရပ်ကွက်တို့တွင် ကွင်းဆင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ကိုကြီးစိုး(ဆိပ်ကမ်း)**

# HIV နှင့် လူ့အခွင့်အရေးဆိုင်ရာ မီဒီယာများ၏ သိမြင်နားလည်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

**ရန်ကုန် ဇွန် ၉**

Internews နှင့် UNAIDS တို့ ပူးပေါင်းကြီးမှူး၍ HIV နှင့် လူ့အခွင့်အရေးဆိုင်ရာ မီဒီယာများ၏ သိမြင်နားလည်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၈ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့် YMCA, အမှတ် (၂၆၃)၌ ကျင်းပရာ ရန်ကုန်၊ မန္တလေးအခြေစိုက် သတင်းမီဒီယာများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် Dr. Sai Lone Tip (UNAIDS) က ကမ္ဘာနှင့် မြန်မာနိုင်ငံတွင် HIV/ AIDS ပျံ့နှံ့နေမှုအခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် HIV နှင့် လူ့အခွင့်အရေး၊ HIV နှင့်ပတ်သက်၍ သတင်းတင်ပြမှုများအကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အန္တရာယ်လျော့ချရေးအယူအဆများ၊ အမျိုးသားလိင်တူဆက်ဆံသူများအကြောင်းနှင့် အမျိုးသမီး လိင်လုပ်သားများ အကြောင်း သတင်းတင်ပြရာတွင် ဆောင်ရန်ရှောင်ရန်များ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်စည်းကမ်းများကို ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၈ ရက်မှ ၁၂ ရက်ထိ မှန်ကန်သည့် တုံ့ပြန်ဆောင်ရွက်မှုများအတွက် မှန်ကန်သောသတင်းစကားဖြစ်စေရန် ရည်ရွယ်ပြီးလက်တွေ့ကွင်းဆင်းလေ့လာခြင်းများနှင့် သတင်းများ၊ ဆောင်းပါးများ အကျယ်တဝင့်ရေးသားထုတ်လုပ်သွားကြမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၀၂)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်းလေးပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ကန်ရေခန်းခြောက်မှုကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးသိန်းညွန့်၊ ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဒေါက်တာကိုကိုဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ဟဲဟိုးမြို့သို့ရောက်ရှိကြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် ဒေသခံပြည်သူများက ဟဲဟိုးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ညောင်ရွှေမြို့မှတစ်ဆင့် စက်လှေများဖြင့် အင်းလေးဖောင်တော်ဦးစေတီသို့ သွားရောက်ရာ အင်းလေးကန်ရေပြင်တစ်လျှောက် ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားကြီးများ အသုံးပြု၍ နုန်းထိန်းတမံနှင့် နုန်းဖမ်းဆည်များ တည်ဆောက်နေမှု၊ သဲနုန်းတူးဖော်နေမှု၊ ရေလမ်းခြံစည်းရိုးနှင့် နုန်းမြေထိန်း ခြံစည်းရိုးပြုလုပ်နေမှုများ၊ ကျွန်းမျောများ၊ ရေမှော်များ ရှင်းလင်းနေမှုများကို စက်လှေပေါ်မှကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦးစေတီတော်သို့ ရောက်ရှိပြီး ဖူးမြော်ကြည်ညိုကာ ရွှေသင်္ကန်းတော်နှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်းလေးဖောင်တော်ဦးစေတီတော်၌ ရွှေသင်္ကန်းကပ်လှူပူဇော်စဉ်။ (မြန်/ဆက်)

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဖောင်တော်ဦးဘုရား၌ ညောင်ရွှေမြို့နယ်အင်းလေးဒေသမှ ရပ်မိရပ်ဖများ၊ ဂေါပကအဖွဲ့ဝင်များ၊ အင်းသားပါတီမှ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ အင်းလေးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေး၊ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အင်းလေးပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် အင်းလေးကန်ရေခန်းခြောက်မှု ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အင်းလေးဖောင်တော်ဦးဘုရားဝင်း နမ့်ဟူးကျောင်းဆောင်သို့ ရောက်ရှိပြီး ဟဲယာရွာမရွှေဘုံသာ သဒ္ဓမ္မဝုဒ္ဓကာရီ စာသင်တိုက် ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦးစေတီဓမ္မာရုံ၌ မြို့မိမြို့ဖများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်အသင်းများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး အင်းလေးပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ အင်းလေးကန်အစဉ်အမြဲသာယာလှပသန့်ရှင်းနေစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်ဂေဟစနစ်မပျက်သုဉ်းစေရန်၊ အင်းလေးကန်အရှည်သဖြင့် တည်တံ့နေစေရန်၊ သဘာဝအနေအထားများ မပျက်စီးစေရန်နှင့်ကန်ခန်းခြောက်မှုကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းကာကွယ်သွားကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အလိုတော်ပေါက်ဘုရားသို့ ရောက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုကာ အလှူငွေများပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Royal Nadi Resort တွင် ခင်းကျင်းပြသထားသည့် ဂျပန်နိုင်ငံ KUPOTA မှ ထုတ်လုပ်သည့် အိမ်သုံး၊ ကွန်ဒိုသုံး၊ ဟိုတယ်သုံး၊ ဆေးရုံသုံး ရေဆိုးသန့်စင်စက်ကို ကြည့်ရှုလေ့လာသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကျောက်တစ်လုံးမြို့နယ်အတွင်းရှိ ပထမနိမ္မိတ သပိတ်မြတ်ဘုရားသို့ ရောက်ရှိရာ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပထမနိမ္မိတ သပိတ်မြတ်ဘုရားအား ဖူးမြော်ကြည်ညိုကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင်ဦးအောင်ခမ်းထိ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ ပအိုဝ်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မေးမြန်းဆွေးနွေးကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ပြီး မြေသည် အရင်းအနှီးဖြစ်၍ ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီသည့် သီးနှံများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရေး၊ တိုင်းရင်းသားလူငယ် ပညာတတ်များ မွေးထုတ်နိုင်ရေးအတွက် လေ့ကျင့်ပျိုးထောင်သွားရေးတို့ကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မွေတော်ကက္ကူဘုရားသို့ ရောက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အင်းလေးကန်သည် ရှမ်းပြည်နယ်တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်အတွင်းတည်ရှိသည့် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး သဘာဝကုန်းတွင်းရေကန်ဖြစ်သည်။ ထိုအင်းလေးကန် မတိမ်ကောစေရန်၊ အင်းလေးကန် သဘာဝဝန်းကျင်ဂေဟစနစ်မပျက်သုဉ်းစေရန်၊ အင်းလေးကန်အစဉ်သာယာလှပ စိမ်းလန်းစိုပြည်နေစေရန်အတွက် အင်းလေးကန်သာယာလှပစိမ်းလန်းစိုပြည်ရေးနှင့် ရေရှည် တည်တံ့ခိုင်မြဲရေးလုပ်ငန်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနက ဦးဆောင်ပြီး ဆက်စပ်ဌာန ၁၃ ခုနှင့် အခြား NGO, INGO အဖွဲ့အစည်းများ ပူးပေါင်း၍အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်းလေးကန်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (မြန်/ဆက်)

## ပြည်တွင်းရေးရာ

**✱ မြန်မာနိုင်ငံမှ**

ယခုနှစ် မေလ ၁၅ ရက်တွင် သဘောတူလက်မှတ် ရေးထိုးခဲ့ကြောင်း သိရသည်။

"မြန်မာ့မီးရထားနဲ့ သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်လို့ ယခုလထဲမှာ စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် ဇွန်လမှာ စီမံကိန်းပြီးစီးဖို့ စီစဉ်ထားပါတယ်။ ကျွန်တော်တို့ရဲ့ ပညာရှင်တွေ အခုရောက်ရှိနေပါပြီ။ မြန်မာနိုင်ငံမှာ ရထားအချက်ပြစနစ် မရှိသေးတဲ့အတွက် ဒါဟာ အလွန်ကိုအရေးကြီးပါတယ်။ တကယ်ကို လိုအပ်တဲ့ အရေးပါတဲ့စနစ်တစ်ခု ဖြစ်ပါတယ်" ဟု ဟီတာချီ မြန်မာပြည်ရုံးခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရထားလမ်း အချက်ပြစနစ်များ တပ်ဆင်ရာတွင် ရထားစောင့်ကြည့် ထိန်းချုပ်ရေးစနစ်သည် ရထားပြေးဆွဲမှု ထိန်းချုပ်ရေးစင်တာများ အနေဖြင့် ရထားများ၏ တည်နေရာများကို စုပေါင်းစီမံခန့်ခွဲနိုင်ရေး အတွက်ဖြစ်ပြီး အီလက်ထရွန်နစ် အပြန်အလှန် ချိတ်ဆက်စနစ်မှာ ရထားများ ဘေးကင်းလုံခြုံစွာ ပြေးဆွဲနိုင်ရေးအတွက် အချက်ပြမီးတိုင်များနှင့် ဖြတ်တောက်မှုစနစ်များကို ထိန်းချုပ်ရန်ဖြစ်သည်ဟု သိရသည်။

ရေပြင်ညီဖြတ်သန်းမှုစနစ်မှာ ချဉ်းကပ်လာသော ရထားများကို အလိုအလျောက် သိရှိနိုင်စေရန်နှင့် သတိပေးချက်များ ထုတ်ပေးနိုင်ရန် ဖြစ်ကြောင်း သိရသည်။

အဆိုပါစနစ်များကို ရန်ကုန်ဘူတာကြီးနှင့် အထက်မြန်မာပြည် ရန်ကုန်-မန္တလေးရထားလမ်းပေါ်တွင် တည်ရှိသော ပြွန်တန်ဆာဘူတာရုံကြား ကီလိုမီတာ ၁၄၀ ရှည်သော အပိုင်းတွင် တပ်ဆင်သွားမည်ဟု သိရသည်။ ရန်ကုန်မြို့ပတ်ရထားလိုင်း၊ ရန်ကုန်-မန္တလေးရထားလမ်း ခေတ်မီတိုးတက်ရေးအပါအဝင် မြန်မာနိုင်ငံတွင် ရထားလမ်းအခြေခံအဆောက်အအုံစီမံကိန်းများစွာကို စီစဉ်ဆောင်ရွက်လျက်ရှိရာတွင် အချက်ပြစနစ်များ တပ်ဆင်ခြင်းသည် အရေးပါသောအခန်းကဏ္ဍဖြစ်ပြီး မြို့ပတ်ရထားလမ်းနှင့် အဝေးပြေးရထားလမ်းကို ချိတ်ဆက်ထားခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။ အချက်ပြစနစ်များ တပ်ဆင်ခြင်းစီမံကိန်းကို ပထမအဆင့် အခြေခံထား၍ မစ်ဆူဘီရှိကော်ပိုရေးရှင်းနှင့် ဟီတာချီလီမိတက်တို့က မြန်မာနိုင်ငံတွင် ရထားလမ်း အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအခွင့်အလမ်းများကို ဆက်လက်ရှာဖွေသွားမည်ဟု ဟီတာချီက သတင်းထုတ်ပြန်ခဲ့သည်။

မြန်မာ့မီးရထားနှင့် ပူးပေါင်းဆောင်ရွက်မည့် မစ်ဆူဘီရှိကော်ပိုရေးရှင်းသည် အာရှနှင့်အရှေ့အလယ်ပိုင်းတွင် ရထားလမ်းနှင့် ရထားဆက်စပ်ပစ္စည်းကိရိယာများ ထောက်ပံ့ရာတွင် အတွေ့အကြုံများစွာရှိပြီး ဟီတာချီလီမိတက်မှာ ရထားလုပ်ငန်းများအတွက် ရထားလမ်းဆက်စပ်မှုနှင့် အချက်ပြစနစ်များကဲ့သို့ တစ်နေရာတည်းမှ ထိန်းချုပ်အဖြေရှာရေးစနစ်များ ထောက်ပံ့ရာတွင် အတွေ့အကြုံများစွာ ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ရထားများ ဘေးကင်းလုံခြုံမှု တိုးတက်လာစေရေးနှင့် တိုးချဲ့လာသော သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရေး၊ ခေတ်မီတိုးတက်လာစေရေးတို့အတွက် ဂျပန်နည်းပညာနှင့် အတွေ့အကြုံများ အသုံးပြုထားသော ရထားအချက်ပြစနစ်များကို တပ်ဆင်ပေးခြင်းဖြင့် ပါဝင်ကူညီဆောင်ရွက်သွားမည်ဟု သိရသည်။

❐❐

# Hitachi Young Leaders Initiative (HYLI) တွင်ပါဝင်ရန် မြန်မာနိုင်ငံမှ ပထမဆုံးအနေဖြင့် ကျောင်းသူလေးဦး ရွေးချယ်ခံရ

**ရန်ကုန် ဇွန် ၉**

ယခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် (၁၃) ကြိမ်မြောက် Hitachi Young Leaders Initiative ( HYLI) တွင် ပါဝင်ရန် ပထမဆုံးအနေဖြင့် မြန်မာနိုင်ငံမှ ကျောင်းသူလေးဦး ရွေးချယ်ခံရကြောင်း သတင်းရရှိသည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဇူလိုင် ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် အဆိုပါအစီအစဉ်တွင် မြန်မာနိုင်ငံမှ ရွေးချယ်ခံရသည့် ကျောင်းသူလေးဦးအပါအဝင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့မှ ကျောင်းသားလူငယ်များ၊ ဒေသတွင်းရှိ အစိုးရ၊ ပညာရေးနှင့် အစိုးရမဟုတ်သော ကဏ္ဍများမှ ထင်ရှားသော ခေါင်းဆောင်များက ကျောင်းသား ကျောင်းသူများနှင့်အတူ ဒေသတွင်းမှ ပို့ဆောင်ရေး ကိစ္စရပ်များကို စကားဝိုင်းဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါအစီအစဉ်သို့ ရွေးချယ်ခံရသော ကျောင်းသူလေးဦးမှာ မပိုးနုငွေး (ဆေးတက္ကသိုလ်-၂ ရန်ကုန်)၊ မနန်းခမ်းမိုဝင်း (ရန်ကုန်တက္ကသိုလ်)၊ မစန္ဒီဖုန်းနိုင် (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)၊ မဝင့်ထက်ထက်ဟန် (ရန်ကုန်စီးပွားရေးတက္ကသိုလ်) တို့ဖြစ်ကြပြီး မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်း MAJA မှ မြန်မာနိုင်ငံအနှံ့မှ လျှောက်ထားလာကြသည့် ကျောင်းသား ကျောင်းသူများအနက်မှ စာတွေ့၊ လူတွေ့ စစ်မေးကာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

အဆိုပါအစီအစဉ်တွင် ရွေးချယ်ခံရသော မပိုးနုငွေး (ဆေးတက္ကသိုလ်-၂ ရန်ကုန်)က "အဓိကကတော့ အင်္ဂလိပ်လို သေချာပြောနိုင်ရမယ်။ တခြားနိုင်ငံက သူတွေနဲ့ ဆွေးနွေးရမှာဆိုတော့ အင်္ဂလိပ်စာ ကျွမ်းကျင်ဖို့ လိုပါတယ်။ ပညာရေးနောက်ခံကိုလည်း ကြည့်ပါတယ်။ ကျောင်းနောက်ခံနဲ့ ကျောင်းလှုပ်ရှားမှုတွေမှာ ပါဝင်ဆောင်ရွက်မှုတွေကိုလည်း ကြည့်ပါတယ်။ အဲဒီအချက်တွေနဲ့ လျှောက်ထားရပြီး လျှောက်လွှာခေါ်ယူမှုတွေကို သတင်းစာနဲ့ MAJA ဝက်ဘ်ဆိုက်မှာ ကြေညာပါတယ်။ တစ်နှစ်နဲ့တစ်နှစ်တော့ ရွေးချယ်မှုပုံစံ မတူနိုင်ဘူးထင်ပါတယ်"ဟု ပြောသည်။

"ဒေသတွင်းက ထူးချွန်လူငယ်တွေအနေနဲ့ ဒီအစီအစဉ်ရဲ့ အတွေ့အကြုံကတစ်ဆင့် လူမှုရေးဆိုင်ရာ တာဝန်ယူမှု၊ ခေါင်းဆောင်မှုစွမ်းရည်တွေ ရရှိပြီး အနာဂတ်ရဲ့ ခေါင်းဆောင်တွေ ဖြစ်လာကြမှာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါ်စီစီရှိန်က ပြောသည်။

ဂျပန်ကုမ္ပဏီတစ်ခု ဖြစ်သည့် ဟီတာချီက အာဆီယံဒေသတွင်း လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၁၉၉၆ ခုနှစ်မှစတင်ကာ အဆိုပါအစီအစဉ်ကို စတင်ခဲ့ခြင်းဖြစ်ပြီး (၈) ကြိမ်မြောက် အခမ်းအနားတွင် ဗီယက်နမ်နိုင်ငံ၊ ယခုနှစ် (၁၃) ကြိမ်မြောက် အခမ်းအနားတွင် မြန်မာနိုင်ငံတို့မှ ပါဝင်လာခြင်းဖြစ်သည်။ နှစ်စဉ် အဆိုပါနိုင်ငံများမှ အသက် (၂၈)နှစ်အောက် ထူးချွန်ကျောင်းသား လူငယ် လေးဦးစီ ရွေးချယ်ကျင်းပလျက်ရှိရာ အနာဂတ်လူငယ်တို့အတွက် အခွင့်အရေးကောင်းများပင်ဖြစ်သည်။

"ဒီပရိုဂမ်ဟာ ကျောင်းသားကျောင်းသူတွေအတွက် သူတို့ရဲ့ အကြံဉာဏ်တွေကို ထင်ရှားတဲ့ ခေါင်းဆောင်တွေ ကြားသိစေဖို့နဲ့ သူတို့နေထိုင်ချင်တဲ့ ပတ်ဝန်းကျင်တွေကို ဖန်တီးရာမှာ ပိုမိုပါဝင်လာစေဖို့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အခွင့်အလမ်းကောင်းတစ်ခုဖြစ်ပါတယ်" ဟု HYLI ကို ဦးဆုံး စတင်တည်ထောင်ခဲ့သည့် Hitachi Asia Ltd. အထွေထွေမန်နေဂျာ Mr. Tsunehiro Takahashi က ပြောသည်။

ယခုနှစ်တွင် အဓိကဆွေးနွေးမည့် အကြောင်းအရာမှာ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်ပုံစံ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ရာတွင် လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်၏ စိန်ခေါ်မှုများအတွက် အာဆီယံ၏ သဘောထားထင်မြင်ချက်ဖြစ်သည်။ အာဆီယံနိုင်ငံများဖြစ်သော အင်ဒိုနီးရှား၊ ထိုင်း၊ မလေးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် ၂၀၂၀ ခုနှစ် သယ်ယူပို့ဆောင်ရေးအခြေခံ အဆောက်အအုံများအတွက် အမေရိကန်ဒေါ်လာ ၂၉၆ ဘီလီယံအထိ အသုံးပြုမည်ဖြစ်ရာ ဒေသတွင်း သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများ လိုအပ်မှုနှင့် အရေးပါမှုကို ထင်ရှားပေါ်လွင်စေသည့် အချက်များပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၃၀ ပြည့်နှစ်တွင် ခေတ်မီတိုးတက်သောနိုင်ငံ၊ ပို့ဆောင်ရေးစနစ်များ ဖြစ်လာရန် ရည်ရွယ်ထားရာ ဟီတာချီက ကူညီထောက်ပံ့ရန် ဆုံးဖြတ်ထားပြီး ပညာရေးနှင့် လူငယ်ကဏ္ဍ အကျိုးပြု HYLI အစီအစဉ်တွင် ပါဝင်ရန် မြန်မာနိုင်ငံကို ယခုနှစ်တွင် ထည့်သွင်းခဲ့ခြင်းသည်။

(၀၀၁)

■■



# မန္တလေးမြို့ နန်းမြို့ရိုးနှင့် ကျုံးတော်အလှသည် ဆွဲဆောင်မှုအရှိဆုံး သဘာဝပန်းချီကားတစ်ချပ်ဖြစ်နေ

**မန္တလေး ဇွန် ၉**

မြန်မာ့ဓာတ်ပုံပညာဖြင့် နိုင်ငံတကာကို ထိုးဖောက်နေဆဲကာလတွင် ဓာတ်ပုံပညာတိုးတက်ရေးအတွက် ဓာတ်ပုံအသင်းများ၊ အနော်မာမဂ္ဂဇင်း၊ မြဝတီနှင့်အခြားမဂ္ဂဇင်းများက ပြိုင်ပွဲများပြုလုပ်ကာ ပံ့ပိုးပေးလျက်ရှိသည်။ ဓာတ်ပုံပြိုင်ပွဲများတွင် ၁၂ ရာသီအတွက် လှပသော ခေါင်းစဉ်အတိုင်း ပြိုင်ပွဲဝင်သလို အခါအားလျော်စွာ နိုင်ငံတကာပြိုင်ပွဲများအတွက် ရိုးရာယဉ်ကျေးမှုပုံများကို တစ်နှစ်ပတ်လုံး ရိုက်ကူးထားတတ်ကြသည်။

အောင်မြင်သော ဓာတ်ပုံပညာရှင်များ၏ ဓာတ်ပုံများကို စီးပွားရေးလုပ်ငန်းရှင်များက ပြက္ခဒိန်အဖြစ် အသုံးပြုခွင့် တောင်းခံလေ့ရှိသည်။ လက်ရှိအောင်မြင်သော ဓာတ်ပုံဆရာတစ်ဦး၏ ဓာတ်ပုံအသုံးပြုပါက တစ်ပုံလျှင် တစ်သိန်းကျပ်ရရှိကြောင်း သိရသည်။ ယခုအခါ မော်ဒယ်များနှင့် တမင်ဖန်တီးပြီး ရိုက်သောပုံများထက် သဘာဝမြန်မာ့ရိုးရာယဉ်ကျေးမှုပုံများကို သဘာဝအတိုင်း ရိုက်ကူးလာကြသည်။

မြန်မာတို့၏ နောက်ဆုံးမင်းနေပြည်တော်ဖြစ်သော မန္တလေးမြို့သည် သဘာဝပန်းချီကားတစ်ချပ် အလှဆုံး ဓာတ်ပုံရှုခင်းနေရာပင်ဖြစ်သည်။ ယခင်ရှေးဟောင်းသမိုင်းဝင်ကျုံးနှင့် နန်းမြို့ရိုးပုံများသည် ယခုလက်ရှိအထိ သဘာဝအလှများနှင့် လှပနေပြီး ပြည်တွင်းပြည်ပ ဧည့်သည်များကို စွဲဆောင်စေသော နေရာတစ်ခုပင်ဖြစ်သည်။ ကျုံးရေပြာနံဘေးတွင် အစီအရီ စိုက်ပျိုးထားသော ရေတမာပင်များနှင့်အတူ သဘာဝအတိုင်းထားရှိသော ထန်းပင်များသည်ပင် ထူးခြားစွာ လှပနေသည်။

နန်းမြို့ရိုးအတွင်းမှ သဘာဝအတိုင်းတည်ရှိနေသော ထန်းပင်များ၊ ပြာသာဒ်များနှင့် တံတားများမှာ ရှေးအခါက ရွှေမြို့တော်ကို မြင်တွေ့ခွင့်ရခဲ့သော အခွင့်အရေးပင်ဖြစ်သည်။ လှပပြီး ပြာနေသော ကျုံးရေပြင်ပေါ် ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးသည် အများသူငါကို စိတ်အေးချမ်းမှုပေးနေသည်။ ကျုံးအနောက်ဘက်တွင် ခိုစာကျွေးကာ ကုသိုလ်ပြုပုံ၊ ကျုံးဘေးမှ ထိုင်စရာခုံများ၊ အညာဓလေ့ရေအိုးစင်များ၊ သဘာဝကျစွာ ကွေ့ကောက်သွယ်ဆင်းနေသော ထနောင်းပင်ကောက်ကြီးများနှင့် နန်းမြို့ရိုးနောက်ခံအလှသည် ခေတ်သစ်ပန်းချီပညာရှင်၊ ဓာတ်ပုံပညာရှင်တို့ စွဲလမ်းစေသော အလှရှုခင်းများပင်ဖြစ်သည်။ အမှတ်တရ ဓာတ်ပုံရိုက်သူများ၊ အပျော်တမ်းဗီဒီယိုမှတ်တမ်းတင်သူများသည် ကျုံးမြောက်ဘက်ရှိ သဘာဝကျစွာ လှပနေသောထနောင်းပင်ကောက်များ၊ ကျုံးအနောက်ဘက်ရှိ ထူးခြားစွာ လှပနေသော ထန်းပင်နှင့် နန်းမြို့ရိုးနောက်ခံတို့ကို အထူးသဘောကျလျက်ရှိသည်။ မန္တလေးမြို့ နန်းမြို့ရိုးနှင့် ကျုံးတော်အလှသည် ခေတ်အဆက်ဆက် စွဲဆောင်မှုအရှိဆုံးသော သဘာဝပန်းချီကားတစ်ချပ်အဖြစ် လှပစွာ တည်ရှိနေပြီး မြို့ဂုဏ်နိုင်ငံ့ဂုဏ်ကိုပါဆောင်လျက် ရှိနေကြောင်း သိရသည်။

**(တိမ်တမန်)**

# ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်

**ရန်ကုန် ဇွန် ၉**

ရန်ကုန် အနောက်ပိုင်းခရိုင် အထက(၂)စမ်းချောင်းခန်းမ၌ ဇွန် ၉ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးများအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ အထက(၂)စမ်းချောင်း ကျောင်းသူကလေးများက "ပညာဖြိုးဝေ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကာ အခမ်းအနားကို ဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ငွေးက အမှာစကားပြောကြားရာ အဓိကအားဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးကို ပူးပေါင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ပညာရည်ပြည့်ဝပြီး ထူးချွန်ထက်မြက်သည့် ကလေးများဖြစ်မှ အနာဂတ် နိုင်ငံတော်အတွက် အားထားရမည့် ခေါင်းဆောင်ကောင်းများ ရရှိနိုင်မည်ဖြစ်ပြီး ပျော်ပျော်ရွှင်ရွှင် စာပေသင်ကြားနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းနေအရွယ် ကလေးငယ်များအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများကို မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ရာ ခရိုင်ပညာရေးမှူး ဒေါ်မြင့်ကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ကျောင်းသူကလေးများက ဇာတိမာန်တေးသီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ခရိုင် လေးခရိုင်ရှိ ကျောင်းသား ကျောင်းသူ ၄၀၀၀ အတွက် ကျပ် ၃၅၃ သိန်းကျော် တန်ဖိုးရှိ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ လှူဒါန်းခဲ့ကြောင်း၊ ရန်ကုန်အနောက်ပိုင်း ခရိုင်ရှိ ကျောင်းသား ကျောင်းသူ ၈၀၀ အတွက် ကျပ် ၇၂ သိန်းကျော် တန်ဖိုးရှိ ဝတ်စုံနှင့် စာရေးကိရိယာများ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**(ရွှေတိုင်လွင်)**

# မိုးခါးရေ ချိုသတဲ့လား

စံကားဝါ

**"မိုးစင်စင်လင်းပြီ။**
**ပြတင်းများဖွင့်ထားပါ။**
**သတင်းစာနေ့စဉ်ကြည့်ရှုပါ။**
**သတင်းထူးပါရင်ပြောပါလား။"**

ကျောင်းစဖွင့်တဲ့ ပထမနေ့မှာပဲ ဝါဝါ တစ်ယောက် ကျောင်းစာအုပ်ထဲမှာ ပထမတန်း မြန်မာစာတွေ စရေးလာပါသည်။ ကျောင်းကဆရာမနဲ့ ဆရာတွေက ဘာသာရပ်ခွဲပြီး စာသင်တဲ့အကြောင်း ဝါဝါက သူ့အမေကို ပြောသည်။ ကျောင်းက အကျယ်ကြီး၊ အချိန်ကလည်း တစ်နေကုန်ကျောင်း၊ သူငယ်ချင်းကလည်း မရသေးချိန်မှာ ဝါဝါ တစ်ယောက် ကျောင်းမှာ ပျင်းနေပုံရသည်။

ကျောင်းက ၉ နာရီတက်ပြီး ၃ နာရီမှ ဆင်းရသည့် တစ်ချိန်ကျောင်းဖြစ်သည်။ ရန်ကုန်မြို့က ကျောင်းအားလုံးနီးပါးမှာ ကျောင်းသားအင်အားများပြီး တစ်ချိန်ကျောင်းအစား နံနက်ပိုင်း၊ နေ့လယ်ပိုင်း ခွဲတက်ရသည့် နှစ်ချိန်ကျောင်းများ အများစုဖြစ်နေပြီ။

ကျောင်းစဖွင့်ပြီး သုံးရက်မြောက်နေ့အထိ ဝါဝါ နေ့တိုင်းငိုသည်။ ကျောင်းသို့ တစ်ချိန်လုံး လိုက်စောင့်ကာ ထမင်းချိန်ထမင်း၊ မုန့်ချိန်မုန့် ကျွေးနေကြသည့် အမေများနှင့်အဖေတချို့ကိုမြင်တော့ ဝါဝါပိုငိုသည်။ သူ့မိဘတွေက မလာနိုင်။ အလုပ်ဆင်းပြန် အချိန်မမှန်သည့် မင်းခယောက်ျား မိဘများအဖို့ ဝါဝါ တစ်ယောက် မဖြစ်နိုင်သည်ကို ပူဆာသလို ဖြစ်နေသည်။

ကျောင်းစဖွင့်သည့် နေ့တွင်ပင် ကျူရှင်သင်ဖို့ ချိတ်ဆက်ပြီး သင်မယ့် အိမ်တွေကို အပိုင်းလိုက်ခွဲခြားထားသည့် ဆရာမအကြောင်းနဲ့ ကျောင်းအဖော်တွေရဲ့ မိဘတွေ တရုန်းရုန်းဖြစ်ကြပုံကို ဝါဝါက ပြန်ပြောပြနေသည်။

"ကျောင်းမှာစာတစ်နေကုန်သင်ပြီးရင် အိမ်မှာလည်း စာဆက်သင်ရမှာလား မေမေ၊ ဒါဆို သမီးက ဘယ်အချိန် ကစားရမှာလဲ" လို့ ဝါဝါကမေးတော့ သူ့အမေမှာ အဖြေမရှိပါ။ "တခြားကျောင်းသားမိဘတွေ အားလုံး ဒီလိုပဲ ကျူရှင်သင်ပြီး အိမ်မှာ စာဆက်သင်ကြတာပဲ။ သမီးက မသင်ရင် သူတို့ လောက်မတတ်ဘဲ နေမှာပေါ့"ဟူ၍သာ ဝါဝါသိခွင့်ရသည်။ အများတကာ သောက်တဲ့ မိုးခါးရေကို မသောက်ဘဲမနေရဲတဲ့ ဝါဝါ့မေမေ တစ်ယောက် မိုးခါးရေသောက်ဖို့သာ ပြင်နေမိသည်။

အခြေခံပညာကျောင်းတွေကို မသင်မနေရ ပညာရေးစနစ်နှင့် အခမဲ့ ပညာရေးစနစ်တွေ အကောင်အထည်ဖော်နေတာ ဝမ်းသာကြိုဆိုပါသည်။ ကျူရှင်ပညာရေးစနစ်ကို လုံးဝပပျောက်သွားအောင် လုပ်ဖို့ အစီအစဉ် ရှိ၊ မရှိ မေးမြန်းလိုပါသည်။ ကျောင်းမှာပဲ စာသင်ပြီး မူလတန်း၊ အလယ်တန်း အောင်မြင်ခဲ့သည့် မူလတန်း၊ အလယ်တန်းကလေးတွေအတွက် ကျူရှင်စနစ်ရဲ့ အရေးပါပုံကို ကောင်းကောင်းမသိခဲ့ပါ။ **သင်ရိုးပါအကြောင်းအရာတွေ၊ သင်ခန်းစာတွေဟာ နှစ်ကြိမ်သင်မှ တတ်မြောက်မှာလား၊ ကျောင်းဖွင့် ကာလ တစ်နှစ်ကို ရှစ်လရှိတယ်ဆိုရင် ဒီရှစ်လအတွင်းမှာ သင်ရိုးပြတ်သင်ကြားဖို့ မဖြစ်နိုင်လို့လားဟု မေးခွန်းများစွာ** မိမိကိုယ်ကို မေးနေမိပါသည်။

ကျူရှင်စနစ် သောင်းကျန်းခဲ့တာ မြို့ကြီးပြကြီးတွေမှာသာမက တောမြို့များအထိ ခြေဆန့်ခဲ့ပြီး ဖြစ်သည်။ ဝိုင်းလား၊ ဝမ်းဘိုင်ဝမ်းလား၊ ရှယ်ဝိုင်းလား အခေါ်အဝေါ်အမျိုးမျိုးနှင့် ထွန်းကားခဲ့သည့် စနစ်လည်းဖြစ်သည်။ ကလေးတို့အတွက် သင်ရိုးထဲမှ စာများတတ်မြောက်ရုံသာမကဘဲ ပြင်ပစာများအတွက်လည်း အချိန်လိုအပ်တယ်ဆိုတာ မေ့လျော့သွားကြပြီလား မပြောတတ်ပါ။ စာပြီးရင် စာဖြစ်နေအောင် ခေတ်ကတောင်းဆိုသတဲ့လား။ ကစားခုန်စားဖို့၊ ပြင်ပစာပေတွေ ဖတ်ရှုလေ့လာဖို့၊ လိမ္မာရေးခြားရှိဖို့ ဆိုရာမှာ "အလိမ္မာ စာမှာရှိ" ကျောင်းစာတစ်ခုတည်းကို ဆိုလိုရင်းမဟုတ်နိုင်ပါ။

ကျောင်းကဆရာမတွေ ကျူရှင်မသင်ဖို့ ပြောနေခြင်းမဟုတ်ဘဲ ကျူရှင်အတွက် ကလေးတို့ရဲ့ အချိန်ထပ်ပေးနေရခြင်းကို ဆိုလိုရင်းဖြစ်ပါသည်။ ကျောင်းတွင်း၊ ပြင်ပ ဘယ်ကသင်သင် ဒီသင်ရိုးထဲက ဒီစာကို နှစ်ကြိမ်သင်နေရခြင်း၊ နှစ်ဆ အချိန်ယူနေရခြင်းကိုလည်း နားမလည်ဖြစ်ရပါသည်။

အခြေခံပညာကျောင်းများကို အားကိုးသလို သင်ကြားနေကြတဲ့ ဆရာ၊ ဆရာမများကိုလည်း လေးစားပါသည်။ ဒါပေမယ့် အကဲပိုနေကြသည့် မိဘများကပဲ လွန်နေသလား၊ ခေတ်နဲ့ စနစ်ကိုက ဒီလိုလုပ်မှ ဖြစ်မယ့်အခြေအနေလားဆိုတာကို မသဲကွဲခြင်းဖြစ်ပါသည်။ ဒီလို အချိန်ပိုသင်နေရတဲ့ ကုန်သွားတဲ့ အချိန်တွေမှာ သင့်လျော်ရာ အားကစားလုပ်ကြမည်၊ ဘာသာစကားနှင့် အခြားကျောင်းပြင်ပ ဆောင်ရွက်ချက်တွေ လုပ်ဆောင်နိုင်မည်ဆိုရင် အကျိုးရလဒ်တွေ ပိုလာမယ်ဆိုတာ အသေအချာပါပဲ။ သင်ယူစရာတွေ များပြားလှတဲ့ ဒီနေ့ခေတ်မှာ ကလေးတို့အတွက် အချိန်ကို ချွေတာစေချင်ပါသည်။ နှစ်ဆ ပေးနေရတဲ့ အချိန်ထဲက ကောင်းနိုးရာရာ ပညာတွေကို ရှာမှီးခွင့်ရစေချင်ပါသည်။

ရန်ကုန်မြို့ရဲ့ အခြေခံပညာကျောင်းက ကျောင်းသားအားလုံးဟာ နေ့စဉ်နဲ့အမျှ ကျူရှင်နဲ့ လုံးပန်းနေကြရပါသည်။ အချိန်ပိုသင်ယူတာဖြစ်ဖြစ်၊ အချိန်မှန်မှန် စာကျက်တာပဲဖြစ်ဖြစ်၊ ကျောင်းမှာသင်တဲ့ သင်ခန်းစာတွေ ကျက်မှတ်လေ့လာဖို့ပဲဖြစ်ဖြစ်၊ ဒါတွေက ကိုယ်တိုင်လုပ်ယူရမယ့် အရာတွေလို့ပဲ ထင်မြင်ပါသည်။ အခုတော့ ရန်ကုန်နှင့် နယ်လည်း သိပ်မကွာခြားတော့ပါ။ ကျောင်းပြီးရင် ဘာလုပ်မလဲမေးရင် ကျူရှင်တက်မယ်လို့ ဖြေရပုံချင်း အတူတူဖြစ်နေပြီဖြစ်သည်။ ကလေးတို့ရဲ့ အချိန်ကို မလုကြဖို့ ဆိုချင်ပါသည်။ မိုးခါးရေ အမြဲမချိုနိုင်ပါ။ ။

**ကျူရှင်စနစ် သောင်းကျန်းခဲ့တာ မြို့ကြီးပြကြီးတွေမှာ သာမက တောမြို့များအထိ ခြေဆန့်ခဲ့ပြီးဖြစ်သည်။ ဝိုင်းလား၊ ဝမ်းဘိုင်ဝမ်းလား၊ ရှယ်ဝိုင်းလား အခေါ်အဝေါ် အမျိုးမျိုးနှင့် ထွန်းကားခဲ့သည့် စနစ်လည်းဖြစ်သည်။ ကလေးတို့အတွက် သင်ရိုးထဲမှ စာများတတ်မြောက်ရုံ သာမကဘဲ ပြင်ပစာများအတွက်လည်း အချိန်လိုအပ် တယ်ဆိုတာ မေ့လျော့သွားကြပြီလား မပြောတတ်ပါ။ စာပြီးရင် စာဖြစ်နေအောင် ခေတ်ကတောင်းဆိုသတဲ့ လား ...**

## မိုင်းဆတ်၌ ဘိန်းအစားထိုးသီးနှံ ပုလဲသွယ်စပ်မျိုးစပါးနှင့် ဓာတ်မြေဩဇာပေးအပ်

**မိုင်းဆတ် ဇွန် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် လွယ်ဆောင်ကျေးရွာအုပ်စု ဘူးဒေါ့ကျေးရွာ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ နယ်စပ်ဒေသဖွံ့ဖြိုးရေး ဘိန်းအစားထိုးသီးနှံ ပုလဲသွယ်စပ်မျိုးစပါးနှင့် ဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၈ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ တက်ရောက်သည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးနိုင်လင်းက ဘိန်းအစားထိုးသီးနှံ ပုလဲသွယ်စပ်မျိုးစပါးနှင့် ဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ဆက်လက်ထောက်ပံ့ပေးအပ်မည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး အမှတ်(၂၉) မူးယစ်(အထူး)အဖွဲ့မှ ဒုတိယရဲမှူး မြင့်နိုင်ဦးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၏ ဆိုးကျိုးအန္တရာယ်များကို ရှင်းလင်းဟောပြောသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးနိုင်လင်း၊ အမှတ်(၂၉) မူးယစ်(အထူး)အဖွဲ့မှ ဒုတိယရဲမှူး မြင့်နိုင်ဦး၊ မြို့နယ်ရဲစခန်းမှူး ဒုတိယရဲမှူး သန့်ဇော်ဦးနှင့် မြို့နယ်ဥပဒေအရာရှိ ဦးဝင်းမင်းထွန်းတို့က ဘူးဒေါ့ကျေးရွာရှိ တောင်သူ ၂၀ အား ပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧကအတွက် ကီလို ၈၀ နှင့် ဓာတ်မြေဩဇာ ကီလို ၅၀ အိတ် ၁၅အိတ် ထောက်ပံ့ပေးအပ်ရာ တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သန်းဇော်(iprd)**



## ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးခြင်းနှင့် လမ်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ကနီ ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ရဲတပ်ဖွဲ့နှင့် မြို့နယ် စည်ပင်သာယာတို့ ပူးပေါင်းပြီး ကျောင်းသား ကျောင်းသူများ ကျောင်းတက် ကျောင်းဆင်းချိန်များတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ပတ်သက်သည့် ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပြီး လမ်းရှင်းရေးလုပ်ငန်းများကို ဇွန်လပထမပတ်နှင့် ဒုတိယပတ်များမှ စတင်၍ ကနီမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသည် မြို့လယ်လမ်းမကြီးဘေးတွင် တည်ရှိသဖြင့် မြို့တွင်းသို့ သွားလာနေကြသော ပြည်သူများ၊ ဈေးသည်များနှင့် ကျောင်းသား ကျောင်းသူများပါ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စည်ပင်တို့မှ ပူးပေါင်း ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

## သေးသည် အသက်

**ဖခင်အမည်မှန်**

နောင်ချိုမြို့နယ် အထက(ကံကြီး) ဒသမတန်းမှ မလီလာဝသီး၏ ဖခင်အမည်မှန်မှာ ဦးပရင်းပါရ်ဆတ် [၉/မမန(နိုင်)၀၅၅၃၇၉] ဖြစ်ပါကြောင်း။

**ဦးပရင်းပါရ်ဆတ်**

## ဝက်လက်မြို့၌ ဒစ်ဂျစ်တယ်စာကြည့်တိုက်စနစ်တပ်ဆင်

**ဝက်လက် ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့ လူစည်ကားရာနေရာဖြစ်သော နာရီစင်အနီးရှိ ခိုင်ပန်းဖြူကဖေး၌ ပြည်သူများဝိုင်ဖိုင်မှတစ်ဆင့် ဖုန်းနှင့် တက်ဘလက်များဖြင့် စာအုပ်များအလွယ်တကူဖတ်ရှုနိုင်မည့် Public Digital Library စက်ကိုဇွန် ၈ ရက်မှစ၍တပ်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။

ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တပ်ဆင်ပေးခြင်းဖြစ်ပြီး ကျေးလက်နေပြည်သူများ စာပေကိုအလွယ်တကူ ဖတ်ရှုနိုင်ရေးအတွက် တပ်ဆင်ပေးခြင်းဖြစ်ကြောင်းသိရသည်။

**နန်းမြင့်(ဝက်လက်)**

Myanmar International Co-operation Agency
(MICA)

**အကျိုးတူတန်ဖိုးသင့်အိမ်ရာများဆောက်လုပ်ရန် အဆိုပြုလွှာများခေါ်ယူခြင်း**

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ အမှတ်(၂)လမ်းမကြီး၊ ယခင် ရွာသာကြီး ဘက်စုံမွေးမြူရေးစခန်း မြေနေရာရှိ မြေဧရိယာ ဇုန် G(၁၂၁. ၈၄)ဧကပေါ်တွင် Myanmar International Co-operation Agency (MICA)နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသော တိုင်းရင်းသားလုပ်ငန်းရှင်များအား အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ ဇုန် G(၁၀၃. ၁၆)ဧကပေါ်တွင် ပေ(၃၀×၄၀)နှစ်ထပ်(Shophouse) (၃၈)လုံးနှင့် တစ်ခန်းလျှင် 400 Sqft မှ 900 Sqft အထိ ကျယ်ဝန်းသော အခန်းများပါရှိသည့် (၆)ခန်းတွဲ (၅)ထပ် အဆောက်အအုံပေါင်း (၃၇၆)လုံး ဆောက်လုပ်သွားမည်ဖြစ်ပြီး အဆိုပြုလွှာတင်သွင်းသော လုပ်ငန်းရှင်များမှ လုပ်ငန်းတစ်ခုလုံး၏ ရင်းနှီးမြှုပ်နှံမှု(၁၀၀%)ကို မတည်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသော တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ၂၆-၆-၂၀၁၅ရက် နောက်ဆုံးထား၍ အဆိုပြုဈေးနှုန်းတင်သွင်းသွားရန်နှင့် အသေးစိတ်တွက်ချက်မှုများ (အတွင်း ရေ၊ မီး၊ မိလ္လာအပါအဝင် တစ်စတုရန်းပေဈေးနှုန်းနှင့် အပြင် ရေ၊ မီး၊ မိလ္လာ၊ လမ်းအပါအဝင် တစ်စတုရန်းပေဈေးနှုန်း)ဖြင့် ပူးတွဲ၍ လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အောက်ဖော်ပြပါ လိပ်စာများသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**Myanmar International Co-operation Agency (MICA)**
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ရုံးအမှတ်(၃၆)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၈၄၇၈၊ ၀၆၇-၄၀၈၄၅၂၊ ၀၆၇-၄၀၉၂၁၅

သင်္ချာကျော်ရှိန် M.Sc. (Maths). Final
Aircon စာသင်ခန်းမ
၆၊ ၇၊ ၈၊ ၉၊ ၁၀တန်း သင်္ချာသီးသန့်၊
ဘာသာစုံပိုင်းနှင့်ဘော်ဒါ
၈-၆-၂၀၁၅ စမည်
မဟာကျော် အဝေးသင်တက္ကသိုလ်(ဝိဇ္ဇာ) ရာထူးဝင်ခွင့်များ
အမှတ်-၂၁၂၊ ပထမထပ်၊ ပန်းဆိုးတန်း(အလယ်)၊ အနော်ရထာလမ်းထိပ်
Ph:09-250359833, 09-253034191, 09-796313677







# ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူရှေးဟောင်းမြို့တော်များ ဆက်လက်ထိန်းသိမ်းရေးစီမံကိန်း ဆွေးနွေး

**ရန်ကုန် ဇွန် ၉**

ကမ္ဘာ့အမွေအနှစ်ပထမစာရင်းဝင် ပျူရှေးဟောင်းမြို့တော်များထိန်းသိမ်းရေး PyuCom Metting ဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် UNESCO နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ကြီးမှူး၍ ဇွန် ၈ ရက်မှ ၉ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ပြီး သက်ဆိုင်ရာဒေသနှင့် ဌာနဆိုင်ရာအရာရှိများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပျူရှေးဟောင်းမြို့များသည် လမ်းများမနီးမဝေးတွင် ရှိနေသော်လည်း ဒေသတွင်းနေထိုင်သူများနှင့် ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ ဗဟုသုတနည်းပါးမှုကြောင့် ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးထွန်းကားမှု နောက်ကျခြင်းဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ပြောကြားခဲ့သည်။

ပျူရှေးဟောင်းမြို့တော်များသည် ဇွန် ၂၂ရက်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့သည်မှာ တစ်နှစ်ပြည့်ခဲ့ပြီဖြစ်ပြီး UNESCO နှင့် World Heritage Convention တို့မှ စစ်ဆေးအကြံပေးအဖွဲ့ ICOMOS ၏ တိုက်တွန်းချက်များအရ သတ်မှတ်ရက်အတွင်းဆောင်ရွက်နိုင်ခဲ့ပြီး UNESCO-Italy Fund Phase I နှင့် Phase II တို့ကို နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များနှင့် ဒေသခံများ၊ ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်နေကြောင်းသိရသည်။

ရှေးဟောင်းမြို့တော်များ ထိန်းသိမ်းရန်အတွက် UNESCO-အီတလီနိုင်ငံမှ ပံ့ပိုးငွေ Phase I အတွက် ဒေါ်လာလေးသိန်းနှင့် Phase II (ပုဂံမြို့ဟောင်း အပါအဝင်)အတွက် ဒေါ်လာတစ်သန်း ရန်ပုံငွေချပေးခဲ့ပြီး (ဘန်ကောက်)ရုံးမှ ငွေကြေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ပေးကြောင်း၊ ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ပေးခြင်းဖြင့်လည်း GIS ကောင်းကင်ပေါ်မှ မှတ်တမ်းယူခြင်း၊ သုတေသနနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ၊ ပထဝီမြေပြင်တိုင်းတာမှုဆိုင်ရာ သင်တန်းများ ကူညီဆောင်ရွက်ပေးကြောင်း၊ Phase III (ပုဂံ)အတွက်လည်း ဆက်လက်ဆောင်ရွက်နေကြောင်းနှင့် ရှေးဟောင်းမြို့ဟောင်းများကို ထိန်းသိမ်းခြင်းအားဖြင့် နိုင်ငံခြားခရီးသွားများတိုးတက်လာကာ ဒေသတွင်း လူမှုစီးပွားများလည်း တိုးတက်မည်ဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပြောသည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာတွင် ကျင်းပမည့် အကြိမ် (၄၀) မြောက်အဖြစ် World Heritage Convention ကို ပြန်လည်သုံးသပ်ဆုံးဖြတ်မည်ဖြစ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆပ်ကော်မတီ ရှစ်ခုဖွဲ့စည်းပြီး လိုအပ်ချက်များနှင့် တွေ့ကြုံရသည့်အခက်အခဲများကို ဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၆ ဇွန်လတွင် UNESCO မှ ထပ်မံထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၇၀ မှ ဒေသခံပြည်သူအင်အား ၄၀၀ ခန့်ကို တွေ့ဆုံပြီး ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသများအတွင်းရှိ ဒေသခံပြည်သူများ ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ လုပ်ကိုင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ လိုက်နာစောင့်ထိန်းကာကွယ်ကြရမည့် အချက်များကို အသိပညာပေး ဆွေးနွေးခဲ့သည်။




ယူနက်စကို အကြံပေးနှင့် ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် ဒေါက်တာ ရစ်ချက်အန်ဂယ်ဟတ်က မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်မြို့တော်များ၏ ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးများ၊ မြို့ဟောင်းများအတွက် ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ယူနက်စကို၏ နားလည်လက်ခံပေးမှုနှင့် လိုအပ်ချက်များကို အကြံပြုဆွေးနွေးခဲ့ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှသိရသည်။

၁၉၉၆ ခုနှစ်မှစပြီး ပုဂံ၊ ပြဒါးလင်းဂူအပါအဝင် ရှစ်နေရာအား UNESCO သို့တင်သွင်းခဲ့ပြီး ပုဂံဘုရား၊ ပုထိုးစေတီ၊ အဆောက်အအုံများ မှတ်တမ်းစာအုပ်ဖြင့် တင်ပြခဲ့ကာ ရှေးဟောင်းယဉ်ကျေးမှုမြို့များတွင် နေထိုင်သူများအနေဖြင့် ရှေးဟောင်းအမွေအနှစ်များ မပျက်စီးအောင် ထိန်းသိမ်းရန် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရှေးဟောင်းအဆောက်အအုံအနီးတွင် စားသောက်ဆိုင်များ၊ တည်းခိုဆောင်ကဲ့သို့ အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ခြင်းမှ ရှောင်ကြဉ်ရမည်ဖြစ်ပြီး ပေ ၉၀ ခွာ၍ ဆောက်လုပ်ခွင့်ပြုထားကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ဒေသဆိုင်ရာ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဒေသခံလူမှုအဖွဲ့အစည်းများဖြစ်သော သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုး စသည့် ပျူမြို့ဟောင်းသုံးမြို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သန့်ဇင်ဝင်း)**

မာတ်ပုံမြင်ကွင်း

## အမြင်မတင့်တယ်မှုများ ဖယ်ရှားစေလို

ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ် (၃၆)လမ်းအထက်ရှိ အပေါ်ထပ်(၃)လွှာ အခန်းတစ်ခန်းတွင် ထဘီ၊ ဂါဝန်နှင့် ရှူးဖိနပ်များ အမြဲချိတ်လှန်းထား သောကြောင့် အောက်မှသွားလာကြသည့် သက်ကြီးရွယ်အိုများ၊ ဆွမ်းခံကြွသော ရဟန်းသံဃာများအတွက် မသင့်လျော်ပါ။ ထိုလမ်းတစ်လျှောက်တွင် အခြားမည်သည့်အိမ်မှ အိမ်ရှေ့မျက်နှာစာ၌ အမြင်မတော်သောအရာများ လှန်းထားခြင်းမရှိပါဟု (၃၆)လမ်းအထက်လမ်းအတွင်းမှစျေးသည်များ၊ အောက်ထပ်များ၌ နေထိုင်သူများက ပြောသည်။ သို့ဖြစ်၍ လမ်းအတွင်း နေထိုင်ကြသူများနှင့် လမ်းသွားလမ်းလာများ ကြုံတွေ့ရသော အိမ်ရှေ့ မျက်နှာစာ၌ ချိတ်ဆွဲလှန်းထားသည့် အမြင်မတင့်ဖွယ်ရာများကို အမြန်ဆုံးဖယ်ရှားစေလိုကြောင်း သိရသည်။

**(ရွှေတိုင်လွင်)**



# ပျက်စီးခဲ့သော ရွှေပြည်သာမဟာမြိုင်လမ်းမကြီး ပြုပြင်

**ရန်ကုန် ဇွန် ၉**

ရွှေပြည်သာမြို့နယ် အမှတ်(၉) ရပ်ကွက်တွင် အန္တရာယ်ရှိ မဟာမြိုင်လမ်းမကြီး ပျက်စီးယိုယွင်းမှုကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မြောက်ပိုင်းခရိုင်ခွဲမှ မူလကတ္တရာလမ်းကို ကွန်ကရစ်လမ်းသစ် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည်မှာ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းသည် အရှည်ပေ ၃၆၀၀၊ အကျယ် ၂၂ ပေ၊ ဒု ၁၁ လက်မရှိပြီး ဝဲယာလမ်းပခုံးသားဖို့မြေလေးပေစီ ခင်းကျင်းမည်ဖြစ်သည်။

"ဒီလမ်းက သာခုစက်မှုဇုန်နဲ့ ဝါးတရာစက်မှုဇုန်ကြားရှိ ဆက်သွယ်ထားတဲ့လမ်းဖြစ်နေတော့ ခရီးသည်တင်ယာဉ်နဲ့ အခြားယာဉ်တွေအပြင် လုပ်ငန်းသုံး ကုန်တင်ယာဉ်ကြီးတွေပါ သွားလာ အသုံးပြုကြတဲ့အတွက် လမ်းဟာ ပျက်သင့်တာထက်ပိုပြီး ပျက်စီးသွားရတာပါ။ ဒါကို ပြည်သူတွေရဲ့ခံစားရတဲ့ ဒုက္ခနဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေရဲ့ တင်ပြချက်များအရ ကျွန်တော်တို့ဌာနက ပထမဦးစားပေးအဆင့်မှာ မပါသော်လည်း ပြည်သူတွေအတွက် အန္တရာယ်ရှိမှုကို ရှေးရှုပြီး အချိန်နဲ့တစ်ပြေးညီ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားမှာပါ" ဟု တာဝန်ခံအင်ဂျင်နီယာက ပြောသည်။

ယခင်ကတ္တရာလမ်း ၁၈ ပေပေါ်တွင် ထပ်ပိုးလွှာကွန်ကရစ်လမ်းသစ်ခင်းကျင်းခြင်းကို မေ ၂၃ ရက်က စတင်ပြီး ဒုတိယဌာနမှူးနှင့် အင်ဂျင်နီယာများက ဦးဆောင်ပြီး လမ်းတံတားဝန်ထမ်း ၃၀၊ စက်ယန္တရားများဖြင့် မြေညှိခြင်း၊ ကျောက်ပုံးကျောက်ခွက်ပြုလုပ်၍ ကွန်ကရစ်သားလောင်းခြင်း၊ ကွန်ကရစ် လမ်းသစ်ပေါ်တွင် ရေစီးမြောင်းမျဉ်းကြောင်းဆွဲခြင်းနှင့် အပြီးသတ်လမ်းပခုံးသားဖို့မြေတင်ခြင်းများကို အစီအစဉ်အလိုက် လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြမည်ဟု သိရသည်။

"ကျွန်တော်က မဟာမြိုင်လမ်းဘေးမှာနေထိုင်တဲ့ ပြည်သူတစ်ဦးပါ။ ဒီလမ်းပျက်စီးမှုကိုကြည့်ပြီး ဘယ်တော့များ ယာဉ်အန္တရာယ်ဖြစ်လာမလဲ၊ သဲတင်ယာဉ်ဖိတ်စင်ကြတဲ့ သဲမှုန်တွေကြောင့် ကျန်းမာရေးမကောင်းတဲ့ ပြည်သူတွေ ဘယ်လိုနေကြမလဲဆိုတဲ့ စိုးရိမ်စိတ်နဲ့ နေခဲ့ရတာပါ။ အခုတော့ သက်ဆိုင်ရာဌာနနဲ့ အဖွဲ့အစည်းတွေက သဲတင်ယာဉ်တွေကိုလည်း တားမြစ်ထားတယ်။ လမ်းသစ်ကိုလည်း ခင်းပေးတယ်ဆိုတော့ တကယ်ကို ကျေးဇူးတင်ဝမ်းမြောက်မိပါတယ်။ တစ်ခုတော့စိုးရိမ်စိတ်နဲ့ မြင်မိပါတယ်။ ဘာလဲဆိုတော့ လမ်းသားမြင့်တက်လာတော့ လမ်းကိုကျော်ပြီးသွယ်တန်းထားတဲ့ ဓာတ်ကြိုးတွေနဲ့ ယာဉ်တွေငြိပြီး ပြတ်တောက်ခဲ့ရင် ပြည်သူတွေအတွက် လျှပ်စစ်အန္တရာယ်ကြုံတွေ့နိုင်ပါတယ်။ အခုဆို မိုးကာလလည်း ရောက်နေပြီလေ။ ဒါကြောင့် သက်ဆိုင်ရာဌာနက ပြည်သူ့အကျိုးကိုကြည့်ပြီး ထိုက်သင့်သလို ကူညီဆောင်ရွက်ပေးမယ်ဆိုရင် ပိုပြီးအဆင်ပြေ ချောမွေ့သွားမှာပါ"ဟု ဒေသခံတစ်ဦးက ပြောသည်။

မဟာမြိုင်လမ်းမကြီး လမ်းသားသစ်ခင်းကျင်းပြီးသွားလျှင် လမ်းကိုရေရှည်အသုံးပြုနိုင်ရန် ပြည်သူများ သဲတင်ယာဉ်များက ဖိတ်စင်ကျသော သဲမှုန်ပါသည့် လေမရှူရှိုက်မိစေရန်အတွက် ပြည်သူများနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ စည်းကမ်းသတ်မှတ်ချက်ဖြင့် ထိန်းသိမ်းဆောင်ရွက်ကြမည်ဟု သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

## ဥတုရာသီ တောင်ကိုမှီ၍

**အနုပညာ**

# အစီအစဉ်သစ်အတွက် ရိုက်ကူးရေးအတူပြုလုပ်ခဲ့တဲ့ ဟာသသရုပ်ဆောင်ဂျေယွန်ဒန်နှင့် ဘောလုံးကစားသမားဟောင်းအန်ဂျွန်ဟွမ်



ဟာသသရုပ်ဆောင်ဂျေယွန်ဒန်နှင့် ဘောလုံးကစားသမားဟောင်း အန်ဂျွန်ဟွမ်တို့သည် KBS ရုပ်သံဌာန၏ ဖိတ်ကြားချက်အရ အစီအစဉ်သစ်တစ်ခုရိုက်ကူးထုတ်လုပ်ရေးအတွက် ဇွန် ၇ ရက်(တနင်္ဂနွေနေ့)က သွားရောက်ရိုက်ကူးပေးခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံရှိ OSEN သတင်းဌာနက ဖော်ပြထားသည်။

ဂျေယွန်ဒန်နှင့် အန်ဂျွန်ဟွမ်တို့သည် "Our Neighbourhood Arts and Physical Education" အစီအစဉ်တွင်လည်း ပါဝင်ရိုက်ကူးပေးခဲ့သဖြင့် ယခုအကြိမ်သည် သူတို့နှစ်ဦး၏ ဒုတိယအကြိမ်မြောက် အတူတကွ ရိုက်ကူးရေးပြုလုပ်ခြင်းဖြစ်သည်။

ဟာသသရုပ်ဆောင်ဂျေယွန်သည် ၂၀၀၂ခုနှစ်တွင် KBS Gag Concert တွင် ဝင်ရောက်သရုပ်ဆောင်ပြီး အနုပညာလောကထဲ စတင်ဝင်ရောက်လာခဲ့သူဖြစ်သည်။ ဆက်လက်၍ MBC ရုပ်သံဌာနမှရိုက်ကူးသည့် လူကြိုက်များသည့်အစီအစဉ်တစ်ခုဖြစ်သော Infinite Challenge အစီအစဉ်တွင်လည်း ပါဝင်ရိုက်ကူးပေးခဲ့သည်။

အသက်(၃၉) နှစ်ရှိပြီဖြစ်သော ဘောလုံးကစားသမားဟောင်း အန်ဂျွန်ဟွမ်သည် ၂၀၀၂ခုနှစ် ဖီဖာကမ္ဘာ့ဖလားတွင် အီတလီနှင့်ယှဉ်ပြိုင်ကစားသောပွဲ၌ အနိုင်ဂိုးသွင်းပေးခဲ့သူဖြစ်ပြီး ၂၀၀၆ နှင့် ၂၀၁၀ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ သူ၏ထူးချွန်သော ဘောလုံးအားကစားစွမ်းရည်ကြောင့်သာမက ချောမောပြေပြစ်သော ရုပ်ရည်ကြောင့်လည်း နာမည်ကျော်ကြားလာခဲ့သည်။

၂၀၁၃ ခုနှစ်တွင် SBS ၏ The Law of the Jungle in Himalaya အစီအစဉ်တွင် စတင်ရိုက်ကူးပြီး သရုပ်ဆောင်လောကထဲ ဝင်ရောက်ခဲ့ကာ ယခုလက်ရှိတွင်လည်း MBC မှထုတ်လွှင့်သည့် "Dad Where Are You Going" ကိုရိုက်ကူးလျက်ရှိသည်။

ဂျေယွန်ဒန်နှင့် အန်ဂျွန်ဟွမ်တို့ ယခုသွားရောက်ရိုက်ကူးခဲ့သည့်အစီအစဉ်သည် နာမည်ကြီးအနုပညာရှင်များ၏ အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းများနှင့်ပတ်သက်ပြီး မေးမြန်းထားသည့် အစီအစဉ်တစ်ခုဖြစ်ကာ KBS မှ ဇူလိုင်လတွင် စတင်ထုတ်လွှင့်မည်ဖြစ်ကြောင်းသိရသည်။

**ဆုမြတ်**

# ကစ်တီပယ်ရီကလည်း ၁၉၈၄ တဲ့လား

အမေရိကန်ပေါ့ပ်အဆိုတော် ကစ်တီပယ်ရီသည် သီချင်းသစ်တစ်ပုဒ်ကို ရိုက်ကူးတင်ဆက်ခွင့်ရရန် BMI တွင် မှတ်ပုံတင်ထားပြီး အဆိုပါ သီချင်းခေါင်းစဉ်ကို ၁၉၈၄ ဟု စာရင်းတင်သွင်းခဲ့ကြောင်း MTV သတင်းစာတွင် ဖော်ပြခဲ့သည်။



အဆိုတော် တေလာဆွစ်၏ နောက်ဆုံးထွက်ရှိခဲ့သော တစ်ကိုယ်တော်တေးအယ်လ်ဘမ်၏အမည်မှာ တေလာမွေးဖွားခဲ့သောခုနှစ်ကို အစွဲပြု၍ ၁၉၈၉ခု အမည်ပေးထားခဲ့ရာ ယခု ကစ်တီပယ်ရီကလည်း သူ၏ မွေးဖွားခဲ့သည့်နှစ် ၁၉၈၄ဟု သီချင်းခေါင်းစဉ်ပေးခဲ့ခြင်းဖြစ်သည်ဟုလည်း ဝေဖန်မှုများပေါ်ထွက်နေခဲ့သည်။

တေလာဆွစ်၏ နောက်ဆုံးထွက်ရှိခဲ့သော "Bad Blood" တေးစီးရီးတွင် သူနှင့် ကစ်တီပယ်ရီတို့၏ ဆိတ်သုဉ်းသွားသည့် စိတ်ပျက်ဖွယ် ဆက်ဆံရေးအကြောင်းကို ရေးဖွဲ့ထားသောသီချင်းများလည်း ပါဝင်ခဲ့သည့်အတွက် ယခုတစ်ဖန် ကစ်တီပယ်ရီက တေလာ၏တေးသီချင်းခေါင်းစဉ်ကို တုပ၍ ယခုကဲ့သို့ သူမွေးဖွားခဲ့သည့်ခုနှစ်ကို သီချင်းခေါင်းစဉ်ပေးခဲ့ခြင်းဖြစ်သည်။

သူတို့နှစ်ဦးသည် အရင်းနှီးဆုံးသော သူငယ်ချင်းများဖြစ်ခဲ့ကြသော်လည်း ယခုတွင် သူစိမ်းအဖြစ်သာမက ရန်သူဟုပင်ဆိုရလောက်သော ဆက်ဆံရေးမျိုးရှိနေခဲ့ကြောင်းကို တေလာက "နှစ်အတော်ကြာတဲ့အထိ သူငယ်ချင်းတွေဖြစ်ခဲ့တယ်ဆိုတာ မယုံကြည်နိုင်ခဲ့ဘူး။ တစ်ခါတလေ သူဟာ ငါ့ရဲ့သူငယ်ချင်းလား၊ ငါ့ဘဝကို စော်ကားပုတ်ခတ်မှုတွေပဲ ပေးခဲ့တဲ့သူလားလို့ တွေးမိတယ်။ သူတကယ်ကို အံ့သြစရာကောင်းတာကို လုပ်ခဲ့တယ်။ အခုတော့ ကျွန်မတို့ဟာ တကယ်ကိုဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတဲ့ ရန်သူတွေပါပဲ"ဟု Rolling Stone မဂ္ဂဇင်းသို့ ပြောခဲ့သည်။

ကစ်တီပယ်ရီသည် ၂၀၁၆ တွင် အဆိုပါတေးအယ်လ်ဘမ်ကို ထုတ်လုပ်ဖြန့်ချိသွားရန် စီစဉ်ထားပြီး သူသည် ဒေးဗစ်ဘိုဝီ၏ သီချင်း "၁၉၈၄"ကိုလည်းကောင်း၊ ဂျော့ဂျ်အော်ဝဲလ်၏ ဝတ္ထု "၁၉၈၄"ကိုလည်းကောင်း တုပသည်လည်းဖြစ်တန်ကြောင်း အဆိုပါသတင်းစာက ဖော်ပြခဲ့သည်။ **အေးပြည့်**

# ဆယ်နှစ်မြောက် နှစ်ပတ်လည်နေ့ကျင်းပခဲ့တဲ့ SS501

တောင်ကိုရီးယားမှာသာမက အာရှတစ်ခွင်မှာ ကျော်ကြားခဲ့တဲ့ အမျိုးသားပေါ့ပ်ဂီတအဖွဲ့ SS501 ဟာ အနုပညာလမ်းကြောင်းပေါ် လျှောက်လှမ်းခဲ့တာ ၁၀ နှစ်ဆိုတဲ့ အချိန်ကာလတစ်ခုအထိ ဖြတ်သန်းခဲ့ပြီးပြီမို့ သူတို့ရဲ့ ၁၀ နှစ်မြောက် နှစ်ပတ်လည်နေ့ကို လူမှုကွန်ရက်မီဒီယာပေါ်တွင် ကျင်းပခဲ့သည်။

အဖွဲ့ဝင်ငါးဦးဖြင့် ဖွဲ့စည်းထားသော SS501 သည် လတ်တလောတွင် အဖွဲ့ဝင် သုံးဦးသာရှိနေပြီး ဟီးယန်ဆင်းနှင့် ကင်မ်ဟွန်ဂျွန်တို့ နှစ်ဦးမှာ စစ်မှုထမ်းနေသည်။ ကျန်ရှိနေသော အဖွဲ့သားများက လူမှုကွန်ရက်မီဒီယာပေါ်တွင် အဖွဲ့အတွက် ဂုဏ်ပြုဆုတောင်းစာများရေးသားခဲ့ပြီး ပရိသတ်များကလည်း ဆုတောင်းစာများ ရေးသားပေးပို့ခဲ့ကြသည်။

SS501ကို ၂၀၀၅ ခုနှစ် ဇွန် ၈ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး စတင်ဖွဲ့စည်းခဲ့သည့် ၂၀၀၅ ခုနှစ်၌ပင် ကေအမ်ဂီတပွဲတော်တွင် အကောင်းဆုံး မျက်နှာသစ်အမျိုးသားဂီတအဖွဲ့ဆုအပါအဝင် ဆုတံဆိပ်ပေါင်း ငါးခုရရှိခဲ့ကာ နှစ်စဉ်နှစ်တိုင်းဆုတံဆိပ်များကို ပိုင်ဆိုင်ခွင့်ရခဲ့သော အောင်မြင်သည့် တေးဂီတအဖွဲ့တစ်ဖွဲ့ ဖြစ်သည်။

**အေးပြည့်**



# ရုပ်မြင်သံကြားအစီအစဉ်များ

**၁၀ - ၆ - ၂၀၁၅ (ဗုဒ္ဓဟူးနေ့)**

## မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆:၂၅ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၆:၄၀ သီချင်းကြီးပဒေသာ
- ၆:၅၀ ကလောမှာထင်ရှားရွှေဥမင်ဘုရား
- ၈:၃၅ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများအကြောင်း အစီအစဉ်
- ၁:၅၀ ပီသကြည်မြ မဟာဂီတ (အပိုင်း-၁၀)
- ၂:၁၅ "အမွန်မြတ်ဆုံးလက်ဆောင်"
- ၂:၃၅ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၃:၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၆:၃၀ ၂၀၁၅ခုနှစ် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ (ဘောလုံးပြိုင်ပွဲ) တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မြန်မာယူ-၂၃အသင်းနှင့် ကမ္ဘောဒီးယား ယူ-၂၃အသင်း) သုခမရင်ခွင်အငြိမ့်သဘင် ပေါ်ဦးနှင့် အပေါင်းအသင်းများ အငြိမ့် (မင်းသမီး- လင်းလက်ရွှေရည်၊ လူရွှင်တော်- ပေါ်ဦး၊ စူပါ၊ ချာလီ၊ ချစ်စမ်းမောင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆:၀၀ အဖွင့် - ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ ဂီတရိပ်သာ (အပိုင်း-၇၀)
- ၆:၂၀ "တိမ်ကိုခွင်းမည့် အားမာန်များ" (မြင့်မြတ်၊ ရဲမွန်၊ နန်းခင်ဇေယျာ၊ တင်ဇာဝင်းပြည့်) (ဒါရိုက်တာ-ဂျိုး)
- ၆:၅၀ တေးဂီတအစီအစဉ်
- ၇:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၃၈)
- ၇:၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီပန်းတစ်ပွင့်" (အပိုင်း-၇၇)
- ၈:၂၀ "နှလုံးသားနှင့်ရင်း၍" (မင်းရာဇာ၊ ဇော်ဝင်းမောင်၊ ဆုပန်ထွာ) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
- ၈:၅၀ တေးဂီတအစီအစဉ်
- ၉:၀၅ "Golden Love" (မင်းဦး၊ သူထူးစံ၊ထိုက်ဆုဝင်း) (ဒါရိုက်တာ-THS)
- ၉:၃၅ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်းကြီးနှင့် မြန်မာ့အသံ ခေတ်ပေါ် တေးဂီတပူးပေါင်း ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၁၀:၀၀ မြန်မာရုပ်ရှင်(ဖြူ/မည်း) "လကွယ်မိုးနှောင်း" (ညွန့်ဝင်း၊ ဝင်းညွန့်၊ တင်တင်နွဲ့) (ဒါရိုက်တာ-ဝင်းဦး)

**တစ်နေ့ (၆) နာရီစာ (၄) ကြိမ် ပြသပါမည်။**

***ညပိုင်း***

***၆:၃၀ ၂၀၁၅ ခုနှစ်၊ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာယူ-၂၃ အသင်းနှင့်ကမ္ဘောဒီးယား ယူ-၂၃ အသင်း)***

## မြဝတီ

- ၆:၀၃ တရားတော်
- ၆:၁၆ မေတ္တာပို့
- ၆:၂၀ ဓမ္မပူဇာတေး
- ၆:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆:၃၀ မျိုးချစ်တပ်မတော်
- ၈:၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈:၁၅ မွေးမြူသုတ
- ၈:၃၀ DVD Hits
- ၈:၃၅ ဇာတ်လမ်းတို
- ၈:၅၀ သူနှင့်သူ၏သီချင်းများ
- ၉:၀၀ စာပေအလင်းစာပေသတင်း
- ၄:၁၅ လျှပ်တစ်ပြက်
- ၄:၂၅ အမျိုးသားရေးတေးကဗျာ
- ၄:၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၅၅ ရွှေဟောင်းသုတ
- ၅:၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၂၅ ပန်းကလေးများပွင့်တော့မည်
- ၅:၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း အပိုင်း(၄၅)
- ၆:၀၆ Go For Gold
- ၆:၁၅ Meet Whith The Celebrities
- ၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဆူးခင်းလမ်းရဲ့ချစ်ပန်းနှင်းဆီ အပိုင်း(၄၆) - ရယ်စရာပျော်စရာဟာသကမ္ဘာ - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဟိုတယ်ဘုရင် (အပိုင်း-၃၉)

## MRTV - 4

- ၅:၀၀ ပဋ္ဌာန်းပါဠိတော် + ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၈:၀၀ Cartoon Series (Go Go Giggles)
- ၈:၄၀ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
- ၉:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၉၄)
- ၉:၄၀ အနုပညာမိုးကောင်းကင်
- ၁၀:၀၀ ခေတ်သစ်ပျိုမေ
- ၁၀:၄၅ ရန်ကုန်မြင်ကွင်းကျယ်
- ၁၁:၀၀ ဟင်းချက်ရအောင်
- ၁၁:၂၅ MRTV-4 Stage
- ၁၁:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၂၅)
- ၁၂:၂၅ အဖြူရောင်ခွက်ကလေး
- ၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ" (မိုးစက်တင်ရွှာ)
- ၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ ပန်းလိပ်ပြာ" (အပိုင်း-၃၆)
- ၅:၅၀ Miss Myanmar World 2015
- ၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ ပန်းလိပ်ပြာ" (အပိုင်း-၃၇)
- ၇:၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ" (ရေချမ်းစင်)
- ၈:၁၅ ရသစုံညွှန်းတမ်းများ
- ၈:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၉၅)
- ၉:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၂၆)
- ၉:၄၅ ကျွန်မက နှင်းဆီပါမောင် TalkShow
- ၁၀:၁၅ MRTV-4 Stage
- ၁၂:၀၀ "စိတ်စင်ကြယ်ရင် ကံသုံးပါး စင်ကြယ်တယ်" (အပိုင်း-၂) တရားတော် (ဆားဘူးတောင်း ဆရာတော် အရှင်ကုသလ)
- ၃:၁၅ Let's Talk
- ၃:၅၀ ပတ္တမြားမြေသို့ အလည်တစ်ခေါက်
- ၄:၁၀ World of Knowledge (Ground War : Warrior Weapon)

# (၂၈)ကြိမ်မြောက် စင်ကာပူ ဆီးဂိမ်းပုံရိပ်များ

## ၂၀၁၅ စင်ကာပူဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | စင်ကာပူ | ၅၂ | ၄၄ | ၅၄ | ၁၅၀ |
| ၂ | ထိုင်း | ၃၈ | ၄၀ | ၃၅ | ၁၁၃ |
| ၃ | ဗီယက်နမ် | ၃၃ | ၁၆ | ၃၈ | ၈၇ |
| ၄ | မလေးရှား | ၂၀ | ၂၆ | ၃၀ | ၇၈ |
| ၅ | အင်ဒိုနီးရှား | ၁၇ | ၂၀ | ၃၈ | ၇၅ |
| ၆ | ဖိလစ်ပိုင် | ၁၂ | ၁၇ | ၂၉ | ၅၈ |
| ၇ | မြန်မာ | ၁၁ | ၁၆ | ၁၈ | ၄၅ |
| ၈ | ကမ္ဘောဒီးယား | ၁ | ၃ | ၃ | ၇ |
| ၉ | လာအို | ၀ | ၃ | ၁၂ | ၁၅ |
| ၁၀ | ဘရူနိုင်း | ၀ | ၀ | ၅ | ၅ |
| ၁၁ | တီမော | ၀ | ၀ | ၁ | ၁ |

## မြန်မာပရိသတ်များ၏ဆီးဂိမ်းမျှော်လင့်ချက်ရင်ခုန်သံ

မြန်မာအမျိုးသားဘောလုံးအသင်းသည် ဆီးဂိမ်းအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသော ၂၀၁၃ ခုနှစ်တွင် အုပ်စုအဆင့်ကို မကျော်နိုင်ခဲ့ဘဲ မြန်မာနိုင်ငံသားများအလိုချင်ဆုံး ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းမရှိရာ ယခုစင်ကာပူဆီးဂိမ်းတွင် မြန်မာဘောလုံးပရိသတ်များ မြန်မာအသင်းအပေါ် အကြီးအကျယ်စိတ်ဝင်စားမှုမရှိခဲ့ပေ။ သို့သော်အမှန်တကယ် ကစားချိန်တွင် ဒေသတွင်း ဘောလုံးအင်အားကြီး အင်ဒိုနီးရှားကိုဂိုးပြတ်ဖြင့်ခြေရည်အသာ အနိုင်ယူနိုင်ခဲ့သလို အိမ်ရှင်စင်ကာပူပရိသတ်များရှေ့မှာပင် စင်ကာပူကို ခြေစွမ်းအသာဖြင့် အနိုင်ယူပြနိုင်ခဲ့သည်။ ထိုနိုင်ပွဲများကြောင့် မြန်မာဘောလုံးပရိသတ်များ အားလုံး၏ နှလုံးသားများ ပြန်လည်နွေးထွေးလာခဲ့ရာ မြန်မာဘောလုံးပရိသတ်များ၏ ရင်ခုန်သံကို ကြေးမုံပရိသတ်များအတွက် ပြန်လည်ဝေမျှလိုက်ပါသည်။

**ကိုခိုင်ကြီး(တပ်ကုန်း)**



မြန်မာအသင်းဆီးဂိမ်းမှာ ကစားသွားတာကို ကြည့်ရတာ အရင်နှစ်တွေကထက် ခြေစွမ်းအများကြီး ကောင်းလာပါတယ်။ နာမည်ကြီး ကစားသမားတွေ မပါလို့ပဲလားတော့ မသိဘူး။ သူတို့ကို ကြည့်ရတာ ဖိအားကင်းကင်းနဲ့ ကစားနိုင်သလိုပဲ။ နာမည်ကြီး ကစားသမားတွေ ကတော့ ဘောလုံးလွတ်သွားရင် သိပ်ပြီး လိုက်မဆယ်ဘူး။ ဒီခြေစွမ်းမျိုးနဲ့ဆို ဘယ်အသင်းမျိုးကိုမဆို ယှဉ်နိုင်ပါတယ်။ တစ်ဦးကောင်းတစ်ယောက်ကောင်းဆိုတာထက် အဖွဲ့လိုက်ကောင်းဖို့က ပိုအရေးကြီးပါတယ်။ ၂၀၁၃ ခုနှစ်ကထက် အခု ရလဒ်ပိုကောင်းတာက ဦးကြည်လွင်တို့၊ ဦးသန်းတိုးအောင်တို့ဆိုတာက ငွေခေတ်က ကစားသမားတွေဆိုတော့ ကိုယ့်နိုင်ငံသားအပေါ် စေတနာထားမှုက တခြားနိုင်ငံသားတွေထက်သာတာပေါ့။ တခြားနိုင်ငံသားတွေဆိုတာက အလုပ်သဘောပဲကိုဗျ။ ဗီယက်နမ်နဲ့ပဲတွေ့တွေ့၊ ထိုင်းနဲ့ပဲတွေ့တွေ့ မြန်မာ ဗိုလ်လုပွဲတက်နိုင်ပါတယ်။ တက်လည်းတက်စေချင်ပါတယ်။ ယူ-၂၀ဆိုလည်းကမ္ဘာ့အဆင့်နည်းလားဗျာ။ လူကောင်သာကွာလို့ရှုံးရတာ။ခြေစွမ်းပိုင်းရှုံးမှမရှုံးတာ။ ရွှေခေတ်ပြန်ရောက်ဖို့ဆိုတာ မဝေးတော့ပါဘူး။

**ကိုထွန်း (အခွေဆိုင်)**



ဆီးဂိမ်းပွဲတွေ တောက်လျှောက် ကြည့်လာတာ ဒီနှစ်တော့ အားရတယ်ဗျာ။ ပြီးတော့ အလွတ်တည်ကန်ဘောတွေလည်း ပိုပြီး သေသပ်လာသလိုပဲ။ နောက်တန်းကလည်း ကစားပုံကောင်းပါတယ်။ တိုက်စစ်ဖွင့်ကစားတဲ့အသင်းကတော့ ပေးဂိုးများတာပေါ့။ ဗီယက်နမ်လို တိုက်စစ်ဖွင့်ကစားတဲ့အသင်းနဲ့ တွေ့ရင်တော့ နည်းနည်းတော့ သတိထားရမှာပေါ့ဗျာ။ မြန်မာ ယူ-၂၃ ကစားပုံနဲ့ ပတ်သက်ပြီး ဘာမှ ဝေဖန်စရာမရှိပါဘူး။

**တွေ့ဆုံမေးမြန်း - မေလှဲ့သင်း၊ ဓာတ်ပုံ- ဇင်ဘိုမင်း**

## မြန်မာ့ဂေါက်သီးရိုက်အားကစားအဖွဲ့ စင်ကာပူနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဇွန် ၉**

စင်ကာပူနိုင်ငံ၌ ကျင်းပသည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဆောင်သော မြန်မာနိုင်ငံကိုယ်စားပြု ဂေါက်သီးအားကစားအဖွဲ့သည် ဇွန် ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ စင်ကာပူနိုင်ငံသို့ထွက်ခွာသွားသည်။

မြန်မာနိုင်ငံ ကိုယ်စားပြုယှဉ်ပြိုင်ရန်ထွက်ခွာသွားသော ဂေါက်သီးအားကစားအဖွဲ့တွင် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေး၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် နည်းပြများ၊ အမျိုးသားအားကစားသမားငါးဦးနှင့် အမျိုးသမီးအားကစားသမား သုံးဦးတို့ ပါဝင်ကြောင်း သိရသည်။

**ကြေးမုံ**

## ကမ္ဘောဒီးယားအား စင်ကာပူ ဂိုးပြတ်အနိုင်ယူပြီး အကြိုဗိုလ်လုပွဲအိပ်မက်ကို ဆက်လက်အသက်ဝင်စေခဲ့

**မေလှဲ့သင်း စုစည်းသည်။**

ဇွန်၈ရက်က ယှဉ်ပြိုင်ကစားခဲ့သောစင်ကာပူအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့၏ အုပ်စု(က) ပွဲစဉ်တွင် စင်ကာပူက ကမ္ဘောဒီးယားအား သုံးဂိုး-တစ်ဂိုးဖြင့် ပြတ်ပြတ်သားသားအနိုင်ယူကာ မြန်မာနှင့်ပွဲမှ အရှုံးကိုပြန်လည်ကုစားခဲ့သည်။ ပြီးခဲ့သည့် မတ် ၁၉ ရက်က နိုင်ငံတကာချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် စင်ကာပူယူ-၂၃ အသင်းနှင့်ကမ္ဘောဒီးယားယူ-၂၂ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကမ္ဘောဒီးယားအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

စင်ကာပူနည်းပြချုပ် အစ္စကန်ဒါက ဖိလစ်ပိုင်နှင့် မြန်မာတို့ကို ရင်ဆိုင်ကစားခဲ့သော ပွဲစဉ်များတွင် အသုံးပြုခဲ့သော ကစားကွက်ကို အပြောင်းအလဲပြုလုပ်ကာ ကျောနံပါတ်(၁၇) ဖန်ဒီကို နောက်တန်းဗဟိုခံစစ်ကြောင်း နှင့် အဓိကကွင်းလယ်ကစားသမားကျောနံပါတ်(၇) ဆူဟာမီကိုလည်း ကွင်းလယ်အဖျက်နေရာတွင်ထား၍ကမ္ဘောဒီးယားတိုက်စစ်ကို ဖြတ်တောက်ခဲ့သည်။

စင်ကာပူအသင်း၏ တရစပ် တိုက်စစ်ဆင်မှုကို ကမ္ဘောဒီးယား နောက်တန်း ရေရှည်တောင့်မခံနိုင်ဘဲ ပထမပိုင်းကတည်းက ပေးဂိုးများ ဆက်တိုက်ပေးခဲ့ရသည်။ ကမ္ဘောဒီးယားအသင်းသည် ဒုတိယပိုင်းတွင် ခြောက်ကိုက်စည်းထဲမှ စင်ကာပူနောက်တန်းကို ခြိမ်းခြောက်ကစားခဲ့သော်လည်း သေသပ်သော စင်ကာပူ၏ နောက်တန်းကစားပုံကြောင့် ဂိုးသွင်းခွင့်မည်မည်ရရ ဖန်တီးနိုင်မှု မရှိခဲ့ပေ။



စင်ကာပူနည်းပြချုပ် အစ္စကန်ဒါက ဇွန်၁၁ရက်တွင် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် အင်ဒိုနီးရှားနှင့် ရင်ဆိုင်ရမည့်ပွဲမှာ စင်ကာပူအတွက် သေရေးရှင်ရေးတစ်မျှ အရေးကြီးကြောင်း၊ ပွဲတိုင်းကို အကောင်းဘက်မှ ကြည့်၍ ချဉ်းကပ်ခြင်းကသာ ရေရှည်အောင်ပွဲကိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ဆိုခဲ့သည်။

ယခုနိုင်ပွဲကြောင့် စင်ကာပူအသင်းသည် အုပ်စု(က)တွင်မြန်မာအသင်းနှင့်အတူ အကြိုဗိုလ်လုပွဲတက်ရောက်ရေးမျှော်လင့်ချက်မှာ ပိုမိုအားကောင်းလာခဲ့ပြီဖြစ်သည်။

## သွင်းဂိုးတွေဝေဝေဆာဆာမြင်တွေ့နေရတဲ့၂၀၁၅ဆီးဂိမ်း

စင်ကာပူဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(က)နှင့် အုပ်စု(ခ) အုပ်စုပွဲစဉ်များမပြီးဆုံးမီအချိန်မှာပင် ပြိုင်ပွဲဝင် အသင်း ၁၁ သင်း၏ သွင်းဂိုးအမြောက်အမြားကို မြင်တွေ့ခဲ့ရပြီး ၂၀၁၃မြန်မာဆီးဂိမ်းအုပ်စုပွဲစဉ်များပြီးဆုံးချိန်တွင် ရရှိခဲ့သည့် သွင်းဂိုး ၅၉ ဂိုးထက်များစွာကျော်လွန်နေခဲ့ပြီဖြစ်သည်ဟု စင်ကာပူမီဒီယာများကဖော်ပြသည်။

သို့သော် ၂၀၁၃ပြိုင်ပွဲတွင် ဖိလစ်ပိုင်အသင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိဘဲ ပြိုင်ပွဲဝင်အသင်း၁၀သင်းသာရှိခဲ့သည်။ယခုနှစ်တွင် အုပ်စုနှစ်စုပေါင်း သွင်းဂိုးအရေအတွက် ၇၀ရှိပြီဖြစ်ကာ အုပ်စု(ခ)မှ ဗီယက်နမ်နှင့်ထိုင်းတို့၏ အုပ်စုဗိုလ်နေရာရရှိရေးယှဉ်ပြိုင်ရမည့် ပွဲစဉ်၊ အုပ်စု(က)မှအင်ဒိုနီးရှားနှင့် စင်ကာပူတို့၏ အကြိုဗိုလ်လုပွဲတက်ရေး အဆုံးအဖြတ်ပွဲစဉ်တို့တွင် သွင်းဂိုးအမြောက်အမြားကိုထပ်မံမြင်တွေ့ရရန်ရှိနေသည်ဟုလည်း ဆက်လက်ဖော်ပြထားသည်။

ဆက်လက်၍ မြန်မာအသင်းမှာလည်းတိုက်စစ်စွမ်းရည်ကောင်းမွန်နေသလို မလေးရှားကလည်းဂုဏ်သိက္ခာအတွက် လက်ကျန်ပွဲစဉ်များတွင် အမှတ်ရရှိရေး ကြိုးပမ်းနေသောကြောင့် အုပ်စုပွဲစဉ်များပြီးဆုံးချိန်တွင် သွင်းဂိုး၁၀၀ခန့် အထိရောက်ရှိလာနိုင်သည်ဟု စင်ကာပူသတင်းစာများက ရေးသားထားသည်။

## ဘီလီယက်ပြိုင်ပွဲတွင် မြန်မာမှ ထက်ကို ငွေတံဆိပ်ဆုဖြင့်သာ ကျေနပ်ခဲ့ရ

ဇွန်၉ရက်က ယှဉ်ပြိုင်ခဲ့သော အမျိုးသားတစ်ဦးချင်း ဘီလီယက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံစင်ကာပူနိုင်ငံသား ချူအန်လီယွန်က မြန်မာမှ ထက်ကိုအား ၄-၂ ဖြင့် အနိုင်ယူကာ လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့သည်။ ယခုပြိုင်ပွဲတွင် ရရှိခဲ့သော ရွှေတံဆိပ်မှာ ချူအန်လီယွန်အတွက် ၂၀၁၅ စင်ကာပူဆီးဂိမ်းတွင်ရရှိခဲ့သော ဒုတိယမြောက်ရွှေတံဆိပ်ဖြစ်ကာ ၂၀၁၃ မြန်မာဆီးဂိမ်းတွင်လည်း ၎င်းတစ်ဦးတည်းက ရွှေတံဆိပ်ဆုခြောက်ဆု ဆွတ်ခူးရရှိခဲ့သူဖြစ်သည်။

မြန်မာမှထက်ကိုမှာ ပြိုင်ပွဲတွင် အကောင်းဆုံးလက်စွမ်းဖြင့် ယှဉ်ပြိုင်ခဲ့သော်လည်း အတွေ့အကြုံကြွယ်ဝနေသည့် ချူအန်လီယွန်က အဆင့်(၅)နှင့် (၆) ပွဲငယ်နှစ်ပွဲတွင် ၇၄-၄၉၊ ၆၄-၁၈ ဖြင့်အနိုင်ယူကာ လက်ရှိချန်ပီယံဘွဲ့ကို ဆက်လက်ကာကွယ်နိုင်ခဲ့သည်။



### အွန်လိုင်းမှတစ်ဆင့်ရောင်းချပေးနေတဲ့ စင်ကာပူဆီးဂိမ်းအမှတ်တရပစ္စည်းများ

စင်ကာပူနိုင်ငံသည် ၂၂နှစ်ကြာမှပြန်လည်ကျင်းပခွင့်ရသည့် ဆီးဂိမ်းပြိုင်ပွဲကြီးအတွက် အမှတ်တရပစ္စည်းများကိုအထူးဒီဇိုင်းထွင်ကာ ဖန်တီးထားသည်ဟု စင်ကာပူဆီးဂိမ်းပြိုင်ပွဲကျင်းပရေးကော်မတီတာဝန်ရှိသူများက ပြောသည်။ အဆိုပါပစ္စည်းများကို အွန်လိုင်းမှပင် အလွယ်တကူဝယ်ယူရရှိအောင်လည်း စီစဉ်ဆောင်ရွက်ပေးထားပြီး တရားဝင်ရောင်းချခွင့်ရရှိထားသော အွန်လိုင်းစတိုးများတွင်သာ ဝယ်ယူနိုင်မည်ဖြစ်သည်။

## မူးယစ်နွံတွင်း ကျံဆင်းခြင်း ဘဝနိဂုံးချုပ်လိမ့်မည်

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

# မိုင်းပွန်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၉၈၈၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအတွင်း သံလွင်စစ်ဆင်ရေး စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၆ ရက်က မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်၊ မူးယစ်တပ်ဖွဲ့စု(၁၀၃)နေပြည်တော်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းပွန်မြို့မှ ဟိုပုံးမြို့အထွက် ပွန်ချောင်းတံတားအနီးတွင် လွိုင်လင်မြို့ဘက်မှ ဟိုပုံးမြို့ဘက်သို့ မောင်းနှင်လာသည့် EE/---- ပရိုဘောက် အဖြူရောင် ခရီးသည်တင်ယာဉ်ကိုစစ်ဆေးရာ ခရီးသည် ခွန်တသီးနှင့် ဇနီးဖြစ်သူ မနန်းငင်းတို့ ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ခွန်တသီးမှာ လွတ်မြောက်သွားပြီး မနန်းငင်းအားဖမ်းဆီးရမိ၍ ၎င်းတို့၏ လက်ဆွဲအိတ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၈၀ သိမ်းဆည်းရမိသဖြင့် မနန်းငင်း (၃၅)နှစ်နှင့် ခွန်တသီး (ဖမ်းမမိသေး)တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။



မ နန်း ငင်း အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ဆီဆိုင်**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအတွင်း သံလွင်စစ်ဆင်ရေးစီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၆ ရက်က ဆီဆိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ကျေးရွာနှင့် နမ့်မတက်ကျေးရွာသွား လမ်းမပေါ်တွင် ဆိုက်ခေါင်ကျေးရွာဘက်မှ နမ့်မတက်ကျေးရွာဘက်သို့ မောင်ရွှေမောင်းနှင်လာသည့် ဆိုင်ကယ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀ သိမ်းဆည်းရမိသဖြင့် မောင်ရွှေ(၃၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**တာချီလိတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအတွင်း မဲခေါင်စစ်ဆင်ရေး(၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၆ ရက်က မူးယစ်တပ်ဖွဲ့စု(၁၀၃)နေပြည်တော်၊ မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်၊ တာချီလိတ် ခရိုင်ရဲတပ်ဖွဲ့ရုံးနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝမ်လုံးအုပ်စု ဆေခမ်းရပ်ကွက်နေ နန်အင်းအိုက်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၃ ပြားနှင့် စိတ်ကြွရူးသွပ်ဆေးအကြေမှုန့် သုည ဒသမ ၀၀၄၅ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် နန်အင်းအိုက် (၆၈)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ဒေါင်းဖန်းယာဉ်နှင့် လိုက်ထရပ်တို့ မျက်နှာချင်းဆိုင်တိုက်၊ လေးဦးသေဆုံး

**နောင်ချို ဇွန် ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် အုမ္မခါးကျေးရွာ မိုင်တိုင်အမှတ် (၆၉/၂) အနီးတွင် ဇွန် ၇ ရက် နံနက် ၉ နာရီခန့်က ပြင်ဦးလွင်ဘက်မှ နောင်ချိုမြို့ဘက်သို့ မြင့်နိုင်(၂၉)နှစ် နားမုံကျေးရွာ နောင်ချိုမြို့နယ်နေသူ မောင်းနှင်လာသည့် ဒေါင်းဖန်းအနီရောင်ခြောက်ဘီးယာဉ်နှင့် နောင်ချိုမြို့ဘက်မှ ပြင်ဦးလွင်ဘက်သို့ ယာဉ်မောင်း ကျော်ထွန်းမောင်းနှင်သည့် လိုက်ထရပ်အဖြူရောင် ယာဉ်အမှတ် 8L/. . . တို့ မျက်နှာချင်းဆိုင်တိုက်မိကြရာ အမျိုးသားသုံးဦး၊ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် မသီသီခိုင် (၄၁)နှစ်၊ ကျော်အောင်၊ ကျော်နိုင်နှင့် ဥက္ကာဟိန်း(၁၆)နှစ် ကွဲနဖား ကျေးရွာ ပုသိမ်ကြီးမြို့နယ်နေသူတို့ သေဆုံးခဲ့ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ မြင့်နိုင်အား နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ရေတာရှည်မြို့နယ်တွင် အမြန်ရထားနှင့် လမ်းကြိတ်စက်တိုက်မိ

**ရေတာရှည် ဇွန် ၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှကျေးရွာအုပ်စု ရန်ကုန်-မန္တလေးရထားလမ်း မိုင်တိုင်အမှတ် (၂၀၃/၈) နှင့် (၂၀၃/၉) အကြားတွင် ဇွန် ၈ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က အမြန်ရထားနှင့် လမ်းကြိတ်စက်တို့ တိုက်မိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆတ်သေ(တောင်ရွာ) အနောက်တောင်ဘက်ရှိ ရန်ကုန်-မန္တလေးကားလမ်းနှင့် ဆက်သွယ်ဖောက်လုပ်လျက်ရှိသော မြေသားလမ်းအား ကျော်သက်(၂၆)နှစ် (စက်ကြီးမောင်း)မောင်းနှင်ပြီး စက်မောင်းအကူ ကော်နစေး(၂၆)နှစ်လိုက်ပါသည့် လမ်းကြိတ်စက်သည် ရထားလမ်းအား ဖြတ်ကူးစဉ် မန္တလေးမှရန်ကုန်မြို့သို့ စက်ခေါင်းမောင်း ဦးရန်နိုင် မောင်းနှင်သည့် DF-2052 အမှတ်(၁၂) အစုန်အမြန်ရထားနှင့် တိုက်မိခဲ့ခြင်းဖြစ်သည်။ ယင်းသို့တိုက်မိမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းမရှိသော်လည်း မဆင်မခြင်မောင်းနှင်သည့်အတွက် ၎င်းတို့နှစ်ဦးအား မြို့လှနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## ကုန်ပစ္စည်းသတိပေးတားမြစ်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ကီလီလမ်း(အထက်ဝါးတန်းလမ်း) ကီလီ ရိပ်သာ၊ အမှတ်(၁၉၅) အခန်း-(B-1)၊ ပထမထပ်တွင် မှီခန်းဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော နီလေးနိုင်ကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာ မောင်မောင်လေး၏ လွှဲအပ်ညွှန်ကြားချက်အရ ကုန်ပစ္စည်းသတိပေးတားမြစ်ချက်ကို အများသိစေရန် ကြေညာအပ်ပါသည်။





အထက်ပါ Peditral (Orange Flavour & Lemon-Lime Flavour) ဓါတ်ဆားမှုန့် များကို မြန်မာနိုင်ငံတဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချရန်အတွက် SEARLE Pakistan Limited နှင့် ကျွန်ုပ်တို့၏မိတ်ဆွေ နီလေးနိုင်ကုမ္ပဏီလီမိတက်တို့ Distribution Agreement ကို (၂၄-၁၁-၂၀၀၄) ရက်နေ့တွင် ပြုလုပ်ချုပ်ဆိုခဲ့ပါသည်။

အဆိုပါ Peditral (Orange Flavour & Lemon-Lime Flavour) ဓါတ်ဆားမှုန့်များကို မြန်မာနိုင်ငံ အစားအသောက် နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ခွင့်ပြုချက် DAC အမှတ်-၁/၂၀၁၃ (Ref:RR/500/13(DAC 1/2013) (၂၈-၂-၂၀၁၃)နှင့် ကုန်ပစ္စည်းမှတ်ပုံတင်အမှတ် DRC အမှတ် R-1708A5597 ဖြင့် (၂၈-၂-၂၀၁၃)ရက်နေ့တွင်လည်းကောင်း ကျွန်ုပ်တို့၏ မိတ်ဆွေ နီလေးနိုင်ကုမ္ပဏီမှရရှိခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချကြော်ငြာခဲ့ပါသည်။

အဆိုပါ Peditral (Orange Flavour & Lemon-Lime Flavour) ဓါတ်ဆားမှုန့်များကို နီလေးနိုင် ကုမ္ပဏီလီမိတက်မှ မြန်မာနိုင်ငံအတွက်တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ်တရားဝင် တင်သွင်းဖြန့်ချိရောင်းချခွင့်ရရှိထားပြီးဖြစ်သော်လည်း အခြားသူများမှတရားမဝင် အသွင်သဏ္ဍာန်တူပစ္စည်းများ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေကြောင်းသိရှိရသဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းပေးရန် ထပ်မံသတိပေးတားမြစ်လိုက်သည်။

အကယ်၍လိုက်နာခြင်းမရှိပါက မသမာသောလိုင်စင်မဲ့၊ မှတ်ပုံတင်မဲ့၊ အခွန်မဲ့၊ တရားမဝင် တင်သွင်းရောင်းချခြင်းဖြစ်၍ သောက်သုံးသူအများပြည်သူ ဘေးဖြစ်နိုင်သည့်အတွက် **ဥပဒေနှင့် အညီတရားစွဲဆို ရလိမ့်မည်ဖြစ်ကြောင်း** အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

နီလေးနိုင်ကုမ္ပဏီလီမိတက်၏မန်နေဂျင်းဒါရိုက်တာ-ဒေါက်တာမောင်မောင်လေး၏ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးရဲညွန့် (စဉ်-၉၆၄၁) | ဦးကျော်ခေါင် (စဉ်-၄၂၈၀) |
| H.G.P,D.I.L101,I.P, WIPO (Switzerland) | LL.B.,D.B.L.,D.M.L, |
| ဘဏ်ဝ ရှေ့နေနှင့်အထက်တန်းဝ ရှေ့နေ | တရားလွှတ်တော်ဝ ရှေ့နေ |

အမှတ်-၅၄၂ A1၊ပထမထပ်၊ May Shopping Centre၊ကုန်သည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၅၁၀၄၅၇၅ ၊ ၀၉-၅၀ ၉၆၉၀၃

## မွေးနေ့ဆုတောင်း

ချစ်ဆုံး ညီမလေး ဒေါ်ယဉ်ယဉ်ဆွေ(မိုးမိုး) [ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန]၏ ၉-၆-၂၀၁၅ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် သက်ရှည်ကျန်းမာစွာဖြင့် ဘာသာ၊ သာသနာအကျိုး ဆတက်ထမ်းပိုးဆောင်ရွက်ရင်း ချစ်သောမိသားစုနှင့် ဘဝခရီးလမ်းကို အောင်မြင်မှုများစွာဖြင့် သက်ဆုံးတိုင် ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေ။

| | | |
|---|---|---|
| ချစ်ခင်ပွန်း | - | ဦးဝင်းမြင့်ဦး (ဦးစီးအရာရှိ မြို့ပြတံတားအထူးအဖွဲ့-၃) |
| ချစ်သမီးလေး | - | ဆွေရည်ဝင်းထက်(တုံတုံ) Grade- 9(S) အထက(၂)ဗဟန်း |
| ကိုကိုကြီး | - | ဦးစိုးမြင့်-ဒေါ်လဲ့လဲ့ဝင်း (စိန်ကမ္ဘာသက်န်းတိုက်) |
| မမကြီး | - | ဒေါ်ခင်ခင်ကြီး [ညွှန်ကြားရေးမှူး(ဘဏ္ဍာ)၊ ပညာရေးဝန်ကြီးဌာန] |
| မမလေး | - | ဒေါက်တာခင်ခင်ဆွေ (တွဲဖက်ပါမောက္ခ-ငြိမ်း၊ ဓာတုဗေဒဌာန) |
| ကိုကိုလေး | - | ဦးကျော်မိုးနိုင်-ဒေါ်ရင်ရင်ထွေး (ကံသာရာသက်န်းတိုက်) |
| ချစ်တူလေးများ | - | ဝင်းသူအောင်-ဇာဇာထွန်း |
| | | အောင်ဟိန်းထက်-ဇူးဇူးမော် |
| | | ပြည့်စုံဖြိုး(Grade-9) (EC ပညာ့ရိပ်သာ) |
| ချစ်မြေးမလေး | - | ထက်ရွှန်းလဲ့ဝေ(ရွှေဥ) |

**မွေးသက္ကရာဇ် အမှန်ဖြစ်ကြောင်း**

အဖ ဦးသီဟအောင်၏ သားဖြစ်သူမောင်လင်းသန့်မောင်မောင် အဌမတန်း(E)၊ အထက(၂)၊ ဗဟန်း၏ မွေးသက္ကရာဇ်အမှန်မှာ မွေးဖွားစာရင်းအရ (နှစ်ထောင့်နှစ်ခုနှစ် ဇွန်လ တစ်ဆယ့်ရှစ်ရက်) ၁၈-၆-၂၀၀၂ ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မောင်လင်းသန့်မောင်မောင်

## သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ယခင်ကော်ပိုရေးရှင်းမှ သက်ရှိပင်စင်ထုတ်ယူဆဲ အငြိမ်းစားဝန်ထမ်းများ၏ သာရေး၊ နာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများတွင် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ရန်၊ ဝန်ထမ်းဟောင်းများအချင်းချင်း၊ မိသားစုအချင်းချင်း တစ်ဦးနှင့်တစ်ဦး၊ မိသားစုတစ်စုနှင့်တစ်စု စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင် ဖေးမကူညီဆောက်ရွက်ကြရန် ရည်ရွယ်၍ သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း(ယာယီ)ကို ဂုဏ်ထူးဆောင်နာယကနှစ်ဦး၊ နာယက (၁၄)ဦး၊ ဥက္ကဋ္ဌ ဦးမြင့်ဆွေ(စာတည်းမှူးချုပ်-ငြိမ်း၊ ကြေးမုံသတင်းစာတိုက်)၊ အတွင်းရေးမှူးဒေါ်ခင်ညိုဝင်း(မန်နေဂျာ-ငြိမ်း၊ ကြေးမုံသတင်းစာတိုက်)နှင့် ဘဏ္ဍာရေးမှူး ဦးထွန်းလင်းအောင်(စာတည်းမှူး-ငြိမ်း၊ မြန်မာ့သတင်းစဉ်ပြည်တွင်း)၊ အထက်မြန်မာပြည်အတွက် ဆက်သွယ်ရေးတာဝန်ခံအဖြစ် ဦးသက်တင်(ငြိမ်း-မန္တလေးကိုယ်ပွားသတင်းစာတိုက်)တို့ ပါဝင်သော အလုပ်အမှုဆောင်(၁၃)ဦး၊ စာရင်းစစ်(၂)ဦးတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

တစ်အူထုံ့ဆင်းမောင်နှမများသဖွယ် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာဖြင့် တစ်ချိန်က အတူလက်တွဲ ဆောင်ရွက်ခဲ့ကြသည့် ဆရာသမားများ၊ လုပ်ဖော်ကိုင်ဖက်မောင်နှမများခင်ဗျား-

သတင်းနှင့်စာနယ်ဇင်းမှ အငြိမ်းစားယူသွားကြသည့် အငြိမ်းစားဝန်ထမ်းများ၏ သာရေး၊ နာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများတွင် တစ်တပ်တစ်အား စုပေါင်းပါဝင်ကူညီဆောင်ရွက်နိုင်ရန်အတွက် မိမိတို့အလုပ်အမှုဆောင်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။ (အသင်းသားလျှောက်လွှာပုံစံတွင် လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ သန်းခေါင်စာရင်းမိတ္တူများပူးတွဲ၍ အသင်းဝင်ကြေး၊ နှစ်စဉ်ကြေးများပေးသွင်းပြီး ရာသက်ပန်အသင်းသား၊ သာမန်အသင်းသားများအဖြစ် ပါဝင်နိုင်ပြီဖြစ်ပါသည်။)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင်ဖြစ်စေ၊ ကော်ပိုရေးရှင်းတွင်ဖြစ်စေ တစ်ဆက်တစ်စပ်တည်း လုပ်သက်(၃)နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ပြောင်းရွှေ့၊ နုတ်ထွက်သွားသူ ဝန်ထမ်းများလည်း အသင်းသားအဖြစ် လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန် -

(၁) ဒေါ်ခင်ညိုဝင်း(မန်နေဂျာ-ငြိမ်း၊ ကြေးမုံသတင်းစာတိုက်) အတွင်းရေးမှူး ၀၉- ၅၄၀၂၇၃၁
(၂) ဦးဇော်ဝင်း(မန်နေဂျာ-ငြိမ်း၊ ကြေးမုံသတင်းစာတိုက်) အလုပ်အမှုဆောင် ၀၉- ၇၃၁၃၇၁၁၀
(၃) ဦးသန့်ဇင်ထွန်း(သတင်းထောက်ချုပ်-ငြိမ်း၊ ကြေးမုံ) ရုံးအဖွဲ့တာဝန်ခံ ၀၁-၂၉၇၉၉၇
(၄) ဦးသက်တင် (လ/ထမန်နေဂျာ-ပုံနှိပ်၊ ငြိမ်း၊ မန္တလေးကိုယ်ပွားသတင်းစာတိုက်)၊ အထက်မြန်မာပြည် ၀၉-၇၉၇၃၀၂၈၅၅၊

**အလုပ်အမှုဆောင်အဖွဲ့၊ သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း(ယာယီ)**

# အီကေဘားနားမှသည် ဂျပန်-မြန်မာချစ်ကြည်မှုဆီသို့

**à ဇွန်ရော(ယဉ်ကျေးမှု)**

ပန်းဆိုတာ စံပယ်၊ ခရေလို ပန်းပွင့်သေးသေးလေးတွေကနေ ဒေလီယာ၊ သစ်ခွပွင့်တွေလို ငွားငွားစွင့်စွင့်ဖူးပွင့်တတ်ကြတဲ့ပန်းတွေအားလုံး အရောင်အသွေးစုံလင်လှပမှုရှိနေတာဟာ သဘာဝတရားကြီးက ဖန်ဆင်းပေးတဲ့ ကြန်အင်လက္ခဏာတွေပါပဲ။ ဒါတွေကို ကျွမ်းကျင်ပိုင်နိုင်စွာ ပုံဖော်လိုက်ရင်ဖြင့် အလှပေါ်အယဉ်ဆင့်၊ မြင်သူတကာ ရင်သပ်ရှုမော ရှုမငြီးနိုင်အောင် ဖမ်းစားနိုင်လွန်းလှပါတယ်။

ဒီလိုမှော်အစွမ်းနဲ့ ဖမ်းစားတတ်တဲ့နည်းကို မစ္စတာမူရာမတ်ဆုတစ်ယောက် ကောင်းကောင်းတတ်မြောက် ကျွမ်းကျင်ထားပါတယ်။ ဘယ်လိုပန်းမျိုးကို ဘယ်လိုအရောင် ဘယ်လိုပုံစံတွေနဲ့ ဖန်တီးပြုပြင်လိုက်ရင် လှပဆန်းသစ်တဲ့ အမြင်တွေနဲ့ ဆွဲဆောင်နိုင်တယ်ဆိုတာကို သဘောပေါက်နားလည်သူတစ်ဦးလည်း ဖြစ်ပါတယ်။

ယဉ်ကျေးမှုဝန်ကြီးဌာနမှကြီးမှူးပြီး ဂျပန်နိုင်ငံ Floral Décor Muramatsu ကုမ္ပဏီ၏ဥက္ကဋ္ဌ Mr. Fumihiko Muramatsu နှင့် ဂျပန်နိုင်ငံမှ ပန်းပညာရှင်များ ပူးပေါင်းတင်ဆက်သော ဂျပန်ရိုးရာ ပန်းထိုးနည်းအနုပညာ သရုပ်ပြပွဲ (Japanese Flower Art Event) ကို မေ ၇ ရက်က နေပြည်တော်ဟိုတယ်ဇုန်ရှိ မင်္ဂလာသီရိဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။

ပြပွဲကျင်းပတဲ့ခန်းမဆီသို့ သွားရာလမ်းတစ်လျှောက်မှာရှိတဲ့ နံရံများပေါ်မှာတော့ ဆယ့်နှစ်လရာသီအလိုက် ဖူးပွင့်ကြတဲ့ ပန်းအမျိုးမျိုးရဲ့ ပန်းချီကားတွေနဲ့ ထိုပန်းတွေရဲ့ အလှဘွဲ့ကို စပ်ဆိုထားကြတဲ့ စာဆိုတော်ကြီးများရဲ့ ကဗျာတွေကိုလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။

ပြပွဲခန်းမရဲ့ဘေးတစ်ဖက်တစ်ချက်ဆီမှာ ဂျပန်နိုင်ငံမှ သယ်ဆောင်လာသည့် ပန်းအမျိုးမျိုးကို ဒီဇိုင်းအမျိုးမျိုးဖြင့် သရုပ်ဖော်ပြသထားသည်မှာလည်း တက်ရောက်လာသူများအား ပန်းခင်းကြီးထဲသို့ ရောက်ရှိသွားသလို ခံစားမှု၊ စိတ်အေးချမ်းမှုကို ရရှိခံစားစေပါသည်။

အီကေဘားနားလို့ခေါ်တဲ့ ဂျပန်ရိုးရာ ပန်းထိုးနည်းအနုပညာနဲ့ ပြပွဲတက်ရောက်လာတဲ့ ပရိတ်သတ်အပေါင်းကို ရင်သပ်ရှုမော ကြည်နူးစေတဲ့ခံစားမှုများကို ပေးစွမ်းနိုင်တဲ့ မစ္စတာမူရာမတ်ဆုဟာ ဖော်ရွေတဲ့မျက်နှာထားရှိတဲ့ သွက်လက်တဲ့ဟန်ပန်နဲ့ မြင်ရသူတွေကို အေးချမ်းမှုပေးနိုင်သူလည်း ဖြစ်ပါတယ်။

ဂျပန်-မြန်မာ ပန်းထိုးနည်းအနုပညာ ယဉ်ကျေးမှုတွေကို ဖလှယ်ဖို့ ရည်ရွယ်ချက်တွေနဲ့ လာရောက်ခဲ့ခြင်းဖြစ်ပါတယ်

## တိုင်းရင်းပန်းမျိုးရင်း မျိုးစိတ်တွေမှာ ထူးခြားတဲ့ အရောင်အဆင်းရှိပြီးသားဖြစ်ပေမယ့် တန်ဖိုးမြင့်ထုတ်ကုန်တစ်ခု အနေနဲ့ ဖန်တီးထုတ်လုပ်နိုင်မှုနည်းပညာမှာ. . .

လို့ သူကပြောပြပါတယ်။ ပန်းထိုးနည်းအနုပညာကို အသက် ၂၁ နှစ်ကတည်းက ဝါသနာပါခဲ့ပြီး အသက် ၂၃ နှစ်ကစလို့ စီးပွားရေးလုပ်ငန်းတစ်ခုအနေနဲ့ လုပ်ကိုင်ခဲ့တာ ယခုဆိုသက်တမ်း ၄၁ နှစ်ကို ကျော်လွန်ခဲ့ပြီဖြစ်ပါတယ်။

သူရဲ့ သေးသွယ်တဲ့လက်ချောင်းလေးတွေနဲ့ ရိုးရာဟန်မပျက် ဆန်းသစ်ထားတဲ့အသွင်တွေနဲ့ ပေါင်းစပ်ထားတဲ့ ပန်းထိုးနည်းအနုပညာဟာ အံ့မခန်းလို့ဆိုရမှာပါ။ ဂျပန်နိုင်ငံရဲ့ အီကေဘားနား ရိုးရာပန်းထိုးနည်းအနုပညာဟာ ကမ္ဘာကျော်တဲ့ အနုပညာတစ်ရပ်ဆိုတာ အားလုံးသိကြပါတယ်။

ဒါဟာ ဂျပန်နိုင်ငံရဲ့ ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခု Intangible Cultural Heritage လို့လဲ ဆိုနိုင်ပါတယ်။ ဒီလိုသိမ်မွေ့တဲ့ နက်နဲမှုတွေနဲ့ ပေါင်းစပ်ထားတဲ့ အနုပညာလုပ်ငန်းတစ်ခုကို ယဉ်ကျေးမှုဝန်ကြီးဌာနက ဖော်ထုတ်ပြသခွင့်ရခဲ့တာဟာ ဂျပန်နိုင်ငံနဲ့ မြန်မာနိုင်ငံ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပြသနိုင် တိုးမြှင့်နိုင်ခဲ့တဲ့ ရလဒ်ကောင်းတစ်ခုလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ တိုင်းရင်းသားပေါင်းစုံ စုဝေးနေထိုင်ပြီး ဒေသအလိုက် သဘာဝပန်းမန်များဟာ မျိုးစိတ်မျိုးကွဲပေါင်းများစွာနဲ့ အရောင်အသွေးစုံလင်လှပါတယ်။ တိုင်းရင်းပန်းမျိုးရင်းမျိုးစိတ်တွေမှာ ထူးခြားတဲ့ အရောင်အဆင်းရှိပြီးသားဖြစ်ပေမယ့် တန်ဖိုးမြင့်ထုတ်ကုန်တစ်ခုအနေနဲ့ ဖန်တီးထုတ်လုပ်နိုင်မှုနည်းပညာမှာ အားနည်းမှုတွေရှိနေပါသေးတယ်။ ဒါပေမယ့် အခုတော့ မစ္စတာမူရာမတ်စုယူဆောင်လာတဲ့ပန်းတွေ၊ ပန်းထိုးနည်းအနုပညာတွေနဲ့ မြန်မာ့ဒေသထွက်ပန်းတွေနဲ့ ပေါင်းစပ်ဖန်တီးနိုင်ဖို့ အစခြေလှမ်းတစ်လှမ်းလည်း ဖြစ်လာပါလိမ့်မယ်။

ပြပွဲကိုတက်ရောက်လာသူများက စိတ်ဝင်စားပြီး တက်ကြွပျော်ရွှင်စွာ သင်ယူလေ့လာကြတဲ့အတွက် အချိန်ရခဲ့မယ်ဆိုရင် မြန်မာနိုင်ငံမှာ နောက်တစ်ခေါက်ထပ်ပြီး ပြသချင်ပါတယ်လို့ သူကပြောပြပါတယ်။ မြန်မာနိုင်ငံက ပန်းတွေကို ဂျပန်နိုင်ငံကိုသယ်ဆောင်ပြီး ပြသချင်တာကလဲ သူရဲ့ဆန္ဒတစ်ခုလို့ ဆိုပါတယ်။

ပန်းထိုးနည်းအနုပညာ လက်တွေ့သရုပ်ပြပွဲလေးဟာ ကြီးမားလှတဲ့ပွဲကြီးတစ်ပွဲ မဟုတ်ပေမယ့် ဂျပန်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့အကြားမှာ ရှိပြီးသားချစ်ခင်ရင်းနှီးမှုအပြင် အနာဂတ်ရဲ့ နှစ်နိုင်ငံချစ်ကြည်ရေး တိုးတက်လာမှုအတွက် အထောက်အကူပြုတဲ့ပွဲ ဖြစ်ပါတယ်။

အာဆီယံနိုင်ငံတွေရဲ့ ဆွေးနွေးဖက်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံမှာ ၂၀၁၅ အလွန်တည်ဆောက်မယ့် အာဆီယံ လူမှုရေးယဉ်ကျေးမှုအသိုက်အဝန်းအတွက် ပူးပေါင်းဆောင်ရွက်မှု ရှေ့ပြေးအနေနဲ့ နှစ်နိုင်ငံလူထုတွေကို ဗဟိုပြုပြီး ဆောင်ရွက်ခဲ့တဲ့ပွဲတစ်ပွဲလည်း ဖြစ်ပါတယ်။ ဂျပန်လူမျိုးတွေရဲ့ ပန်းထိုးနည်းအနုပညာနဲ့ အနုပညာခံစားမှုရသတွေကိုပါ ထင်ဟပ်ပြသပေါ်လွင်စေခဲ့တဲ့ အီကေဘားနားပန်းပြပွဲမှသည် ဂျပန်-မြန်မာချစ်ကြည်ရေး အဓွန့်ရှည်စေဖို့ ဆန္ဒပြုရင်း။

## ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲများထံသို့ မဲစာရင်းနှင့် ပုံစံများပေးအပ်

**ခင်ဦး ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ကျေးရွာကော်မရှင်အဖွဲ့ခွဲများထံသို့ မဲစာရင်းနှင့် လျှောက်ထားရမည့်ပုံစံများပေးအပ်ပွဲကို ဇွန် ၆ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေးက အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် မြို့နယ် လ. ဝ. က ဦးစီးမှူး ဦးစောဦးက မဲစာရင်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မောင်ရွှေက မဲစာရင်းကပ်ထားကြေညာစဉ်အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ၆၃ အုပ်စုရှိ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲများထံသို့ မဲစာရင်းနှင့် လျှောက်ထားမည့်ပုံစံများကို ပေးအပ်ခဲ့သည်။ ပြည့်စုံမှန်ကန်သည့် မဲစာရင်းရရှိရန် ဇွန် ၇ ရက် နံနက်ပိုင်းမှစ၍ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များသို့ အသံချဲ့စက်၊ လက်ကမ်းစာစောင်များဖြင့် လှည့်လည်၍ ကြိုတင်လှုံ့ဆော်လျက်ရှိကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

**သန်းဌေးနှင့်ရောင်းရင်းများ ၏ နှစ်သစ်ခရီးစဉ်များ**
**JUN - 5/12/19/26, JULY - 3/10/17/24/31** ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်)
▲ ပုဂံ၊ ပုပ္ပား (စွယ်တော် ၄ ဆူ)၊ ပခုက္ကူ (၄) ရက်။ ▲ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ (၅) ရက်။
▲ တောင်ကြီး၊ အင်းလေး၊ ထမ်စမ်း (၄) ရက်။ ▲ ဖော်လမြိုင်၊ ကျိုက္ကမီ၊ ထားဝယ်ရွှင်ကိုးရှင် (၆) ရက်။
▲ သရေခေတ္တရာ၊ ဝိသနိုး ပင်းမြို့ဟောင်း၊ သံတောင်ကြီးမြို့၊ နေပြည်တော် (လွှတ်တော်လေ့လာခြင်း) (၃) ရက်။
▲ ရွှေဘို၊ ဟန်လင်းကြီး (ပျူမြို့ဟောင်း)၊ စစ်ကိုင်း၊ မင်းကွန်း၊ အင်းဝ၊ မန္တလေး၊ နေပြည်တော် (၃) ရက်။
▲ ကျိုက္ကမီ၊ စက်စဲ၊ ဘားအံဂူ (၅) ဂူ၊ မဲလံဆံတော်ရှင်ဘုရား (၂) ရက်။ ▲ ဘားအံဂူ (၅) ဂူ၊ ရွှေရင်မျှော်၊ ကျောက်ကလပ်၊ အင်ကြင်းတစ်ထောင်ဘုရား ထမင်းကျွေး (နေ့ချင်းပြန်)။ ▲ ပြည်၊ အကောက်တောင်၊ နဂါးရစ်တောင်ဆရာတော်ဘုရား။ ▲ (ဇလွန်)၊ (မဲလံဆံတော်ရှင်၊ ကျောက်ပိရဟန္တာဘုရား)(နေ့ချင်းပြန်) စနေ/တနင်္ဂနွေ
▲ နေပြည်တော် (နေ့ချင်းပြန်ခရီးစဉ်) ဥပ္ပါတသန္တိစေတီ၊ သတ္တသတ္တာဟမဟာတောစိစေတီတော်၊ ဆာဖာရီဥယျာဉ်၊ ရေပန်းဥယျာဉ်၊ လွှတ်တော်ဝင်ရောက်လေ့လာခြင်း။ ကြိုတင်လက်မှတ်ရောင်းပြီ။
ပင်ရင်း (၄၂၄)၊ ရွှေဘုံသာလမ်းအထက်။ Ph : 380141, 241863, 09 43043109, 09 73251422

### ပြည်ထဲရေးဝန်ကြီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လိုအပ်သော ရုံးသုံးစာရေးကိရိယာများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | ၁၁-၆-၂၀၁၅ရက် |
| ၃။ | တင်ဒါပုံစံအရောင်းပိတ်မည့်ရက် | ၁၈-၆-၂၀၁၅ရက် |
| ၄။ | ကုမ္ပဏီ၏အချက်အလက်ပုံစံတင်ပြရန်နောက်ဆုံးရက် | ၁၉-၆-၂၀၁၅ရက်၊ ၁၆း၀၀နာရီ |
| ၅။ | တင်ဒါဖွင့်မည့်ရက်/အချိန် | ၂၂-၆-၂၀၁၅ရက် ၁၀း၀၀နာရီ |

၆။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)၊ ရုံးအမှတ်(၃၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇-၄၁၀၅၇၄၊ ၀၉-၅၁၂၂၁၉၃၊ ၀၉-၄၂၂၄၄၆၀၂၈ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါ သည်။

တင်ဒါစိစစ်ရေးအဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့

### လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
### ဝန်ကြီးရုံး
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးရုံးတွင် အသုံးပြုရန်လိုအပ်သော ရုံးသုံးစက်ကိရိယာနှင့် စာရေးကိရိယာများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလွှာများကို ၁၉-၆-၂၀၁၅ရက်၊ ညနေ ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရပါမည်။

၃။ အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူမည့် ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း (၁)စောင်လျှင် ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံး
ရုံးအမှတ်(၄၈)၊ နေပြည်တော် ဖုန်း ၀၆၇-၄၃၁၀၀၂

### " ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက် "

**PATUM VEGETABLE OIL CO., LTD.,** at 1/8 Soi Charansnitwong 55, Charansnitwong Road, Bang Bumru, Bang Plad, Bangkok 10700, Thailand သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်များ၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ပါသည်။

**Reg; No.IV-16123/2014** **Reg; No.IV-3465/2012**

အထက်တွင်ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်များကို အသုံးပြု၍ " **Bone oil-edible, butter (Peanut), butter cream, cheese, coconut butter, coconut oil, colza oil for food, corn oil, edible fat, edible oil, maize oil, margarine, olive oil for food, palm oil for food, rape oil, sunflower oil for food** " စသည့် အရည်အသွေးမီ စားသောက်ကုန်များကို ထုတ်လုပ်သည့်ရက်စွဲအတိအကျဖော်ပြ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ ယခုအခါ အဆိုပါဖြန့်ဖြူးရောင်းချလျက်ရှိသော ပစ္စည်းများ၏ ကောင်းသောဂုဏ်သတင်းကို အခွင့်ကောင်းယူ၍ လုပ်ငန်းရှင်အချို့သည် ၎င်းတို့ ဖြန့်ဖြူးရောင်းချလျက်ရှိသော စားသုံးဆီများပေါ်တွင် အထက်ပါကုန်အမှတ်တံဆိပ်ကို တိုက်ရိုက်တုပရိုက်နှိပ်အသုံးပြု၍ တရားမဝင်သောနည်းလမ်းဖြင့် ဈေးကွက်အတွင်းဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း တွေ့ရှိရပါသည်။

ယင်းသို့ အတုအပပြုလုပ်၍ ဖြန့်ဖြူးရောင်းချသူများအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ အဆိုပါ အတုအပပြုလုပ်၍ ဖြန့်ဖြူးရောင်းချလျက်ရှိသော စားသုံးဆီများကို ဈေးကွက်အတွင်း အမြန်ဆုံး ရုပ်သိမ်းပြီး၊ ပယ်ဖျက်ပေးပါရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲတရားဥပဒေအရ ပြစ်မှုကြောင်းနှင့် တရားမကြောင်းတို့အရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ** **ဦးအီးနုစ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၁) YE NOOS & ASSOCIATES (Law Firm)**
အမှတ်-၁၇၆(ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့။ ဖုန်း- ၃၉၇၂၃၄ ၊ ၃၉၇၂၃၅ ၊ ၂၉၆၁၃၂ ။

# မိတ္ထီလာခရိုင်တွင် ယခင်နှစ်ထက် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သည့်ရာခိုင်နှုန်း မြင့်တက်လာ

**မိတ္ထီလာ ဇွန် ၉**

မိတ္ထီလာခရိုင်အတွင်း ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့်ရာခိုင်နှုန်းမှာ ၂၀၁၄ ခုနှစ်ကထက် ပိုမိုတိုးတက်လာကြောင်း ခရိုင်လက်ထောက်ပညာရေးမှူး (စီမံ) ဦးသက်လေးဦးထံမှ သိရသည်။

"၂၀၁၄ ခုနှစ်က ခရိုင်တစ်ခုလုံး တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်တဲ့ ရာခိုင်နှုန်းက ၃၇ ဒသမ ၅၆ ရာခိုင်နှုန်းပဲရှိပြီးတော့ ဒီနှစ် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်တဲ့ ရာခိုင်နှုန်းက ၄၃ ဒသမ ၃၈ ရာခိုင်နှုန်းဆိုတော့ တိုးတက်လာပါတယ်။ ပြီးတော့ ဒီနှစ်က မေးခွန်းတစ်စုံတည်းကိုပဲ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာ အတူတူစစ်ဆေးဖြေဆိုရတာ စတင်တယ်။ အဲဒီလို မေးခွန်းတစ်စုံတည်း စတင်ဖြေဆိုတဲ့နှစ်မှာ အခုလို စာမေးပွဲအောင်ချက်ရာခိုင်နှုန်းတိုးတာဆိုတော့ ဂုဏ်ယူမိပါတယ်။ ခရိုင်အတွင်း ဘာသာစုံဂုဏ်ထူးနဲ့အောင်မြင်သူ ၃၃ ဦး၊ ဘာသာရပ်အလိုက် ဂုဏ်ထူးရရှိသူ ၁၂၂၀ ဦး ရှိပါတယ်။ အရင်နှစ်ကထက် အောင်ချက်ရာခိုင်နှုန်းရော ဂုဏ်ထူးရရှိသူဦးရေရော တိုးတက်လာပါတယ်" ဟု ၎င်းကပြောသည်။



မိတ္ထီလာခရိုင်အတွင်း မြို့နယ်အလိုက် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲစာမေးပွဲဖြေဆိုအောင်မြင်သူဦးရေမှာ မိတ္ထီလာမြို့နယ်တွင် ၅၂၃၄ ဦးဖြေဆိုပြီးအောင်မြင်သူ ၂၁၉၄ ဦး၊ မလှိုင်မြို့နယ်တွင် ၂၉၉၁ ဦး ဖြေဆိုပြီး အောင်မြင်သူ ၁၆၀၇ ဦး၊ ဝမ်းတွင်းမြို့နယ်တွင် ၂၂၅၆ ဦး ဖြေဆိုပြီး အောင်မြင်သူ ၁၀၀၁ ဦး၊ သာစည်မြို့နယ် တွင် ၂၃၉၀ ဦးဖြေဆိုပြီး အောင်မြင်သူ ၇၈၁ ဦးဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# မန္တလေးတွင် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်

**မန္တလေး ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်အတွင်းရှိ ကျေးရွာများ လျှပ်စစ်မီးရရှိရေးနှင့် ရရှိပြီးဒေသများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေးအတွက် လက်ပန်လှ-ဇရပ်ကွင်း-တွင်းငယ်-ကြာညှပ်-တကောင်း လျှပ်စစ်ဓာတ်အားခွဲရုံသစ်များ တိုးချဲ့တည်ဆောက်နေမှုများကို မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးကျော်မြင့်သည် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများနှင့်အတူ ဇွန် ၆ ရက် နံနက်ပိုင်းက အဆိုပါမြို့နယ်၊ ကျေးရွာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်း (၆၆/၃၃/၁၁) ကေဗွီ(၂၀) MVA ခွဲရုံ တိုးချဲ့တည်ဆောက်မည့်မြေနေရာ၊ တွင်းငယ် (၈၃/၁၁) ကေဗွီခွဲရုံတည်ဆောက်မည့်မြေနေရာ၊ ကြာညှပ် (၆၆/ ၃၃/၁၁) ကေဗွီခွဲရုံမြေနေရာနှင့် တကောင်းမြို့နယ်ခွဲ (၃၃/၁၁) MVA ခွဲရုံသစ် မြေနေရာတို့အား ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ဝန်ကြီးက ဓာတ်အားခွဲရုံများအမြန်ပြီးစီးရေးနှင့် ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးနိုင်ရေး၊ ကျေးရွာများ အမြန်မီးလင်းရေးဆောင်ရွက်ချက်များ၊ကို ဌာနအနေဖြင့် ဆောင်ရွက်ရမည့်အခြေအနေများကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဂျင်နရေတာဖြင့် တကောင်းမြို့နယ်အတွင်း ဓာတ်အားပို့လွှတ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။

လက်ပန်လှ၊ ဇရပ်ကွင်း၊ တွင်းငယ်၊ ကြာညှပ်၊ တကောင်း လျှပ်စစ်ဓာတ်အားခွဲရုံသစ်များ တိုးချဲ့တည်ဆောက်ပြီးစီးသွားပါက မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်း၊ မိုးကုတ်၊ တကောင်းမြို့နယ်ခွဲများအတွက် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်မည်ဖြစ်ပြီး ကျေးလက်ဒေသ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်နေမှုများအား များစွာအထောက်အကူဖြစ်မည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ပေါင်ပုပ်၊ လက်ပုပ်၊ လည်ချောင်းကွဲရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**ကလေး ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မွေးမြူရေးအသိပညာပေးဟောပြောခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါရှာဖွေခြင်းနှင့် ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများ နယ်လှည့်ကွင်းဆင်းသွားရောက်ကာ ကျွဲ၊ နွားများ ရောဂါကူးစက်ပြန့်ပွားမှုမှကာကွယ်နှိမ်နင်းရန် ကုသဆေးများထိုးနှံခြင်းလုပ်ငန်းကို ဇွန် ၆ ရက်က သဖန်းအိုင်ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

မွေးမြူရေးအသိပညာပေးဟောပြောပွဲကို ဓမ္မာရုံ၌ကျင်းပရာ ရှေးဦးစွာ သဖန်းအိုင်ကျေးရွာတာဝန်ခံဦးသိန်းဟန်က အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် တောင်သူလုပ်ငန်းလုပ်ကိုင်သူ ၇၀ ထံသို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ကထိက ဒေါက်တာယုယုယမင်းက တိရစ္ဆာန်ရောဂါရှာဖွေရေးနှင့် ကာကွယ်ထိန်းချုပ်ရေးများကို ရှင်းလင်းပြောကြားခဲ့သည်။

ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်သန်းက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အဓိကလုပ်ငန်းတာဝန်၊ စားကျက်ဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ၊ တိုင်းရင်းဆေးအသုံးပြုနည်း၊ ကျောင်းနေအရွယ်ကလေးငယ်များ အာဟာရပြည့် နို့တိုက်ကျွေးရေးအစီအစဉ်များကို ဆက်လက်ဟောပြောခဲ့ကြောင်းသိရသည်။

အဆိုပါကျေးရွာအတွင်းရှိ ကျွဲ၊ နွား စုစုပေါင်း ကောင်ရေ ၃၀၂ ကောင်အား ပေါင်ပုပ်၊ လက်ပုပ်၊ လည်ချောင်းကွဲရောဂါကာကွယ်ဆေးကို အခမဲ့ထိုးနှံပေးပြီး ကျန်းမာရေးဝန်ဆောင်မှုမြှင့်တင်ခြင်းအနေဖြင့် ကျွဲ၊ နွား၊ ဝက်၊ ဆိတ်တို့အား သန်ချဆေး၊ အားဆေးနှင့် ကုသဆေးများ ထိုးနှံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

# ဘိုးဘွားများအား အခမဲ့ ကွင်းဆင်းဆေးကုသပေး

**မော်လမြိုင်ကျွန်း ဇွန် ၉**

မော်လမြိုင်မြို့ ချမ်းမြေ့ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား အဖြူရောင်နှလုံးသားအဖွဲ့ အခမဲ့ဆေးကုခန်းမှ ကွင်းဆင်းဆေးကုသခြင်းနှင့် ဘိုးဘွားများအတွက် ဆေးကုသစရိတ်လှူဒါန်းပွဲကို ဇွန် ၈ ရက် နံနက် ၈ နာရီက ချမ်းမြေ့ဘိုးဘွားရိပ်သာ၌ ကျင်းပခဲ့သည်။ ယင်းအခမဲ့ကွင်းဆင်းဆေးကုသပွဲတွင် အခမဲ့ဆေးကုခန်းတာဝန်ခံဆရာဝန် ဒေါက်တာပြည့်စုံခန့်နှင့် ဆေးကုသရေးအဖွဲ့တို့က ဘိုးဘွားတစ်ဦးချင်းအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးကုသပေးခြင်းများဆောင်ရွက်ခဲ့သည်။ ဘိုးဘွားများအတွက် တစ်နေ့တာဆေးကုသစရိတ်ကို မော်လမြိုင်ကျွန်းမြို့နေ ဒေါ်မြင့်မြင့်သန်းနှင့်သား မိသားစုတို့က လှူဒါန်းခဲ့ကြသည်။ အာဟာရပြည့်ဝသော အစားအစာများနှင့်ဆေးဝါးများကို အဖြူရောင်နှလုံးသားအဖွဲ့က လှူဒါန်းခဲ့သည်။ **မော်ကျွန်းမြင့်အောင်**

## GOLDEN AIR TRAVEL & TOURS CO.,LTD

* ကျောင်းကြိုကား 'Ferry' (19)ယောက်၊ (29)ယောက်၊ (33)ယောက်စီး ကုမ္ပဏီလချုပ်၊ နှစ်ချုပ်စနစ်ဖြင့် (၁)လလျှင် ၇၀၀၀၀၀ိ/-(ကျပ်ခုနစ်သိန်း)မှ ၁၀၀၀၀၀၀ိ/-(ကျပ်ဆယ်သိန်း) ဝန်းကျင်ဖြင့် ငှားရန်ရှိပါသည်။

* ဆက်သွယ်ရန်။ ။ အမှတ်(၄၅၁)၊ သုမင်္ဂလာလမ်း၊ အင်းဝလမ်းထိပ်၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း 09-254050773, 09-73023470, 01-8500804

## ဝန်ထမ်းအလိုရှိသည်

1. Designer ( Press / Media) Male 1 Post
2. Operation Driver Male 1 Post
3. Admin Female 1 Post
4. General Worker ( Press Factory ) Male 5 Post (တွေ့ကြုံမလို)

1 to 3 လုပ်ငန်းအတွေ့ကြုံ အနည်းဆုံး ၂ နှစ် ၊ လစာကောင်းပေးမည်။
ဆက်သွယ်ရန် ဖုန်း - ၀၀ - ၂၉၉ ၅၀၂ ၊ ပုဇွန်တောင်မြို့နယ်၊ နေစရာ ပေးမည်၊ (ကျား)

## ကျွမ်းကျင်ပညာရှင်များအလိုရှိသည်

ပန်းပေါင်းဘုရားဆင်းတုတော်များကို ကျွမ်းကျင်စွာ ထုဆစ်နိုင်သော ပညာရှင်များနှင့် ရွှေအစစ်ကို ကျွမ်းကျင်စွာ ရွှေချပူဇော်နိုင်သော ပညာရှင်များ အလိုရှိပါသည်။

ဉာဏ်တော်မြင့် 8" (သို့) 9" 500 ဆူ
ဉာဏ်တော်မြင့် 18" 10 ဆူ
36" 10 ဆူ ထုဆစ်ပူဇော်ပါမည်။

ဆက်သွယ်ရန်ဖုန်း- **09-975104085, 09-798485178**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ တစ်ဆင့်ဝယ်ယူထားသူက တိုက်ခန်းအမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဒေါ်မြတင် [၁၂/ဗဟန(နိုင်)၀၈၁၀၃၅](မှ) | ဦးသူရိန်ထွဋ် [၁၂/ဥကတ(နိုင်)၀၄၈၇၉၆]<br>ဒေါ်မြမြမူ [၁၂/ဥကတ(နိုင်)၁၄၈၁၇၂] | တိုက်(၃)၊ အခန်း(၁၄)၊ ရွှေဂုန်ရိပ်မွန်အိမ်ရာ၊ ဗဟန်းမြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**




## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3B-9550၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သမီး[၁၂/ကမရ(နိုင်)၀၆၈၉၆၂]ကိုင်ဆောင်သူ မငြိမ်းသန္တာထွန်းသည် မိဘတို့၏ ပြောဆိုဆုံးမခြင်းကိုမနာခံဘဲ အိမ်မှထွက်သွားခဲ့သဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝအားလုံးကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

ဦးအောင်ထွန်း-ဒေါ်သန်းသန်းမြင့်

**အခန်းဆက်ဝတ္ထုရှည်**



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

**တက္ကသိုလ်ဘုန်းနိုင်**

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

" ဟာ . . . ကျွန်တော် မျက်စိလည်သွားပြီ . . . "

" မလည်ပါနဲ့ မောင်ညွှန့်။ အစ်ကိုမောင် ရှင်းပြပါမယ်။ တဏှာဆိုတာက အဝိဇ္ဇာနဲ့ အမြဲယှဉ်တွဲတယ်။

အဝိဇ္ဇာ ဆိုတာက ဖုံးလွှမ်းတတ်တယ်၊ လှည့်စားတတ်တယ်၊ ပြောင်းလဲတတ်တယ်။ ဒီတော့ တဏှာချစ်ဟာ မမြဲဘူး၊ အချစ်ဆုံးလူဟာ တစ်နေ့မှာ အမုန်းဆုံးလူ ဖြစ်လာတတ်သလို၊ အမုန်းဆုံးလူဟာလည်း အချစ်ဆုံးလူ ဖြစ်လာတတ်တယ်။ ဒါကြောင့် မောင်ညွှန့် စကားကို မှန်သလိုလိုနဲ့ မှားတယ်လို့ အစ်ကိုမောင် ပြောတာ . . . "

"ဒါဖြင့် မှားသလိုလိုနဲ့ မှန်တယ် ဆိုတာကကော . . . "

"ဒါကိုလည်း ရှင်းပြနိုင်ပါတယ်။ တဏှာဆိုတဲ့သဘောက ဥပါဒါန်ဆိုတဲ့ တရားကို ဆောင်လာ တတ်တယ်။ ငယ်က ချစ်လို့ မမေ့ဘူး ဆိုတာမှာ မမေ့တာဟာ အချစ်မဟုတ်ဘူး။ ဥပါဒါန်တရားတွေသာ ဖြစ်တယ်။ တကယ်မြဲတကယ်ခိုင်တာက မေတ္တာဆိုတဲ့ (ကိလေသာစက်သုံးထောင်ဝက်က ကင်းလွတ်တဲ့ . . . ) အစစ်အမှန် ဖြူစင်သော ချစ်ခြင်းသာ ဖြစ်တယ်။ နားလည်ပြီလား . . . "

တင်မောင်ညွှန့်သည် ကျွန်တော့်ကို အံ့ဩဟန် ငြိမ်လျက် စိုက်ကြည့်နေသည်။ အတန်ကြာမှရယ်သည်။

"မင်း ဘာရယ်တာလဲ မောင်ညွှန့် . . . "

" အစ်ကိုမောင့်ကို သဘောကျလို့ပါ။ ပြီးတော့ မမခိုင်ပြောတာကိုလည်း သွားသတိရလို့ . . . "

"ခိုင်က ဘာပြောလို့လဲ . . . "

" ကျွန်တော့်ကို စိတ်မဆိုးနဲ့နော်၊ အမှန်ကို ဝန်ခံရရင် တစ်ကြိမ်က အစ်ကိုမောင့်ကို ကျွန်တော် အထင်လွဲဖူးတယ်။ ပြီးတော့ မနာလိုလည်း ဖြစ်ခဲ့ဖူးတယ် . . . "

ကျွန်တော်က ဘာမျှပြန်မဖြေဘဲ ငြိမ်နေ၏။

" ကျွန်တော် ဆောင်းတွင်းတုန်းက မြစ်ကြီးနားဘက်အသွားမှာ မမခိုင်ကို ဝင်တွေ့သေးတယ်။ တွေ့တယ်ဆိုတာက မန္တလေးတက္ကသိုလ်မှာ ဝင်တွေ့တာပါ။ ဗိုလ်မှူးကြီးနဲ့ မမမြိုင်ကို ကြောက်တာမို့ နန်းတွင်းထဲက အိမ်မှာသွားတွေ့ရတာ မဟုတ်ပါဘူး . . . " တင်မောင်ညွှန့်က ဝမ်းနည်းစွာ ရှင်းပြသည်။

"အဲဒီလို တွေ့ကြတော့ ဟိုအကြောင်း ဒီအကြောင်းတွေ စကားစပ်ပြောမိကြတာပေါ့လေ။ ကျွန်တော်သတိထားမိတာက မမခိုင်ဟာ အစ်ကိုငြိမ်းမောင်အကြောင်း ပြောတယ်။ အခြား မိတ်ဆွေတွေအကြောင်းလည်း ပြောတယ်။ အစ်ကို ငြိမ်းမောင်ကို ခေါ်းထိုးမှုနဲ့ ထောင်သုံးလကျသွားတဲ့ ကျွန်တော့်သူငယ်ချင်း သိန်းဟန် အကြောင်းတောင် မေးသေးတယ်၊ ဒါပေမယ့် . . . " တင်မောင်ညွှန့်သည် စကားမဆက်ဘဲ ရပ်လိုက်၏။

" ဒါပေမယ့် ဘာဖြစ်လဲ ပြောလေ . . . "

"ဒါပေမယ့် . . . အဲ . . . အစ်ကိုမောင့်အကြောင်းကိုတော့ မပြောဘူး။ ကျွန်တော်က စကားစပ် ပြောဖန်များမှ ကျွန်တော် မမျှော်လင့်တဲ့စကားကို ဆိုတယ် . . . "

တင်မောင်ညွှန့်သည် အပြောရခက်ဟန် စကားရပ်သွားပြန်သည်။

" ပြောလေ မောင်ညွှန့်၊ ခိုင်က အစ်ကိုမောင့်အကြောင်း ဘာဆိုလိုက်သလဲ "

" အစ်ကိုမောင် စိတ်မဆိုးနဲ့နော် "

" အို . . . ငါက ဘာလို့စိတ်ဆိုးရမှာလဲ "

" အစ်ကိုမောင်ဟာ လောကကြီးကို အစ်ကိုမောင် ကြည့်ချင်သလိုကြည့်ပြီး မြင်ချင်သလိုမြင်တယ်တဲ့၊ ပြီးတော့ အစ်ကိုမောင့်မှာ အသည်းနှလုံး မရှိဘူးတဲ့ " ဤစကားရပ်၌ ဟာသမပါဘဲ ကျွန်တော်က ရယ်သည်။

"အစ်ကိုမောင် ဘာရယ်တာလဲ "

" ဩော် . . . မိခိုင်ပြောတာက ရယ်စရာကောင်းလို့ပါ . . . ။ ငါ့မှာ အသည်းနှလုံးရှိပါတယ် မောင်ညွှန့်ရယ်။ တစ်ခု ခြားနားတာက ငါဟာ ဘယ်သူ့အသည်းနှလုံးကိုမှ မလိုချင်ဘူး။ ငါ့အသည်း နှလုံးကိုလည်း ဘယ်သူ့ကိုမှ မပေးချင်ဘူး။ ငါထားနိုင်တာက မေတ္တာတရားသာပါ။ မေတ္တာတရားဆိုတာဟာ အနိုင်ယူလေ့လည်း မရှိဘူး၊ အရှုံးပေးခြင်းလည်း မရှိဘူး။ ဘာကြောင့်ဆိုတော့ မေတ္တာတရားဆိုတာဟာ တောင့်တခြင်းမှ မဟုတ်ဘဲ၊ ပြီးတော့ နှိမ့်ချခြင်းလည်း မဟုတ်ပေဘူး "

တင်မောင်ညွှန့်က ကျွန်တော့်ကို ထိတ်လန့်ဟန် မော့ကြည့်သည်။ ထို့နောက် သဲ့သဲ့ပြုံး၍ မေး၏။

" အစ်ကိုမောင်က ကျွန်တော့်ကို သရော်နေတာလား "

" မဟုတ်ရပါဘူး ငါ့လူရာ၊ အေး . . . တစ်ခုတော့ရှိတယ်။ မောင်ညွှန့်တို့ကို သတိပေးချင်တယ်။

မင်းတို့ဟာ အသည်းနှလုံးဆိုတဲ့ စကားကို နှုတ်ဖျားမှာ အလွယ်တကူ တင်ထားလို့ရတဲ့ ကစားစရာပမာ လဲလှယ်ခြင်းတို့၊ ပေးကမ်းစွန့်ခြင်းတို့ ဆိုတဲ့ စကားတွေကို မှားမှားယွင်းယွင်း တင်စားပြောနေကြတယ်။

အေး . . . တစ်နေ့မှာ နှလုံးသားကို ဆုံးရှုံးပြီးမှ ကစားစရာ မဟုတ်မှန်းသိလို့ ငိုကြရင်သာ၊ ကလေးတွေ မဟုတ်ကြလို့ ဘယ်သူကမှ မသနားရင်၊ လောကကို စိမ်းကားလှတယ်လို့ အပြစ်မတင်ကြနဲ့ "

တင်မောင်ညွှန့်သည် ခေါင်းငိုက်စိုက်လျက် အတန်ကြာငိုင်နေပြီးမှ ဖြည်းလေးစွာ မေးသည်။

" အစ်ကိုမောင် ဘာဆိုလိုတာလဲ "

ကျွန်တော်က သူ့ပုခုံးကို အသာပုတ်၍ အေးဆေးညင်သာ ဆိုမိသည်။

" အစ်ကိုမောင် ဆိုလိုတာဟာ ရှင်းပါတယ် ညီရယ်၊ လောကကြီးမှာ အစ်ကိုမောင် မငိုချင်ဘူး။

မောင်ညွှန့်ကိုလည်း မငိုစေချင်ဘူး။ ခိုင့်ကိုလည်း မငိုစေချင်ဘူး။ အခြား ဘယ်သူ့ကိုမှ မငိုစေချင်ဘူး။

ချစ်သူရော၊ မုန်းသူရော၊ အားလုံးဟာ မပြုံးနိုင်ကြစေ၊ ချုံးပွဲချလို့တော့ ငိုမနေကြရစေချင်ဘူး " ဆုပ်ကိုင်ရင်းသူ့အား ပြန်စိုက်ကြည့်မိသည်။

ရင်ကို အကုန်ဖွင့်မပြလိုက်သော်လည်း ကျွန်တော်ပြောခဲ့သော စကားရပ်တို့ကို အကြောင်းဇာတ်နှင့် စပ်ဟပ်ဆင်ခြင်၍ ခင်ဗျာ နားလည်လိမ့်မည်ဟု ကျွန်တော် မျှော်လင့်ပါ၏။ ကျွန်တော် မျှော်လင့်ခဲ့ပါ၏။

မငိုတတ်၍လော၊ မငိုချင်၍လော မသိ။ ငိုစရာတွေကို ဘဝတွင် အကြိမ်ကြိမ် ရင်ဆိုင်ခဲ့ရလင့်ကစား၊ မငိုခဲ့ဖူးသော ငြိမ်းမောင်ထံမှ ရှေ့ရေးကို အားသစ်မာန်သစ်နှင့် ကြည့်၍ ရေးလိုက်သော စာများကို ကျွန်တော်မှန်မှန်ရသည်။

သူ့ပထမစာများ၌ ရေသစ်၊ မြေသစ်ကို ရောက်နေသော လူငယ်တစ်ဦး၏ သဘာဝအလျောက် ထူးဆန်းသော အတွေ့အကြုံများကို ရေးသည်။

နှင်းပွင့်ဖြူဖြူတို့အကြောင်းလည်း ပါသည်။ ပေါင်ဖြူဖြူ မျက်လုံးပြာပြာနှင့် ဆံပင်ဝါဝါတို့ အကြောင်းလည်း ပါသည်။

နောက်စာများ၌မူ ကောက်မှည့်ရွှေရောင် လယ်တောနှင့် အစာရေစာပေါသမျှ မုဒ္ဒောစေတီ . . . အလီလီဖြင့် ကြည်နူးဖွယ်ရာ မိခင် မြေမဟာကို လွမ်းသံများ ပါလာ၏။

နောင်အခါ ဤမိခင်မြေ၏ အရေးအရာတို့ကို ဆွေးနွေးလာ၏။

" တရုတ်ဖြူအရေးဟာ . . . ဘယ်အခြေအနေ ရောက်နေသလဲ သူငယ်ချင်း။ ငါတို့က ဒီဆီမှာတော့ သူတို့သတင်းစာတွေ ရေးသမျှပဲ ဖတ်ကြရတယ်။ သူတို့သတင်းစာတွေ ဆိုတာကလည်း ငါတို့တိုင်းပြည်အကြောင်းကို မကောင်းတာ လောက်ပဲ တင်ပြချင်ကြတာ။ ကောင်းတာဆိုရင်တော့ မဖော်ပြကြဘူးလေ . . . ။

လေတပ်မတော်က ရောက်လာကြတဲ့ အရာရှိအချို့ဆီက အားရစရာသတင်းတွေတော့ ကြားရတယ်။ လွိုင်တပ်၊ ပန်လောင်စစ်ပွဲမှာ ငါတို့ လေတပ်မတော်ဟာ အရေးပါစွာ ဝင်နွှဲကြသတဲ့။

မောင်းပြင်၊ ကျိုင်းတုံတစ်ဝိုက်က တရုတ်ဖြူတွေကို ချေမှုန်းကြရာမှာလည်း ကြည်းတပ်မတော်နဲ့ လေတပ်မတော်ဟာ အောင်ပန်းဆွတ်ခဲ့ကြသတဲ့ . . . ။

ဒီမှာကတော့ စိတ်ပျက်စရာကြီးပါကွာ . . . ။ ငါတို့နိုင်ငံကို အားမတန် မာန်လျှော့ပြီး လက်လွှတ်ခဲ့ရတဲ့ တိုင်းပြည်မှာ ပြန်စစ်ပညာသင်ရတာကတော့ တစ်မျိုးကြီးပဲ။ ဝင်းဂိတ်အကြောင်း ရေးထားတဲ့ စာအုပ်တစ်အုပ်ကို ဖတ်ရတယ်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**





**တစ်ဦးတည်းဖြစ်ကြောင်း**

အမှတ်(၂၈)၊ ရွှေဗိုလ်ကျောင်းလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့နယ်နေ အဖ ဦးစိုးလွင်၏သား မောင်လွင်မိုးအောင် [၁၂/သလန(နိုင်)၀၈၃၃၆၅] ကိုင်ဆောင်သူနှင့် မောင်ဝေမိုးအောင်သည် တစ်ဦးတည်းဖြစ်ပါသည်။

**CNG AD Van**

**နွားလေး ယာဉ်မောင်းအလိုရှိသည်**

နံနက် ၆း၃၀ to ၆း၃၀

စပေါ် ၁၅၀၀၀၀ိ/- တစ်ရက် ၁၂၀၀ိ/-၊

ဖုန်း-၀၉-၉၇၆၈၈၅၈၄၅

ကျိုက္ကဆံရပ်ကွက်

**ခင်ပွန်းအဖြစ် မသက်ဆိုင်တော့ပါကြောင်း ကြေညာခြင်း**

ကျွန်မ ဒေါ်စုမွန်ထွန်း[၁၂/သလန(နိုင်)၁၁၆၈၉၀]နှင့် ဦးနေဝင်းနိုင်[၁၂/သလန(နိုင်)၁၂၆၇၂၇]တို့သည် ၁၉-၂-၂၀၁၀ရက်တွင် လက်ထပ်ခဲ့ပြီး သားဖြစ်သူ မောင်ထွန်းလင်းကျော်(၁)နှစ်အရွယ်ရောက်သည့်အချိန်မှစ၍ ခင်ပွန်းတစ်ယောက်အနေဖြင့် စီးပွားရှာဖွေလုပ်ကိုင်ကျွေးမွေးစောင့်ရှောက်မှုမရှိခြင်း၊ ကလေးစရိတ်ထောက်ပံ့ပေးခြင်းများလည်း မရှိသည့်အတွက် အတူနေပေါင်းသင်းနေထိုင်ခြင်းမရှိဘဲ ၁၀-၄-၂၀၁၂ရက်မှစ၍ သီးခြားနေထိုင်လာသည်မှာ (၃)နှစ်ခန့်ရှိပြီးဖြစ်ပါသည်။ ထို့အတွက်ကြောင့် ကျွန်မ ဒေါ်စုမွန်ထွန်းနှင့် ဦးနေဝင်းနိုင်တို့သည် မည်သို့မျှ ပတ်သက်ဆက်နွှယ်မှုများ မရှိသည့်အပြင် ခင်ပွန်းတစ်ယောက်အနေဖြင့်လည်း သက်ဆိုင်ခြင်း မရှိတော့ကြောင်း တရားဝင်ကြေညာအပ်ပါသည်။

ဒေါ်စုမွန်ထွန်း[၁၂/သလန(နိုင်)၁၁၆၈၉၀]

**အမည်မှန်**

ဦးကျော်ဟန်၏သမီး မရွှေဇင်ဝင်း [၁၂/မဘန(နိုင်)၀၇၅၂၃၃]၏ အမည်မှန်မှာ မရွှေစင်ဝင်းဖြစ်ပါသည်။ မရွှေစင်ဝင်း

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်မြောက်ခြမ်း၊ ခလောက်ချိုက်တိုက်နယ်၊ အောက်တမာတကောကျေးရွာနေ ဦးစန်းခင်-ဒေါ်နှောင်း(ခ)ဒေါ်တင်တင်ဝင်းတို့၏ သမီး မဝေဝေလင်း[၁၂/တတန(နိုင်)၁၅၈၀၇၆]သည် မိဘများ၏စကားကိုနားမထောင်ဘဲ မိမိ၏သဘောဆန္ဒဖြင့် ပြုလုပ်သွားပါသောကြောင့် ယနေ့မှစ၍သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမှတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(ဖခင်)ဦးစန်းခင်-(မိခင်)ဒေါ်နှောင်း(ခ)ဒေါ်တင်တင်ဝင်း

**ဒေါ်လဲ့လဲ့ဆွေ [၅/ဗမန(နိုင်)၀၅၅၃၄၉] (အုပ်ချုပ်မှုဒါရိုက်တာ) ဆွေရတနာ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်နှင့် အများသိစေရန် ကြေညာခြင်း**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအရှေ့ရပ်ကွက်၊ အကွက်(၅၂၈)၊ မျက်ဝင်းရပ်နေ ဦးညီညီထွေး [၉/မနတ(နိုင်)၀၉၇၄၉၄] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လဲ့လဲ့ဆွေ [၅/ဗမန(နိုင်)၀၅၅၃၄၉] (အုပ်ချုပ်မှုဒါရိုက်တာ) ဆွေရတနာ သတ္တုတူး ဖော်ရေးကုမ္ပဏီလီမိတက် ကိုင်ဆောင်သူနှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

ဆွေရတနာ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ယူထားသော ဒေါ်လဲ့လဲ့ဆွေ၏ အထူးတာဝန်ပေးအပ်ခြင်းခံရသူ ဦးကြည်လင်း[၅/ကနန(နိုင်)၀၁၈၃၈၈]က ကျွန်ုပ်၏မိတ်ဆွေထံမှ ၂၆-၈-၂၀၁၄ရက်နေ့ ရက်စွဲပါ သစ်လုံးအရောင်းအဝယ်စာချုပ်ဖြင့် ရောင်းကြေးစရန်ငွေအဖြစ် ငွေကျပ် ၃၀၀၀၀၀၀၀ (ကျပ်သိန်းသုံးရာတိတိ)ကို လက်ခံရယူသွားခဲ့ပါသည်။

ယင်းအဆိုပါ စာချုပ်အရ ပေးအပ်ရမည့်သစ်လုံးများအား သတ်မှတ်ရက်အတွင်း ပေးပို့နိုင်ခြင်းမရှိသည့်အတွက် ဒေါ်လဲ့လဲ့ဆွေကိုယ်တိုင် ကျွန်ုပ်၏မိတ်ဆွေ ဦးညီညီထွေးနှင့် ၂-၃-၂၀၁၅ ရက်တွင် စရန်ငွေအဖြစ် ရယူထားခဲ့သည့်ငွေကျပ် ၃၀၀၀၀၀၀၀ (ကျပ်သိန်းသုံးရာတိတိ) ကို ၂၂-၄-၂၀၁၅ ရက်တွင် မပျက်မကွက် ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။ ဒေါ်လဲ့လဲ့ဆွေမှ ဝန်ခံကတိပြုခဲ့သည့် အဆိုပါ ငွေကျပ် ၃၀၀၀၀၀၀၀ (ကျပ်သိန်းသုံးရာတိတိ)အား ကတိအတိုင်း ပြန်လည်ပေးအပ်ခြင်းမရှိဘဲ ကျွန်ုပ်၏မိတ်ဆွေအား အကြောင်း အမျိုးမျိုးပြ၍ ပျက်ကွက်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်လဲ့လဲ့ဆွေအနေဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ မပျက်မကွက် ဆက်သွယ်လာရောက်ပေးအပ်စေလိုပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ဒေါ်လဲ့လဲ့ဆွေမှ ပြန်လည်ပေးအပ်ခြင်းမရှိပါက တည်ဆဲတရားဥပဒေနှင့်အညီ တရားစွဲဆိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်လဲ့လဲ့ဆွေနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးနိုင်လင်းထွန်း **(LL.B)**

တရားလွှတ်တော်ရှေ့နေ

အမှတ်(ခ-၂/၄၀)၊ မဟာမြိုင်(၁)၊

မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

ဖုန်း-၀၉-၉၁၀၁၉၂၁၄၊ ၀၉-၂၅၉၀၈၁၀၇၅

# ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်




**ချောက် ဇွန် ၉**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေမှ ကြီးမှူး၍ IBTC (International Beverages Trading Co.,Ltd) မှ အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ် (ရန်ကုန်)၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်ဂေါက်ကွင်း (မင်္ဂလာဒုံ)၌ ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့ (၁၈)ကျင်းအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က IBTC ကုမ္ပဏီသို့ ဂုဏ်ပြုမှတ်တမ်းလွှာအား ပေးအပ်ချီးမြှင့်ရာ IBTC မှ အမှုဆောင်မန်နေဂျာ ဦးစောဖုန်းနိုင်က လက်ခံရယူပြီး အမှတ်တရ လက်ဆောင်ကို တပ်မတော်ဂေါက်ကွင်း (မင်္ဂလာဒုံ)မှ ကွင်းတာဝန်ခံ (ကိုယ်စား) တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထို့နောက် အပျော်တမ်းအမျိုးသမီး၊ အမျိုးသား၊ ပညာရှင်အဆင့်တို့၏ နေ့အလိုက်အကောင်းဆုံးရိုက်ချက် ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အမှုဆောင် ဦးကိုကိုလေးက ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်ဌာနကြီးမှူးဦးသန်းထွန်းက အပျော်တမ်းအဆင့်အမျိုးသမီးပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၅၄ ချက်ဖြင့် တတိယရရှိသော သင်းဝေခိုင်၊ စုစုပေါင်းရိုက်ချက် ၂၄၈ ချက်ဖြင့် ဒုတိယရရှိသော ဝင့်ဖူးနဒီအောင်၊ စုစုပေါင်းရိုက်ချက် ၂၄၃ ချက်ဖြင့် ပထမရရှိသော ခင်မာနွယ်တို့အား ဆုများကိုပေးအပ်ချီး မြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၃၀၂ ချက်ဖြင့် တတိယရရှိသော ကျော်သက်ဦး၊ စုစုပေါင်းရိုက်ချက် ၃၀၂ ချက်ဖြင့် ဒုတိယရရှိသော ဇော်ဇော်ထွန်း၊ စုစုပေါင်းရိုက်ချက် ၂၉၅ ချက်ဖြင့် ပထမရရှိသော ဇင်မင်းသူတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က Professional အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် (၂၈၇)ချက်ဖြင့် တတိယရရှိသော အောင်ဝင်း (HAN Golf Academy)၊ စုစုပေါင်း ရိုက်ချက် ၂၈၅ ချက်ဖြင့် ဒုတိယရရှိသော ဘိုဘို (Han Golf Academy) နှင့် စုစုပေါင်းရိုက်ချက် ၂၈၄ ချက်ဖြင့် ပထမရရှိသော ဇော်ဇော်လတ် (HAN Golf Academy)တို့အား ဆုများကို ပေးအပ်ချီးမြှင့်၍ International Beverages Trading Co.,Ltd (IBTC) မှ အမှုဆောင်မန်နေဂျာ ဦးစောဖုန်းနိုင်က ပထမရရှိသွားသော ဇော်ဇော်လတ် (HAN Golf Academy) အား ဆုကြေးငွေချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။

**ဖိုးသော်ဇင်**

# ချောက်မြို့တွင် အနေးယာဉ် (မြင်းလှည်း)များ လိုင်စင်သက်တမ်းတိုးပေး



**ချောက် ဇွန် ၉**

ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ချောက်မြို့တွင်းပြေးဆွဲလျက်ရှိသော အနေးယာဉ်(မြင်းလှည်း)များ လိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းအား ချောက်မြို့ အမှတ်(၁၀)ရပ်ကွက်ရှိ အေးစေတီဘုရားကွင်းအတွင်း ဇွန်လပထမပတ်အတွင်းက စတင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ မြင်းလှည်းယာဉ်များ သက်တမ်းတိုးပေးခြင်းလုပ်ငန်းအား ချောက်မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ အနေးယာဉ် (မြင်းလှည်း) ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ ပါဝင်သောအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လိုင်စင်သက်တမ်းတိုးသော အနေးယာဉ်(မြင်းလှည်း)များအား ကြံ့ခိုင်မှုရှိ-မရှိ၊ ယာဉ်မောင်း၏ ကျန်းမာရေးကောင်းမွန်မှုရှိ-မရှိ၊ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများကို သိရှိနားလည်မှုရှိ-မရှိ စသည့်အချက်များအား စစ်ဆေးခြင်းများပြုလုပ်ပြီး အနေးယာဉ်(မြင်းလှည်း) တစ်စီးအတွက် ယာဉ်ခွန်၊ ဘီးခွန်၊ မောင်းလိုင်စင်၊ နံပါတ်ပြားစသည့်စုပေါင်အခွန် ကျပ်၅၅၀၀ ပေးဆောင်စေပြီး ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် လိုင်စင်သက်တမ်းတိုးပေးခြင်းဆောင်ရွက်ပေးနေကြောင်း မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးထင်အောင်က ပြောသည်။

ယခင်နှစ်က အနေးယာဉ်(မြင်းလှည်း) ၄၂ စီး သက်တမ်းတိုးခဲ့သော်လည်း ယခုနှစ်တွင် အနေးယာဉ်(မြင်းလှည်း) ၂၂ စီးသာ လိုင်စင်သက်တမ်းတိုးခဲ့ကြောင်း ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့များတွင် ယခင်က အသုံးပြုလာခဲ့သော အနေးယာဉ်(မြင်းလှည်း) များမှာ မြို့တိုင်းတွင် ကွယ်ပျောက်လုဖြစ်နေပြီး ယင်းသို့ကွယ်ပျောက်လာရခြင်းမှာ မြို့များအလိုက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်သော ပြည်သူများသည် အနေးယာဉ် (မြင်းလှည်း) များအစား ပိုမိုမြန်ဆန်သော သုံးဘီးဆိုင်ကယ်၊ဆိုင်ကယ်ကယ်ရီများအား အစားထိုးအသုံးပြုမှုများလာကြခြင်း၊ အနေးယာဉ်(မြင်းလှည်း) သမားများမှာ တိရစ္ဆာန်အစာရှားပါးမှုကြုံတွေ့ရခြင်း၊ ရာသီဥတုပူပြင်းခြင်းများကြောင့် လွယ်ကူသက်သာသော စက်တပ်ယာဉ်များပြောင်းလဲမောင်းနှင် အသုံးပြုလာကြခြင်းများကြောင့်ဖြစ်ကြောင်း ချောက်မြို့ အနေးယာဉ်(မြင်းလှည်း) မောင်းသမားတစ်ဦး၏ပြောပြချက်အရသိရသည်။

**ကျော်ဇေယျ**

## အမည်ပြောင်း

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်နေ အဖဦးခင်မောင်၏သား ဦးတင့်ဇော်သိန်းအား ဦးသိန်းထူး[၁/မကန(နိုင်)၂၁၉၇၀၇]ဟု ပြောင်း လဲခေါ်ဆိုပါရန်။ ဦးသိန်းထူး

## အမည်မှန်

အမက(၅) မြောက်ဒဂုံ၊ တတိယတန်း(က)မှ ဦးရန်နိုင်အောင်၏ သမီး မခန့်ခန့်ကျော်၏ အမည်မှန်မှာ မချမ်းမြေ့ရတီ ဖြစ်ပါသည်။

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူထားသူက တိုက်ခန်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးမောင်မောင်(ကွယ်လွန်) CE-၀၃၇၁၅၈ (မှ) | ဦးသူရိန်ထွဋ် [၁၂/ဥကတ(နိုင်)၀၄၈၇၉၆] | တိုက်(၈)၊ အခန်း(၂၁)၊ ရွှေဂုန်ရိပ်မွန်အိမ်ရာ၊ ဗဟန်းမြို့နယ်။ |

ဌာနမှူး၊
အင်ဂျင်နီယာဌာန(အဆောက်အအုံ)

## အများသိစေရန်ကြေညာခြင်း

အောင်လံမြို့၊ ဇေယျဝတီရပ်ကွက်နေ ဒေါ်စီစီအောင်(ဘ) ဦးပိုက် [၈/မထန(နိုင်)၀၈၂၁၆၁]၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာလိုက်ပါသည်။

(ဦးပိုက်-ဒေါ်မြင့်မြင့်သန်း)တို့၏သား ကွယ်လွန်သူ(ဦးကိုကိုဦး)မှ မွေးဖွားသည့် အမွေမမီမြေး မောင်ရန်နိုင်ဦး [၈/အလန(နိုင်)၁၄၀၂၈၀]အား ၁၆-၅-၂၀၁၅ရက်တွင် ၎င်းရသင့်သော အမွေမမီမြေးဝေစုအား သက်သေများရှေ့တွင် ဒေါ်စီစီအောင်မှ ခွဲဝေပေးပြီးဖြစ်ရာ နောင်အခါတွင် မောင်ရန်နိုင်ဦးအနေဖြင့် အမွေမမီ မြေးအစုအား ထပ်မံတောင်းခံခွင့်မရှိတော့ပါ။ ထို့အပြင် ၎င်းအနေဖြင့် ဤမိသားစုနှင့် (လုံးဝ) ပတ်သက်ခြင်း မရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စီစီအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်လေး
**(B.A,HGP)**
အထက်တန်းရှေ့နေ (စဉ်-၁၈၇၂၁)
ဈေးလမ်း၊ ဇေယျဝတီရပ်၊ အောင်လံမြို့။

## ရှင်သာမဏေစမ္မဗိမာန်

**ပါမောက္ခဒေါက်တာမင်းတင်မွန်၏ အဘိဓမ္မာအထူးအသုံးချသင်တန်း**

သင်္ဂြိုဟ်ကိုးပိုင်းကို အလွယ်ဆုံး အရှင်းဆုံးနည်းဖြင့် အသုံးချမှုနှင့်တကွ သုံးလအပြီးသင်မည်၊ စာမေးပွဲ ဖြေဆိုနိုင်မည်၊ ဇွန်လ(၁၄)ရက် တနင်္ဂနွေနေ့မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းလွဲ(၁း၀၀)နာရီမှ (၄း၃၀)နာရီထိ ရှင်သာမဏေစမ္မဗိမာန်၊ ရွှေတိဂုံစေတီတော်အရှေ့ဘက်အနီး၊အာဇာနည်လမ်း ဗဟန်းမြို့နယ်တွင် စိတ်ဝင်စားဖွယ် အကောင်းဆုံး, အဖိုးတန်ဆုံး ပညာကို အားတက်သရော သင်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။ ဖုန်း ၃၈၇၃၆၁

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးဇော်ဝင်း[၁၂/ဗဟန(နိုင်)၀၈၃၄၉၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းသတိပေးကြေညာအပ်ပါသည်။
မှတ်ပုံတင်စာချုပ်အမှတ်-၄/၃၁၃၂/၂၀၁၅

အထက်ဖော်ပြပါ "Secret Garden" ကုန်တံဆိပ်အမည်အမှတ်အသားကို ဦးဇော်ဝင်း [၁၂/ဗဟန(နိုင်)၀၈၃၄၉၁]မှ ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၄/၃၁၃၂/၂၀၁၅ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ကုန်အမှတ် တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း Aesthetic Medical Centre & Skin Clinic များ ဖွင့်လှစ်၍ အလှအပနှင့် အသားအရေဆိုင်ရာ ပြုပြင်ထိန်းသိမ်းခြင်းဝန်ဆောင်မှုများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ထုတ်ပြန် ထားသောလုပ်ထုံးလုပ်နည်းအမိန့်ညွှန်ကြားချက်များနှင့် အညီလုပ်ကိုင်ဆောင်ရွက်ရာ၌ အထက်ပါ "Secret Garden" ပုံဖော်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းများ၌ အသုံးပြုသော စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ ကြော်ငြာ၊ တံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်း၊ အင်တာနက်၊ ဝက်ဘ်ဆိုက်အစရှိသည်တို့ အပေါ်တွင်လည်း ဖော်ပြပါ "Secret Garden" ပုံဖော်အမှတ်တံဆိပ်အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ကပ်နှိပ်၊ ဖိနှိပ်၊ ရိုက်နှိပ်၍အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန်သော်လည်းကောင်း တုပသုံးစွဲခြင်း မပြုလုပ်ကြရန်နှင့် ပြုလုပ်သူ မည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးချန္ဒရာ
**B.Sc(Phy;),H.G.P,M.A(Business Law),D.B.L,D.M.L, D.I.L, D.B.S, D.A.Psy,D.A.E,Post Graduate Diploma in Law(1st Batch)**
အထက်တန်းရှေ့နေနှင့် ဥပဒေအကြံပေး(စဉ်-၁၈၅၆၆/၉၀)
အမှတ်-၅၀(ပ)ထပ်၊ အခန်း(ဗီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၆၁၃၇၈၊ ၀၉-၂၅၁၁၇၂၉၂၁

## အမည်မှန်

ဖခင် ဦးသန်းဝေ[၁၂/ထတပ(နိုင်)၀၇၃၄၉၂]၏ သားဖြစ်သူ မောင်အိန်လင်းစံ (တတိယတန်း)၏ အမည်မှန်မှာ မောင်အိမ်လင်းစံဖြစ်ပါကြောင်း။
မောင်အိမ်လင်းစံ

## မြန်မာ့မိသားစု အိမ်၊ခြံ၊မြေ မှရောင်း/ငှားမည်

| | | | |
|---|---|---|---|
| 1.ဗဟိုရိပ်သာ၊ဗတ | (2740Sqft)ဘိုးဘွား | မြေ | 12500L |
| 2.မဉ္ဇူလမ်း၊ရကတ | (0.115ဧက)ဂရန် | မြေ | 12000L |
| 3.ငွေကြာယံ၊တ/ဥ | (40×60)ဂရန် | BN1 | 4650L |
| 4.ရန်ကုန်စက်မှုဇုန် | (5.5ဧက)နေရာကောင်း | မြေ | 1ဧက-4000L |
| 5.အောင်သိဒ္ဓိရိပ်သာ၊မရက | (30×80)ဘိုးဘွား | RC1 | 3900L |
| 6.အဝေရာလမ်း၊အင်းစိန် | (50×60)ဘိုးဘွား | BN1 | 3300L |
| 7.မင်္ဂလာဒုံဥယျာဉ်အိမ်ရာ | (100×100)ပါမစ် | မြေ | 3200L |
| 8.ကုန်းမြင့်ရိပ်သာ၊မရက | (30×50)ဂရန်,ဆုတ်ခတ် | မြေ | 2700L |
| 9.ဦးဘဝင်းလမ်း၊မ/ဒဂုံ | (40×60)ဂရန်,ဆုတ်ခတ် | မြေ | 890L |
| 10.အာရှတော်ဝင်အနီး၊စခ | (93×240) | BN2 | 120L |
| 11.ရေတာရှည်လမ်းမ၊ဗတ | (65×100)လုပ်ငန်းလတ်ခံ | BN1 | 60L |
| 12.ဘောက်ထော်လမ်းကျယ် | (40×75)M3,S1,AC5 | RC2 | 35L |
| 13.ပါရမီလမ်းမ၊မရက | (55×90)Hall | RC1 | 35L |
| 14.မောရဝတီလမ်း၊မရက | (80×80)M3,S1,Ph,AC6 | RC2 | $-3500 |
| 15.ဝေဇယန္တာလမ်းမ၊သဃက | (40×75) | မြေ | 30L |
| 16.ရတနာလမ်းမ၊တ/ဥ | (41×78)M1,Ph,လုပ်ငန်းရ | BN2 | 25L |
| 17.ကမ်းနားလမ်းမ၊ကမတ | (25×80)လုပ်ငန်းကောင်း | RC1½ | 20L |
| 18.ငွေဝတ်မှုန်ရိပ်သာ၊ဗတ | (50×50)S2 | BN2 | 13L |
| 19.မြယမုံအိမ်ရာ၊သဃက | (40×60)M3,S1,AC1 | RC2 | 8.5L |
| 20.ရွှေတိဂုံဘုရားလမ်း၊ဒဂုံ | (15×55)လုပ်ငန်းကောင်း | GF+1F | 4500L |
| 21.LandMark Condo၊ဗတ | (1600sqft)M1,S2 | | 2200L |
| 22.ရေကျော်ဈေးအနီး၊ပဇတ | (15×60)လုပ်ငန်းကောင်း | GF | 1250L |

☎- 0973161672, 0973494343, 0973054542

မြို့နယ်စုံရှိ လုံးချင်း၊မြေ၊တိုက်ခန်းများကို အပ်နှံရန်ဖိတ်ခေါ်ပါသည်။

# သတ်မှတ်ဂိတ်ထိတိုင်မောင်းနှင်ခြင်းမရှိသောခရီးသည်တင်ယာဉ်များအားအရေးယူမည်

**ရန်ကုန် ဇွန် ၉**

ဒဂုံတက္ကသိုလ်-ဆူးလေပြေးဆွဲနေကြသည့် ဘီအမ်ခရီးသည်တင်ယာဉ်လိုင်းများမှာ ဆူးလေမှဒဂုံတက္ကသိုလ်ထိကို သတ်မှတ်ဂိတ်ဆုံးသည့်တိုင် ယာဉ်မောင်းနှင်ခြင်းမရှိကြတော့၍ ခရီးသည်များနှင့်အတူ လက်ရှိကျောင်းတက်နေကြသည့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ အခက်အခဲဖြစ်နေကြရသောကြောင့် မ. ထ. သ (ဗဟို)မှ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

မ. ထ. သ(ဗဟို) မှ ဥက္ကဋ္ဌ ဦးလှအောင်က "ဂိတ်စဆုံး မမောင်းကြတာလည်း ယာဉ်ကြောကြပ်တည်းမှုပြဿနာမှာ သက်ရောက်နေပါတယ်။ ယာဉ်မောင်းတွေအတွက် ခေါက်ရေနည်းသွားသလို ခရီးသည်တွေအတွက်လည်း အခက်အခဲဖြစ်ရပါတယ်။ ဒါကြောင့် ဒီရက်ပိုင်းအတွင်း ဥက္ကလာခုနှစ်ဆူဘုရားအနီးမှာ အထူးစစ်ဆေးအဖွဲ့တွေ ပိတ်ချထားပြီး ဂိတ်ဆုံးထိမမောင်းနှင်ကြတဲ့ယာဉ်တွေကို စောင့်ဖမ်းမယ်။

'ဒီ ၂၃၅၊ ၂၄၅၊ ၂၅၅ ဘီအမ်ယာဉ်တွေကိုလည်း သတ်မှတ်လမ်းကြောင်းမမောင်းခြင်း၊ လိုင်စင်နှင့် မောင်းနှင်သူများမဟုတ်ခြင်းဆိုတဲ့ အချက်ကြောင့် လက်ရှိ ကျွန်တော်တို့စောင့်ဖမ်းအရေးယူနေတဲ့အဖွဲ့ တစ်ဖွဲ့လည်း ရှိနေပါတယ်။ လက်ရှိလည်းအရေးယူနေပါတယ်။ ဒီဒဂုံတက္ကသိုလ်ထိကို သတ်မှတ်လမ်းကြောင်းအတိုင်း မမောင်းနှင်ခြင်းအတွက်လည်း ၁၃၈ ချက်က သတ်မှတ်ထားတဲ့အတိုင်း အရေးယူဆောင်ရွက်တော့မှာပါ" ဟု ပြောကြားခဲ့သည်။

"အခုဘုရားအနီးမှာတာဝန်ကျရှိနေတဲ့အဖွဲ့ ကျတော့ ကျွန်တော်တို့ တာဝန်ပေးထားတာက မီးပွိုင့်ကိုထိန်း၊ မှတ်တိုင်မှာရပ်ဆိုပြီး တာဝန်နှစ်ရပ်ပေးထားတာပါ။ အဲဒီတော့ ယာဉ်လိုင်းသဘောသဘာဝအရ တခြားယာဉ်လိုင်းကပြောတာကို နားမထောင်တာလည်းဖြစ်ချင်ဖြစ်မယ်။ အဲဒီတော့ ဒီ ၂၃၅၊ ၂၄၅၊ ၂၅၅ ယာဉ်လိုင်းတွေက တာဝန်ရှိသူတွေကို ချထားပေးပြီး အရေးယူဆောင်ရွက်တော့မှာပါ" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လက်ရှိ သံသုမာလမ်းဆုံအနီး လမ်းပြုပြင်နေမှုများရှိနေခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်နေခြင်းဖြစ်ပြီး ဘီအမ်ခရီးသည်တင်ယာဉ်များမှ တောင်ဥက္ကလာပဘုရားအနီးနှင့် ဘေလီမှတ်တိုင်အနီးတို့မှ မြို့တွင်းဘက်ခြမ်းသို့ ပြန်လှည့်ချိုးကွေ့ မောင်းနှင်နေကြခြင်းဖြစ်ရာ ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် စည်းကမ်းပျက်ဘီအမ်ခရီးသည်တင်ယာဉ်များအား စနစ်တကျ ကိုင်တွယ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မ. ထ. သ(ဗဟို) မှ သိရသည်။

**စိုးဝင်း**

## မန္တလေးတွင် ဥပဒေအထောက်အကူပြု ဥပဒေ (မူကြမ်း) အလုပ်ရုံဆွေးနွေး

**မန္တလေး ဇွန် ၉**

Myanmar Legal Aid Network မှ ကြီးမှူး၍ ဥပဒေအထောက်အကူပြုဥပဒေ (မူကြမ်း) အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၆ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၅၃ လမ်း ၃၈ လမ်းနှင့် ၃၉ လမ်းကြားရှိ ရွှေရဲမွန်ဟိုတယ် ပဥ္စမထပ်ရှိ အစည်းအဝေးခန်းမတွင်ကျင်းပရာ မန္တလေးမြို့ရှိ နိုင်ငံရေးပါတီများ၊ ဥပဒေပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဥပဒေအထောက်အကူပြုကွန်ရက်ဥက္ကဋ္ဌ တရားလွှတ်တော်ချုပ်ရှေ့နေ ဦးလှကိုက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဥပဒေအထောက်အကူပြုကွန်ရက် စီမံအုပ်ချုပ်အဖွဲ့ခေါင်းဆောင် ဦးကျော်မြင့်က ဥပဒေအထောက်အကူပြုဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ဥပဒေပညာရှင် ဦးမျိုးဆွေ၊ တရားလွှတ်တော်ချုပ်ရှေ့နေ ဦးခင်မောင်သန်း၊ အထက်တန်းရှေ့နေ ဦးသောင်းညွှန့်နှင့် တက်ရောက်လာသောပုဂ္ဂိုလ်များမှ ဥပဒေအထောက်အကူပြုဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ အခန်းလိုက် အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မောင်ပြည်သူ**

## ကချင်ပြည်နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် ၃၁ ဒသမ ၆၃ ရာခိုင်နှုန်းရှိ

**မြစ်ကြီးနား ဇွန် ၉**

ကချင်ပြည်နယ်အတွင်း ၂၀၁၄-၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၅၇၅၇ ဦး ဖြေဆိုကြရာ အောင်မြင်သူစုစုပေါင်း ၈၁၄၈ ဦးရှိပြီး ကချင်ပြည်နယ်တစ်ပြည်နယ်လုံး အောင်ချက်ရာခိုင်နှုန်းမှာ ၃၁ ဒသမ ၆၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မြစ်ကြီးနားမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၇၆၂၀ ဦး ဖြေဆိုခဲ့ကြပြီး အောင်မြင်သူစုစုပေါင်း ၂၃၁၆ ဦးရှိရာ အောင်ချက်ရာနှုန်း ၃၀ ဒသမ ၃၉ ရှိကြောင်း သိရသည်။

**စိန်ဝင်း(ပြန်/ဆက်)**

## ပညာဒါန(ပရဟိတ)အခမဲ့ ဘော်ဒါ တက္ကသိုလ်ဝင်တန်းအောင်မြင်မှု ၈၁ ရာခိုင်နှုန်းကျော်ရှိ

**မကွေး ဇွန် ၉**

မကွေးတိုင်းဒေသကြီး မကွေးမြို့ လေးထပ်ကျောင်းဝင်းအတွင်း၌ ဦးစီးပဓာနနာယကဆရာတော် ဦးဇဝန၊ ဆရာတော် ဦးကုဏ္ဍလ၊ ဦးပညိသာရတို့ဦးစီး၍ ၂၀၀၉-၂၀၁၀ ခုနှစ် ပညာသင်နှစ်မှစတင်ကာ ဆင်းရဲနွမ်းပါးမိသားစုများ၏သားသမီးများ ပညာရေးပြည့်စုံစွာ သင်ကြားနိုင်စေရန် ပညာဒါန(ပရဟိတ)ပြုပညာသင်ကြားပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ခုနှစ် ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်မှုမှာ ၈၁ ဒသမ ၆ ရာခိုင်နှုန်းအထိ အောင်မြင်ခဲ့ကြောင်း သိရသည်။

အဆိုပါဈေးလယ်စိုးရပ် ပရဟိတကျောင်းတွင် တက္ကသိုလ်ဝင်တန်းတက်မည့် ကျောင်းသား၊ ကျောင်းသူများကို နှစ်စဉ် ဧပြီလမှစတင်၍ အရည်အချင်းစစ်စာမေးပွဲဖြေဆိုစေပြီး အရည်အချင်းအောင် ကျောင်းသား၊ ကျောင်းသူများအား ဆရာတော်ဦးဇဝန၊ ဦးဇင်းကျော်(ခ)ဦးကုဏ္ဍလနှင့် ဦးပညိသာရတို့မှဦးစီး၍ တက္ကသိုလ်ကျောင်းမှ ဆရာ၊ ဆရာမများ၊ ဆေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ ဆေးကျောင်းသားများနှင့် အထက်တန်းပြ ဆရာ၊ ဆရာမများက မည့်သည့်အခကြေးငွေမှ မယူဘဲ မေတ္တာ၊ စေတနာအပြည့်အဝဖြင့် ပညာဒါနပြုသင်ကြားပေးခဲ့ကြသည်။

ယင်းဈေးလယ်စိုးရပ် ပညာဒါန ပရဟိတကျောင်းတွင် ၂၀၁၄-၂၀၁၅ ခုနှစ် ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူ ၁၂၅ ယောက်ဖြေဆိုရာ ၁၀၂ ယောက် အောင်မြင်ခဲ့ကြောင်း သိရသည်။

"ယခုနှစ် အောင်စာရင်းက တကယ်အားရမိတယ်။ မိဘတိုင်းလည်း စိတ်ချမ်းသာကြတယ်။ ဂုဏ်ထူးများလည်း ဝေဝေဆာဆာထွက်ရှိပါတယ်။ ငါးဘာသာဂုဏ်ထူးရှင်တစ်ယောက်၊ လေးဘာသာဂုဏ်ထူးရှင်တစ်ယောက်၊ သုံးဘာသာဂုဏ်ထူးရှင်လေးယောက်၊ နှစ်ဘာသာဂုဏ်ထူးရှင်နှစ်ယောက်အပြင် တစ်ဘာသာဂုဏ်ထူးရှင် ၁၁ ယောက်နဲ့ ရိုးရိုးအောင် ၈၄ ယောက် အောင်မြင်တယ်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် အရည်အချင်းအောင် ကျောင်းသား၊ ကျောင်းသူရှစ်ဆယ် ရွေးထုတ်သင်ကြားပေးနေပြီဖြစ်ပြီး နောက်ထပ်နှစ်ကျ ကျောင်းသား၊ ကျောင်းသူ ၆၅ ယောက်ခန့် ထပ်မံဖြည်းဆည်းပြီး ပညာဒါနပြုပေးနေရာ ယခုပညာသင်နှစ်အတွက် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၄၅ ယောက်ခန့် လက်ခံသင်ကြားပေးသွားမှာဖြစ်တယ်။ ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးအတွက် ဆရာဝန်များက အနီးကပ်စောင့်ရှောက်ပေးထားကြပါတယ်။ ကျောင်းသား၊ ကျောင်းသူများရဲ့ နေရေး၊ ထိုင်ရေး၊ ကျန်းမာရေးကအစ ဦးဇင်းတို့ရဲ့ သားသမီးများသဖွယ် နေ့စဉ်ကြီးကြပ်စောင့်ရှောက်ပေးထားပါတယ်" ဟု နာယကဆရာတော် ဦးဇဝနက မိန့်ကြားသည်။

**ဇွဲထက်ရှင်**




MYANMAR HUMAN RESOURCES DEVELOPMENT CENTER မှ

အထူးအခွင့်အရေးကောင်းသင်တန်း!!!

ဂျပန်နိုင်ငံတွင်သွားရောက်အလုပ်လုပ်ကိုင်ချင်သူများအတွက်

ဂျပန်နိုင်ငံရှိ ကုမ္ပဏီ၊လုပ်ငန်းကြီးများ မှ လုပ်ငန်းရှင်များသည်မိမိတို့ ကုမ္ပဏီတွင် အလုပ်လုပ်ကိုင်ချင်သူများနှင့်လူတွေ့ မေးမြန်းရန်လာရောက်မည်ဖြစ်သည်။ အလုပ်လုပ်ကိုင်ရန် Interview ဖြေဆိုချင်သူများနှင့်Interview ဖြေဆိုချင်သော်လည်းအလုပ်တဖက်ဖြင့် မအားလပ်သောသူများ၊ ရုံးချိန်လွတ်ပြင်ပတန်းခွဲ တက်ချင်သူများအတွက် တန်းခွဲသစ်များဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများဆက်သွယ်နိုင်ပါသည်။

သင်တန်းချိန်ကာလ - ၃လ (၇လပိုင်း ၁ရက်နေ့ မှစ၍)

သင်တန်းချိန် - Monday to Friday ( 6:00 pm~ )

Saturday/Sunday * သင်တန်းချိန်ညှိနိုင်း

***အနည်းဆုံးပညာအရည်အချင်း အလယ်တန်းအဆင့်နှင့်အထက်ရှိရမည်***

အမှတ် ၅၂၊၂လွှာ၊ရန်ကုန်-အင်းစိန်လမ်းမ၊လှည်းတန်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်။

မေးမြန်းစုံစမ်းရန်ဖုန်း -09-2540-44752, 09-799-233-986

## အများသိစေရန်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ (၄၆)လမ်း၊ အိမ်အမှတ်(၁၅၁)၊ ပထမထပ်နှင့် ဒုတိယထပ်(ဒုတိယနှင့် တတိယလွှာ)တို့သည် ကွယ်လွန်သူ ဒေါ်နီနီတိုး အမည်ပေါက် ပိုင်ဆိုင်ခဲ့ပြီး ဒေါ်နီနီတိုး ကွယ်လွန်ပြီးနောက် မြန်မာ၊ ဗုဒ္ဓဘာသာလေ့ထုံးတမ်းဥပဒေအရ ခင်ပွန်းဖြစ်သူ ကျွန်ုပ် ဦးကျော်စိန်က လက်ရှိ၊ လက်ရောက်ပိုင်ဆိုင်သူဖြစ်ပါသဖြင့် အဆိုပါအခန်းများကို ကျွန်ုပ်၏ အတိအလင်း သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လဲလှယ်၊ ပေးကမ်းခြင်းစသည့် မည်သည့်နည်းဖြင့်မျှ ပြုလုပ်ခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်စိန်
[၁၂/ဗတထ(နိုင်)၀၃၀၆၄၇]

## သွေးသည်အသက်

ဝန်ထမ်းအလိုရှိသည်။

1. Marketing Assistant (2) Posts
- အနိမ့်ဆုံးပညာအရည်အချင်း (၁၀)တန်းအောင် ဖြစ်ရမည်။
- အတွေ့အကြုံမရှိသူများလည်း လျှောက်ထားနိုင်သည်။
- လစာ (၁)သိန်းပေးမည်။ Training ပေးမည်။
- ကော်မရှင်နှင့် အခြားခံစားခွင့်ပေးမည်။

2. Driver (2) Posts
- လိုင်စင်နှင့် လုပ်သက်အနည်းဆုံး (၃) နှစ်ရှိရမည်။
- လစာ (၂)သိန်းနှင့်အထက်ပေးမည်။

3. Security (လုံခြုံရေးဝန်ထမ်း) (5) Posts
- အနိမ့်ဆုံးပညာအရည်အချင်း အလယ်တန်းရှိရမည်။
- မှတ်ပုံတင်ရှိရမည်။
- နေ့ နှင့်ည အချိန်မရွေး အလုပ်ဆင်းနိုင်ရမည်။
- လစာ (၁)သိန်း နှစ်သောင်း ပေးမည်။ Training ပေးမည်။

*အလုပ်ချိန်အတွင်း ဆေးလိပ်၊ ကွမ်းယာ၊ အရက် ကင်းရှင်းသူဖြစ်ရမည်။

အမှတ်(၁၈၃)၊ ခိုင်ရွှေဝါ(ဗဟိုလမ်း)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

အသေးစိတ်သိလိုပါက ဖုန်း-၀၉ ၄၃၁၅၃၅၃၁၊ ၀၉ ၄၃၁၅၃၅၃၂၊ ၀၉ ၉၇၇၁၂၁၂၁၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

